# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၀)




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ **Japan Myanmar Parliamentary Friendship Association** ဥက္ကဋ္ဌ **Mr. Ichiro Aisawa** တို့ တတိယအကြိမ် မြန်မာ-ဂျပန် ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-သန်းစိုး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာ - ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုး

**ရန်ကုန် ဇန်နဝါရီ ၂၇**

တတိယအကြိမ်မြောက် မြန်မာ-ဂျပန် ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး၊ အမိမြန်မာပြည်ရုပ်တုခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားရာ၌ တတိယအကြိမ်မြောက် မြန်မာ-ဂျပန် ချစ်ကြည်ရေးချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ကျင်းပနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းအားဖြင့် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုနှင့် နွေးထွေးသော သံတမန်ဆက်ဆံရေးကို ပိုမိုခိုင်မာစေလျက် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်းနှင့် ပြည်သူအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံရေး ပိုမိုချောမွေ့လာမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး ဂျပန်နိုင်ငံမှ ပျိုးယူခဲ့သော ချယ်ရီပင် ၁၀၀ အား နေပြည်တော် ဇဝနလမ်းအနီး လွှတ်တော်သွားရာလမ်းတစ်လျှောက်တွင် ဂျပန်-မြန်မာ မိတ်ဆွေများနှင့် အတူတကွ ပျော်ရွှင်စွာ စိုက်ပျိုးခဲ့ပါကြောင်း။

ဒုတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ တွင် ကျင်းပခဲ့ပြီး ချယ်ရီပန်းပင် ၂၀၀ ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၁ အနီးနှင့် လွှတ်တော်သို့သွားရာ ဇဝနလမ်းတစ်လျှောက် ဗိုလ်ရှုသဘင်အဆောက်အအုံအနီးတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံမှ ဧည့်သည်တော်များ


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**မန္တလေးတိုင်းဒေသကြီးအတွင်း ၁၃ မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ** စာ - ၄

**Lancang - Mekong Cultural Exchange Youth Camp သို့ တက်ရောက်ရန် နိုင်ငံခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ မန္တလေးမြို့သို့ ရောက်ရှိ** စာ - ၈

**အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြားပြီး အကြံပြုဆွေးနွေး** စာ - ၁၂

**အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မည့် ကုလအရာရှိများ ယီမင်သို့ ရောက်ရှိ** စာ - ၁၄



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မြန်မာ့အနာဂတ်ခရီးနှင့် ဂိုဏ်းဂဏ ဝါဒအစွဲ

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်လှည့်ကြည့်လျှင် ဂိုဏ်းဂဏနှင့် အာဃာတကြီးမားမှုက ချန်ရစ်သည့် ဒုက္ခအပုံအပင်ကြီးကို အမွေဆိုးများအဖြစ် ထင်ထင်ရှားရှား မြင်တွေ့ရပါမည်။ သည်နေ့နိုင်ငံတွင်းမှာ ကြုံတွေ့နေရသည့် ဆင်းရဲမွဲတေမှု၊ မဖွံ့ဖြိုးမတိုးတက်မှု၊ အကျင့်စာရိတ္တ လျော့ရဲပျက်စီးလာမှု၊ လူထုပညာရေး လူထုကျန်းမာရေး အဆင့်အတန်း နိမ့်ကျမှု အစရှိသည်တို့၏ အရင်းအမြစ်မှာ ညီညွတ်ရေးပျက်ယွင်းမှု၊ ဂိုဏ်းဂဏကြီးမှု၊ အာဃာတကြီးမှုတို့ကြောင့် ဖြစ်သည်ကို တွေ့ရပါမည်။

ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးသည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် ပထမဆုံးစနစ်တကျဖွဲ့စည်းပေါ်ပေါက်လာသည့် နိုင်ငံရေးအဖွဲ့ကြီး။ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ကို အင်္ဂလိပ်အစိုးရက တင်ပေးသပ်သျှို လိုက်သည်နှင့် ယင်းအဖွဲ့ချုပ်ကြီး ကွဲခဲ့ရသည်။ အဓိက အကြောင်းက ဂိုဏ်းဂဏကြောင့် ဖြစ်သည်။

ဂဠုန်ဦးစောတို့၏ နိုင်ငံတော် လုပ်ကြံမှုကြီးသည်လည်း ဂိုဏ်းဂဏကြောင့်ပဲဟု ဆိုရပါမည်။ မြန်မာနိုင်ငံ၏ အားအကိုးရဆုံးသော သစ္စာအရှိဆုံးသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ မြန်မာပြည်သူလူထုအတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီး။

လောကအမြင်၊ ဘဝဒဿန၊ ယုံကြည်မှုဆိုင်ရာ အတွေးအယူ၊ နိုင်ငံရေးအယူအဆနှင့် ဝါဒရေးရာ၊ စီးပွားရေးသဘောထားနှင့် ကိုယ်ရည်ကိုယ်သွေး စသည်တို့တွင် ငါမှငါဟူသည့် အစွဲအလမ်း ကြီးလွန်းခြင်းမှ အခြေခံကာ ဂိုဏ်းဂဏဝါဒစတင်သည်။ မိမိယုံကြည်သည်ကမှ အမှန်တရား၊ မိမိနှင့် မတူသူများကိုရန်သူဟု သဘောထားသည့် အစွန်းရောက်လာသော အမြင်နှင့် ရှုမြင်သုံးသပ်ချက်တို့ကအစပြုကာ အုပ်စုဖွဲ့ကြသည်။

ကိုယ့်အယူအဆကိုမှ မှန်သည်ဟု ယတိပြတ်ဆုံးဖြတ်ထားပြီး မတူကွဲပြားမှုကို လက်ခံနားထောင်လိုစိတ်မရှိ၊ ဆွေးနွေးညှိနှိုင်းလိုစိတ် မရှိသည့်အခါ ခွဲခြားရေး၊ ကွဲပြားရေးကိုသာ ဦးတည်လာခြင်း ဖြစ်သည်။

သမိုင်းသင်ခန်းစာများကို အလေးတယူမပြု၊ အချက်အလက်များကို ဂရုမစိုက်၊ လက်တွေ့ရင်ဆိုင်ရမည်တို့ကို အလေးမထား၊ ပြည်သူအများစု၏ အမြင်နှင့် အသံကို စဉ်းစားနားထောင်ရန် ဝန်လေးလာခြင်း ဖြစ်သည်။ ကိုယ်ပဲ ကြီးကျယ်လိုသည်။ ကိုယ့်အဖွဲ့ကပဲ ခေါင်းဆောင်ချင်သည်။ ကိုယ့်အင်အားစုများသာ ဩဇာတက်လိုသည်။ ပြည်သူအများစုက ဘာပဲတောင်းဆိုသည်ဖြစ်စေ ကိုယ်ထင်ရာ ကိုယ်စိုင်းကြခြင်းဖြစ်သည်။

တွေ့ကြဆုံကြ ဆွေးနွေးညှိနှိုင်းကြဆိုသည့်အလုပ်မျိုးကို မယုံကြည်လိုသူများဖြစ်သည်။

ယင်းသို့ ဂိုဏ်းဂဏကြီးသူများက အာဃာတလည်း ကြီးတတ်ကြသည်။ မိမိနှင့်မတူသူဆိုလျှင် ခွင့်လွှတ်လိုစိတ်မရှိသူများ။ ခွင့်လွှတ်လိုစိတ်မဆိုထားနှင့် တွေ့ဆုံဆွေးနွေးလိုစိတ်ပင် မရှိသူများ။ သည်လိုနှင့် ငါတကော အထပ်ထပ် ကောရင်း ဘယ်လောက် မတရားသည်ဖြစ်စေ ဘယ်လောက် ရက်စက်ကြမ်းကြုတ်ရာ ရောက်သည်ဖြစ်စေ ကိုယ့်အာဏာစက် ကြီးထွားလျှင် ပြီးစတမ်းလုပ်ရင်း ကိုယ့်အုပ်စုကို အင်အားတိုးပွားလာရေးကိုသာဂရုစိုက်တော့သည်။ မည်သူ့ကိုမှ လိုက်လျောဖို့ မစဉ်းစား။ မည်သူနှင့်မှ ညှိနှိုင်းစေ့စပ်လိုခြင်းမရှိ။

ဆွေးနွေးညှိနှိုင်းစေ့စပ်ခြင်းဆိုသည်က ဟန်ဆောင်လုပ်လို့ရသည် မဟုတ်။ အထက်ပါ သမိုင်းသင်ခန်းစာများကို အခြေခံပြီး ယနေ့ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်ထားကြသူများအားလုံးသည် မြန်မာ့အနာဂတ်ရေးအတွက် ခွင့်လွှတ်မှုစာနာနားလည်မှု သဘောထားကြီးမှုများကို အခြေတည်၍ ညီညွတ်ရေးကို တည်ဆောက်ကြရမည်ဟု ယုံကြည်ပါသည်။

သည်လို ဂိုဏ်းဂဏမပါ အာဃာတကင်းကင်း ရင့်ကျက်သော စိတ်သဘောထားတို့ဖြင့် ညီညွတ်ရေးတည်ဆောက်ကြမှသာ စစ်မှန်သော ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ချီတက်နိုင်ကြမည် မဟုတ်ပါလား။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံး ညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## ပုဏ္ဏားကျွန်း၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၇**

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြပွဲ၊ ပြိုင်ပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးလှဘော်သူက ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဦးရာဇ်ရွှေမြေ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်းကို အသိချင်းဖလှယ်ကာ အပြန်အလှန်ပြောကြားခဲ့ကြကြောင်း သိရသည်။

**နီထွန်းအောင် (ပြန်/ဆက်)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူပွဲအခမ်းအနား၌ တိုင်းရင်းသားရိုးရာအကများ ပါဝင်မည်

**မိုးကောင်း ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူပွဲအခမ်းအနား၌ တိုင်းရင်းသားအကများ၊ ဌာနဆိုင်ရာပြခန်းများ ခင်းကျင်းပြသမည်ဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယမန်နေ့က ပြုလုပ်သည့် အထိမ်းအမှတ်ဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဖျော်ဖြေရေးဆိုင်ရာဆပ်ကော်မတီနှင့် ပြခန်းများဆိုင်ရာဆပ်ကော်မတီတို့ တင်ပြချက်အရ သိရသည်။

"မိုးကောင်းမြို့ပေါ်က ရှမ်းကြီးအကအဖွဲ့၊ နတ်ကြီးကုန်းရပ်ကွက်က ရှမ်းနီ၊ ခမ်းတီးအဖွဲ့က ကျခွပ်အက၊ တိုင်းရင်းသား ရိုးရာအကတွေ၊ ကချင်ရိုးရာအဖွဲ့ရဲ့ထောင်ကာအက၊ အမကအလယ်ရပ်က တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ကျောင်းသား ကျောင်းသူလေးတွေအက၊ အထက(ခွဲ)ကျွန်းတောရဲ့ ပုဂံအက၊ အထက(၁)မိုးကောင်း ကျောင်းသားကျောင်းသူလေးတွေရဲ့ကရင်အကတွေနဲ့ ပြည်ထောင်စုနေ့မှာ ဖျော်ဖြေမှာဖြစ်တယ်" ဟု မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးနွယ်က ပြောသည်။

ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူပွဲအခမ်းအနားတွင်လည်း ပင်းဘောကျေးရွာမှ တိုင်းရင်းသားပေါင်းစုံအက၊ ကညင်မြိုင်ကျေးရွာမှ ရှမ်းနီအက၊ မိုးကောင်းမြို့ပေါ်မှ ရှမ်းကြီးအက၊ ခမ်းတီးလူမျိုးများ၏ ကျခွပ်အက၊ ကချင်တိုင်းရင်းသားများ၏ ထောင်ကာအက၊ ဂေါ်ရခါးအဖွဲ့၏ ရိုးရာအကများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ပြခန်းစုစုပေါင်း ၁၁ ခန်း၊ ပညာရေးမှ နှစ်ခန်း လျာထားကြောင်း၊ အခမ်းအနားတွင် စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်၊ ကျပန်း၊ ဆောင်းပါး၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း ပြောပြိုင်ပွဲများလည်း ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

## (၃၂) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ဝါသနာရှင်ပြည်သူ ၂၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဇန်နဝါရီ ၂၇**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိရာ (၃၂) ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ယနေ့နံနက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင်နှင့် ဦးငြိမ်းသစ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှစက်ဘီး အားကစားသမားများ၊ အား/ကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသား ကျောင်းသူများ သက်ကြီး



သက်လတ် သက်ငယ် စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများ စုပေါင်း စက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသူများသည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

စုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း ၆၂လမ်းသို့ ထိုမှသိပ္ပံလမ်းအတိုင်း ၇၈ လမ်းမှ ကျုံး တောင်ဘက် ၂၆လမ်း တာလွှတ်စုရပ် နေရာအထိ မြို့တွင်းတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ် ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး ဆင်နွှဲပါဝင်ကြသည့် စက်ဘီးစီးအားကစားမောင်မယ်ဝါသနာရှင် ပြည်သူများအား စေတနာရှင်များက Royal-D အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို လစဉ်လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

❖ ရှေ့စာမှ

အတူတကွ စိုက်ပျိုးခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုရှိသည့် ချင်းပြည်နယ်တွင် ချယ်ရီပင် ၁၂၅၀၊ မိုးကုတ်၊ ပြင်ဦးလွင်နှင့် ကလော၊ အင်းလေးဒေသတို့တွင် ချယ်ရီပင် ၈၀၀ စိုက်ပျိုးခဲ့သည်ကို သိရှိရပါကြောင်း၊ ယခုတတိယအကြိမ်တွင်လည်း မြန်မာနိုင်ငံချယ်ရီဖောင်ဒေးရှင်းနှင့် ဂျပန်ယူကိုဆာကူယာ ချစ်ကြည်ရေးအသင်းတို့မှ လှူဒါန်းပေးမည့် ချယ်ရီပင်များနှင့် နေပယ်ထရီး ၃၉၀၀ ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်မြို့နှင့် မိုးကုတ်မြို့တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

မြန်မာ့ရာသီဥတုနှင့် ကိုက်ညီသောမျိုးရိုးဗီဇပြုပြင်ထားသည့် ဆာကူယာချယ်ရီပင်များဖြစ်ပြီး ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသို့ လာရောက်သော ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသော ဒေသများအဖြစ် ကြိုးပမ်းနေချိန်တွင် တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံသည် ချယ်ရီပန်းပင်များဖြင့် ဆွဲဆောင်မှုရှိသည်ဟူသော သတင်းစကားကို ကမ္ဘာ့အရပ်ရပ်ရှိ ခရီးသွားဧည့်သည်တို့ထံ ဖြန့်ဝေနိုင်လိမ့်မည်ဟု ယုံကြည့်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ထွက်မှုသည် အတော်အသင့်တိုးတက်မှု ရှိလာပြီဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် ၃ ဒသမ ၄၄ သန်းရှိခဲ့၍ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၅၅ သန်း ဝင်ရောက်ခဲ့ရာ တိုးတက်မှုနှုန်းသည် ၃ ဒသမ ၁၅ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ဧည့်သည်ပိုမိုဝင်ရောက်ရန် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဧည့်သည်များကို ပိုမိုဖိတ်ခေါ်နိုင်စေရန် ရည်ရွယ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ နိုင်ငံသားများကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ နှစ်နှစ်စာ ကာလအတွက် ဗီဇာကင်းလွတ်ခွင့်ကို ပြုခဲ့ပြီး လေကြောင်းခရီးမှ လာရောက်သော တရုတ်နိုင်ငံသားများကိုလည်း ဆိုက်ရောက်ဗီဇာကို ခွင့်ပြုခဲ့ပါကြောင်း၊

ထို့ပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော အိန္ဒိယနိုင်ငံသားများကို ဆိုက်ရောက်ဗီဇာ ထုတ်ပေးခြင်းဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့သည့်အပြင် အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များ ဖွင့်လှစ်ပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း စတင်ခဲ့သော ဗီဇာဖြေလျှော့မှုတို့သည် ၂၀၁၉ ခုနှစ်တွင် စတင်အကျိုးခံစားရမည်ဖြစ်သည့်အပြင် လာမည့်နှစ်များတွင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်မည့် ခရီးသည်အရေအတွက် ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသည်းနှလုံးဟု တင်စားရသော ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်တစ်ခုဖြစ်ပြီး ကမ္ဘာ့အရပ်ရပ်မှ ဧည့်သည်များ လေကြောင်း၊ ရေကြောင်းခရီးဖြင့် ဝင်ရောက်လည်ပတ်သော မြို့တော်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ခရီးသည်ဝင်ထွက်မှု ၃ ဒသမ ၅ သန်းသည် နယ်စပ်ဒေသမှ မြန်မာနိုင်ငံအတွင်းဝင် ရောက်သော ခရီးသည်အချို့အပါအဝင် စုစုပေါင်း ၁ ဒသမ ၄ သန်းခန့် ဝင်ရောက်သည့်အတွက် ခရီးသည်အားလုံး၏ ထက်ဝက်နီးပါးသည် ရန်ကုန်မြို့ကို စတင်လာရောက်လည်ပတ်ကြောင်းနှင့် ယခုလို ရန်ကုန်မြို့တွင် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ ပြုလုပ်ခြင်းသည် တစ်နိုင်ငံလုံးအတွက် ခရီးသွားလုပ်ငန်း မြှင့်တင်ပေးခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တတိယအကြိမ် မြန်မာ-ဂျပန် ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်တွင် ချယ်ရီပင်ကို စိုက်ပျိုးပေးစဉ်။

ဓာတ်ပုံ-သန်းစိုး

ယနေ့တွင် ထူးခြားစွာ ရန်ကုန်မြို့တွင် မြန်မာတို့၏ ညီနောင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့များကို ဖော်ထုတ်မိတ်ဆက်ပြသသော သွေးချင်းတို့ရဲ့ပွဲတော်နှင့် တိုက်ဆိုင်၍ အင်မတန်မှ ကောင်းမွန်ပြီး တစ်ဆက်တည်းမှာပင် ဂျပန်နှင့် နိုင်ငံခြားခရီးသွားတို့ကို မြန်မာ၏ ထူးခြားသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတို့ကို ပြသခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ မြန်မာနှင့် ဂျပန်သည် ကာလကြာရှည်စွာ ရင်းနှီးမှုတည်ရှိခဲ့ပြီးဖြစ်၍ ယခုကဲ့သို့ အမှတ်တရ ပူးပေါင်းဆောင်ရွက်မှုပွဲများ ကျင်းပပြီး အတူတကွပါဝင်ဆင်နွှဲခြင်းဖြင့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုများ ဖလှယ်သော အစီအစဉ်များ၊ ခရီးသွားမြှင့်တင်ရေး အစီအစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ကျင်းပသော တတိယအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင် ကျင်းပမည့် ချယ်ရီပင်စိုက်ပျိုးပွဲတော်များကို မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Japan Myanmar Parliamentary Friendship Association ဥက္ကဋ္ဌ Mr. Ichiro Aisawa၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်တော်များအား မြန်မာ့ရိုးရာမုန့်များဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ချယ်ရီပန်းပင်များ စိုက်ပျိုးခြင်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ဂိတ်(၂) မြက်ခင်းပြင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ချယ်ရီပန်းပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ကောင်စီများ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ကောင်စီများ၊ အသင်းအဖွဲ့ ၁၄ ခုမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ပိုမိုချိတ်ဆက်ဆောင်ရွက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍများတွင် ဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်နေသော ကောင်စီများ၊ အသင်းအဖွဲ့များသည် အင်အားကောင်းမွန်သကဲ့သို့ အရေအတွက်လည်း များပြားသဖြင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနနှင့် တစ်ဖွဲ့ချင်းအလိုက် ယခုထက်ပိုမို အားကောင်းစွာ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုအပြင် မူဝါဒ၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များ တူညီသော အသင်းအဖွဲ့များ အချင်းချင်း အနေဖြင့်လည်း ယခုထက်ပိုမို ချိတ်ဆက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်စာမျက်နှာများမှလည်း ဝင်ရောက်လေ့လာသိရှိနိုင်ပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်း မိမိတို့၏ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်စာမျက်နှာများကို အချိန်နှင့်တစ်ပြေးညီဖြစ်ရန် ပုံမှန်ဆောင်ရွက်သွားခြင်းဖြင့် မိမိတို့အချင်းချင်းလည်း လေ့လာသိရှိနိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO/ NGO များ၏ လုပ်ငန်းအမျိုးအစားအလိုက်၊ လုပ်ငန်းဆောင်ရွက်ရာ နေရာဒေသအလိုက် စာရင်းများကိုလည်း စုစည်း၍ Myanmar Health Partners" Profile (2018) စာအုပ်ကို ပြုစုပြီးဖြစ်၍ ဖြန့်ဝေပေးမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ ပြုလုပ်သော ညီလာခံများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့တွင် ယခုကဲ့သို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ကောင်စီများ၊ အသင်းအဖွဲ့များမှ ပညာရှင်များကိုဖိတ်ကြား၍ ဆွေးနွေးဟောပြောသူများ၊ ဦးဆောင်ဆွေးနွေးသူများနှင့် အစည်းအဝေးအား ဦးဆောင်ပံ့ပိုးပေးသူများ ပါဝင်နိုင်ရေး ဖိတ်ကြားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေး၌ ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များအကြား၊ အသင်းအဖွဲ့များ အချင်းချင်းအကြား ယခုထက် ပိုမိုတက်ကြွစွာနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်၍ ပြည်သူများအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ယခုထက်ပိုမိုပေးအပ်နိုင်ရေး အကြံပြုချက်များ ပေးအပ်စေလိုပါကြောင်းနှင့် ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်း၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများက ကောင်စီနှင့် အသင်းအဖွဲ့များ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ အသင်းအဖွဲ့များ အချင်းချင်းချိတ်ဆက်ဆောင်ရွက်နေမှုများ၊ အားနည်းချက်များ၊ အားသာချက်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများနှင့် စပ်လျဉ်း၍ ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သည့် ကောင်စီများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၏ တတိယအကြိမ်မြောက် ညီလာခံတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၏ တတိယအကြိမ်မြောက် ညီလာခံသို့ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။




**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၏ တတိယအကြိမ်မြောက် ညီလာခံတွင် ၄၁ နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

အဆိုပါ အစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုအခြေအနေကို သုံးသပ်ခြင်း၊ ဒေသတွင်း ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုတို့အတွက် ဆန်းသစ်သော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေးမူဝါဒပိုင်းနှင့် ငွေကြေးဆိုင်ရာ ထောက်ပံ့ပေးခြင်း၊ ဒေသအတွင်း ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများ သတ်မှတ်ခြင်းနှင့် ပြဿနာများအဖြေရှာမှုအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်သို့ရောက်ရှိရန် ဒေသတွင်းရင်ဆိုင်လျက်ရှိသည့် စိန်ခေါ်မှုများကို ဆွေးနွေးခြင်းနှင့် နိုင်ငံတကာကတိကဝတ်များတွင် ပါဝင်ဆောင်ရွက်နေမှုများကို အဓိကထား ဆွေးနွေးကြသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာ၊ စွမ်းအင်နှင့် ရေလုံလောက်စွာ ရရှိနိုင်မှုများ၌ စွမ်းဆောင်ရည်မြင့်မားရန် ဆောင်ရွက်ရမည့်ကိစ္စများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုစနစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်မှုတို့ကို ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင် ကိစ္စရပ်များဆိုင်ရာ ဒုတိယဝန်ကြီးနှင့် တွေ့ဆုံ၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာများ၊ စွန့်ပစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုများ လျှော့ချရေးဆိုင်ရာများ၊ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာများ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် မူဝါဒ၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်ဆိုင်ရာများ၊ ဂျပန်- မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သီတင်းပတ်အထိမ်းအမှတ်ပွဲ ကျင်းပရေး၊ ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် ပူးပေါင်းကူညီဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးနှင့်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး ဆောင်ရွက်မှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်သို့ ပြည့်မီရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းကူညီမှု အစီအစဉ်များနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၅ ရက်တွင် အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ ညီလာခံ၌ ၂၀၁၉ ခုနှစ် မတ်လအတွင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံတွင် ဆုံးဖြတ်ရမည့်အချက်များနှင့် စပ်လျဉ်းသည့်ကြေညာစာတမ်းကို အစည်းအဝေးတက်ရောက်ကြသည့် ဝန်ကြီးများက အတည်ပြုထုတ်ပြန်ကြသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၁၃ မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

မန္တလေး ဇန်နဝါရီ ၂၇

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှဦးဆောင်၍ United Pacific Co.,Ltd၊ Advanced Myanmar Star Co.,Ltd ၏ ပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် မိဘမဲ့ကလေးများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက သစ္စာစီမံချက်တေးသရုပ်ဖော်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းအနေဖြင့် အဓိကလုပ်ငန်းတာဝန်သုံးရပ်အနက် မြန်မာနိုင်ငံသို့ အခြားနိုင်ငံများမှ အလည်အပတ်လာလိုသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုသူ များပြားလာသည်နှင့်အမျှ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများသည် နိုင်ငံအတွက် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်သည်ကို တွေ့ရပါကြောင်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းမှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မိမိတို့နိုင်ငံသားများအား သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေး လုပ်ငန်းအနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာမှ ရရှိသောအချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ယခုနှစ် နိုဝင်ဘာလအတွင်းတွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ပြီး ယခုအခါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို သစ္စာစီမံချက်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း လိုအပ်ချက်ရှိသည့် နေရာတိုင်း၌ ဆောင်ရွက်ပေးသည့်အပြင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုအရလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရရှိပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို မပျောက်မပျက်စေရေးအတွက် ဂရုတစိုက်၊ စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်သည့် မြို့နယ် ၁၃ မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ်ကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။**

အုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ လိုအပ်သလို ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် United Pacific Co.,Ltd၊ Advanced Myanmar Star Co.,Ltd မှ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေး ဒါရိုက်တာဒေါ်အေးမိစံတို့က တိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးရာတွင် လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများ၊ မိဘမဲ့ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများကိုယ်စား ကျောင်းအုပ်ကြီးများနှင့် ကိုယ်စားလှယ်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများ၏ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၃၄၅၃ ဦး၊ မိဘမဲ့ကျောင်း ၁၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၁၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၄၁၆၃ ဦးနှင့် မြို့နယ်အသီးသီးရှိ ဒေသခံပြည်သူ ၈၁၅၇၁ ဦး စုစုပေါင်း ၁၈၅၇၃၄ ဦးကို စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လန်ဒန်မြို့ The Education World Forum သို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည့် The Education World Forum တက်ရောက်ရန် ဇန်နဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့မှ လန်ဒန်မြို့သို့ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးတွင် အင်္ဂလန်နိုင်ငံ၌ ပညာသင်ယူနေကြသည့် ဝန်ထမ်းပညာသင်များ၊ ပြင်ပမှ လူငယ်ပညာသင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးပြီး ပညာသင်များ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် The Old Westminister Library ၏ The Cinnamon Club ၌ကျင်းပသည့် အင်္ဂလန်နိုင်ငံ ပညာရေးဝန်ကြီးဌာနမှ Parliamentary Under Secretary of State for Children and Family, Nadhim Zahawi MP မှ တည်ခင်းဧည့်ခံသော ASEAN Minister Breakfast ကို တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Queen Elizabeth II Center ၌ ကျင်းပသော The Education World Forum သို့ တက်ရောက်ပြီး ညပိုင်းတွင် Secretary of State for International Development မှ The Rt Hon Penny Mordauant Mp က Lancaster House တွင် တည်ခင်းဧည့်ခံသော EWF Official Reception သို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်တက်ရောက်နေစဉ် Cambridge Assessment English မှ Mac Graw Hill Education အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သည်။

**မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းလင်း**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် The Education World Forum ၌ Ministerial Exchange B: Extending Teaching and Learning Opportunity ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းလင်းပြောကြား၍ ညပိုင်းတွင် Royal Oversea League ၌ Irrawaddy Policy Exchange က တည်ခင်းဧည့်ခံသော ညစာစားပွဲ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး The Education World Forum ၌ မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၃ ရက်တွင် Reay Primary School နှင့် The Open University Futurelearn တို့ကို သွားရောက်လေ့လာပြီး The Open University ၌ ရန်ကုန်တက္ကသိုလ် Master Plan နှင့် စပ်လျဉ်း၍ ဆွေးနွေး ပွဲသို့ တက်ရောက်သည်။

ယင်းနောက် လန်ဒန်မြို့ Spring Gardens ရှိ British Council ရုံးတွင် ကျင်းပသော Continuous Professional Development for Teachers ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ ယူဂန္ဓာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ဆွေးနွေးပြီး ညပိုင်းတွင် မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၄ ရက်တွင် လန်ဒန်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်တွင် The Education World Forum သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်နေသည့် British Council, DFID, The Open University, The University College London Institute of Education, The Cambridge Assessment English, Mac Graw Hill Education နှင့် Irrawaddy Policy Exchange စသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မူလတန်းကျောင်းနှင့် တက္ကသိုလ်များတို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တောင်ကုတ်နှင့် သံတွဲမြို့နယ်များအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

**ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ဘိုးဘွားရိပ်သာနှင့် မိခင်ဝိုင်းများကို ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းခုနစ်ကျောင်းအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၉ သိန်း၊ ရွှေမေတ္တာဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၄၈၆၆၀၀၀၊ မိခင်ဝိုင်းသုံးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၂၆၀၀၀၀ နှင့် ကလေးငယ်များအတွက် ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ မူလတန်းကြိုကျောင်းမှ ကလေးငယ်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှိုက်စွန့်ပစ် အသိပညာပေးမှုကို ကြည့်ရှုစဉ်။

**အလုပ်အကိုင်အခွင့်အလမ်းများ ညှိနှိုင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဘောကျေးရွာရှိ ပုစွန်၊ ကဏန်းမွေးမြူရေးကန်ကို ကြည့်ရှုလေ့လာပြီး အနီးပတ်ဝန်းကျင်ရှိ လုပ်ငန်းခွင်ဝင် ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ၎င်းတို့၏ အလုပ်အကိုင်အခွင့် အလမ်းများ၊ ကျန်းမာရေး၊ ပညာရေးကိစ္စများကို ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပသော သံတွဲခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး မေတ္တာဝတီဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၅၉၆၁၀၀၀၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှစ်ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၄၀၀၀၀၀၊ မိခင်ဝိုင်းငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၀၇၈၁၀၀ နှင့် ကလေးငယ်များအတွက် ကစားစရာနှင့် အာဟာရမုန့်များပေးဝေကြပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ကလေးသူငယ်များ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**ပြည်သူများ၏ လိုအပ်ချက်**

အဆိုပါအခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဖွံ့ဖြိုးတိုးတက်မှုများကို တန်းတူညီမျှရရှိခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သော အသက် (၈၅)နှစ်နှင့် အထက်ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသောကလေး အသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်နှင့်အတူ အာဟာရကျန်းမာရေး ပညာပေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးနှင့် မိသားစုစီမံကိန်း ပညာပေးခြင်းတို့ကိုပါ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းကလေးငယ်များ ကိုယ်ခန္ဓာပုံမှန်ကြီးထွားရန်နှင့် ဦးနှောက်ဖွံ့ဖြိုးရန် ရှေးဦးအရွယ် ကလေးသူငယ်များပြုစုစောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ်ကလေးငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးခြင်းသည် အနာဂတ်နိုင်ငံအတွက် အကျိုးအမြတ်သေချာသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## Thailand National Moot 2019 သို့ တက်ရောက်ခဲ့သော မြန်မာကင်းထောက် လူငယ်ကိုယ်စားလှယ်များ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံတွင် ကျင်းပသည့် Thailand National Moot 2019 သို့ တက်ရောက်ခဲ့သော တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ မြန်မာကင်းထောက်လူငယ်ကိုယ်စားလှယ်များသည် ယမန်နေ့ ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်လူငယ်များနှင့် မိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

Thailand National Moot 2019 ကို ထိုင်းနိုင်ငံ ချွန်ဘူရီပြည်နယ်ရှိ Vajiravudh Scout Camp ကင်းထောက်စခန်းတွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာကင်းထောက်လူငယ်ကိုယ်စားလှယ်များ အပါအဝင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဂျပန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အဆိုပါ Thailand National Moot 2019 သို့ မြန်မာနိုင်ငံကင်းထောက်လူငယ်ညှိနှိုင်းရေးမှူး မောင်ဖြိုးသူရဝင်း ဦးဆောင်ပြီး နိုင်ငံတကာကင်းထောက်လူငယ်များနှင့် အတွေ့အကြုံများ တွေ့ဆုံဆွေးနွေးဖလှယ်ခြင်း၊ ထိုင်းနိုင်ငံ ကင်းထောက်လှုပ်ရှားမှုများ လေ့လာခြင်း၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ ဖလှယ်ခြင်းနှင့် ကင်းထောက်ဆိုင်ရာ အတတ်ပညာများကို လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **မောင်မျိုး**

## ထူးခြားသည့် ညအပူချိန်များ

၂၇-၁-၂၀၁၉

| | | |
|---|---|---|
| ဟားခါးမြို့ | - | ၂ ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | - | ၃ ဒီဂရီစင်တီဂရိတ် |
| မိုးမိတ်မြို့ | - | ၆ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | - | ၆ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | - | ၆ ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | - | ၇ ဒီဂရီစင်တီဂရိတ် |

# မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းရောက် သွားလာနိုင်ပြီ

ရှင်မင်း

**မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ ယခင်က နှစ်ညအိပ်သုံးရက်ခရီးအဖြစ် သွားရောက်ရသောခရီးအဖြစ်မှ ယခုအခါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း ကောင်းမွန်ပြီဖြစ်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းရောက်သွားလာနိုင်ပြီ ဖြစ်သည်။ နေ့ချင်းရောက်ခရီးအဖြစ် သွားလာနိုင်သည့်အတွက် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ဖြစ်ပေါ်လာပြီဖြစ်သည်။**

“အရင်ကသွားရလာရခက်ခဲတယ်။ မြစ်ကြီးနားကနေ ပူတာအိုသွားဖို့အတွက်ဖြစ်ဖြစ်၊ ပူတာအိုကနေ မြစ်ကြီးနားသွားဖို့ဖြစ်ဖြစ် လမ်းမှာညအိပ်ပြီးသွားရတယ်။ အရင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲတော့ ကျန်းမာရေးအတွက်လည်း ခက်ခဲပါတယ်။ ကျန်းမာရေးအတွက် တစ်စုံတစ်ခုဖြစ်ပြီဆိုရင် ညအိပ်ခရီးဖြစ်နေတော့ လမ်းမှာတင် ဆုံးသွားတာမျိုးတွေ အများကြီးရှိခဲ့ပါတယ်။ အခုကတော့ လမ်းကောင်းသွားပြီဖြစ်တဲ့အတွက် ကားလည်း ပေါပါတယ်။ ဘယ်အချိန်သွားသွားရသွားပြီ” ဟု မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ်ကျေးရွာမှ မဖြူကပြောသည်။

## နေ့ချင်းရောက်သွားလာနိုင်ပြီ

မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ၂၁၈ မိုင် ရှည်လျားပြီး မြစ်ကြီးနားမှ ပူတာအို အသွားအပြန် ကြာချိန် ၁၂ နာရီဖြစ်၍ နေ့ချင်းရောက်ခရီးအဖြစ် သွားလာနိုင်ပြီဖြစ်သည့်အတွက် ခရီးလမ်းတိုးတက်ကောင်းမွန်လာမှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားရေးသည်လည်း တိုးတက်လာသည်။

“အရင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲတော့ စီးပွားရေးတွေလည်းခက်ခဲကြတယ်။ လမ်းကောင်းတော့ ဒီလမ်းပေါ်ကနေ သွားကြ၊ လာကြနဲ့ စီးပွားရှာကြတယ်။ မြစ်ကြီးနားက ပူတာအိုသွားရင်ဖြစ်ဖြစ်၊ ပူတာအိုကနေ မြစ်ကြီးနားသွားရင်ဖြစ်ဖြစ် ကျွန်မတို့ တီယာန်ဇွပ်ရွာမှာ တစ်ထောက်နားကြတယ်။ အရင်က သွားလာသူမရှိတော့ လက်ဖက်ရည်၊ မုန့်လောက်ပဲ ရောင်းရတယ်။ အခုလမ်းကောင်းပြီး သွားလာတဲ့သူများတော့ စားသောက်ဆိုင်အဖြစ် တိုးချဲ့ရောင်းရပြီး အဆင်ပြေတယ်” ဟုလည်း မဖြူက ဆက်ပြောသည်။

“လမ်းတွေ ပိုကောင်းလာတော့ ကျွန်တော်တို့လို ကားမောင်းတဲ့သူတွေ ကားမောင်းရတာသက်သာသလို စီးရတဲ့ ခရီးသွားလည်း သက်သာတာပေါ့။ ကားစီးဖို့လည်း အချိန်အရင်ကလောက် မပေးရတော့ဘူး။ အခုလမ်းကောင်းသွားတော့ အလည်အပတ်လာတဲ့ ခရီးသည်တွေလည်း ရှိလာပါပြီ”ဟု မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပေါ်တွင် ယာဉ်လိုင်းမောင်းနှင်သူ ကိုဇော်လတ်က ပြောသည်။

“လမ်းတံတားဆိုတာ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အဓိကကျပါတယ်။ ဒီလို လမ်းတံတားတွေမဖွံ့ဖြိုးရင် ကုန်ဈေးနှုန်းတွေ ကြီးမြင့်မယ်။ လမ်းရှိ၊ တံတားရှိတော့ ကျန်တဲ့ ပညာရေး၊ ကျန်းမာရေးလည်း ဖွံ့ဖြိုးဖို့ အခွင့်အလမ်းအများကြီးရှိလာတယ်။ အခုဆို မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းမကြီးက ကောင်းမွန်လာတဲ့အတွက် မြစ်ကြီးနားကနေ ပူတာအိုကို လွယ်လွယ်ကူကူ သွားလာနိုင်ပြီ။

## ငြိမ်းချမ်းရေးကအရေးကြီး

“ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးကလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ပြည်နယ်တချို့နေရာတွေမှာ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမှာရှိပါတယ်။ ငြိမ်းချမ်းရေးကို တစ်ရက်ထက်တစ်ရက် ပိုလုပ်နိုင်လေ ဖွံ့ဖြိုးရေးကို တစ်ရက်ထက်တစ်ရက်တိုးပြီး ဆောင်ရွက်လာနိုင်လေ ဖြစ်ပါတယ်။ အခုဆိုရင် မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုကတော့ အဆင်ပြေပြေနဲ့ သွားလာနိုင်ပါပြီ။ ကျွန်တော်တို့ ပြည်နယ်က ဆွမ်ပရာဘွမ်၊ ပူတာအိုဆိုတာ သဘာဝအလှအပတွေ အများကြီးရှိတဲ့ဒေသတွေ ဖြစ်ပါတယ်။ မြစ်ကြီးနားကနေ ပူတာအိုကို နေ့ချင်းပေါက် သွားနိုင်ပါပြီ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ တခြားတိုင်းဒေသကြီး၊ ပြည်နယ်က သွေးချင်းညီအစ်ကိုတွေကိုလည်း လာလည်ဖို့ ဖိတ်ခေါ်ချင်ပါတယ်” ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက ပြောသည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် သွားလာရလွယ်ကူပြီ ဖြစ်သော်လည်း မြေသားလမ်းအဖြစ် ကျန်ရှိနေသည့် အပိုင်းများကို ကွန်ကရစ်လမ်းခင်းခြင်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းအား မြစ်ကြီးနားခရိုင် အပိုင်း၊ လမ်းအထူးအဖွဲ့(၁)အပိုင်း၊ လမ်းအထူးအဖွဲ့(၂) အပိုင်းနှင့် ပူတာအိုခရိုင်အပိုင်းဟူ၍ လမ်းပိုင်းလေးပိုင်း သတ်မှတ်ခွဲခြားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်လမ်းဦးစီးဌာနများနှင့် လမ်းအထူးအဖွဲ့များသည် မြစ်ကြီးနား- ဆွမ်ပရာဘွမ် - ပူတာအိုလမ်းအား လမ်းပိုင်းသတ်မှတ်၍ လုပ်ငန်းပိုင်းခြားဆောင်ရွက်ခြင်းများရှိသလို ပုဂ္ဂလိကကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်စေခြင်းလည်းရှိကြောင်း သိရသည်။

“ကျွန်တော်တို့အဖွဲ့က မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်း ကျွန်တော်တို့ တာဝန်ယူရတဲ့အပိုင်းမှာ ကွန်ကရစ်လမ်းခင်းခြင်းကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ တာဝန်ယူရတဲ့အပိုင်းက တောင်ပေါ်မြေသားလမ်းအနေနဲ့ ကျန်ရှိနေတဲ့အပိုင်း ဖြစ်ပါတယ်။ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၅ ဒသမ ၅ မီတာ အကျယ်ရှိတဲ့ ကွန်ကရစ်လမ်း ၁၀ ဒသမ ၁၅ ကီလိုမီတာခင်းခြင်းကို ကျွန်တော်တို့အဖွဲ့က ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီမြေသားလမ်းကို ကွန်ကရစ်လမ်းအနေနဲ့ ပြည်သူတွေ အမြန်ဆုံး အသုံးပြုနိုင်အောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဆောင်ရွက်တဲ့ လမ်းတွေဟာ တောင်ပေါ်လမ်းတွေဖြစ်တဲ့အတွက် မိုးတွင်းရောက်ရင် လမ်းပေါ်ကို တောင်ပြိုနိုင်တဲ့အခြေအနေမျိုး ရှိနိုင်ပါတယ်။ ဒီလိုမျိုးဖြစ်ရင် ဒေသခံပြည်သူတွေ သွားလာရေးခက်ခဲမှု မရှိအောင် ကျွန်တော်တို့အနေနဲ့ အချိန်မီ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု လမ်းအထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးသိန်းက ပြောသည်။

မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပိုင်းပေါ်တွင် မြစ်ကြီးနားခရိုင်မှ တာဝန်ယူဆောင်ရွက်မှုနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက“မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းရဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းပိုင်းမှာမြစ်ကြီးနားမြို့ကနေ တီယာန်ဇွပ်ကျေးရွာအထိ ၅၃ မိုင်ရှိပါတယ်။ အရင်ဒီလမ်းက ကတ္တရာလမ်းအဆင့် မဟုတ်သေးပါဘူး။ လမ်းကလည်း မချဲ့ရသေးပါဘူး။ အခုကတော့ မြစ်ကြီးနားမြို့ကနေ တီယာန်ဇွပ်ကျေးရွာအထိ ကတ္တရာလမ်းအဆင့် ဖြစ်သွားပါပြီ။ လမ်းလည်း ချဲ့ပြီးပါပြီ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကနေစပြီး ကျောက်စီရေမြောင်းတည်ဆောက်တာ၊ မြေထိန်းနံရံ တည်ဆောက်တာစတဲ့ လမ်းပိုင်းရေရှည်တည်တံ့ဖို့ အဆင့်မြှင့်တင်တာတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကွန်ရက်ပေါ်ရှိ တံတားများတည်ဆောက်ခြင်းနှင့် ရေရှည်ကြံ့ခိုင်ကောင်းမွန်ရေးကို တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တီယာန်ဇွပ်တံတား၊ ဒရခတံတား၊ ဆီနင်ခတံတားနှင့် ဖုန်ချန်တံတားတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ တံတားဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပေါ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနဲ့ တည်ဆောက်နေတဲ့ တံတားလေးစင်းရှိပါတယ်။ ပထမတံတားဖြစ်တဲ့ တီယာန်ဇွပ်တံတားက ရာခိုင်နှုန်းပြည့် ပြီးစီးနေပါပြီ။ အခုအခါမှာတော့ အများပြည်သူသွားလာနိုင်နေပါပြီ။ ဒုတိယတံတားဖြစ်တဲ့ ဒရခတံတားကလည်း ရာခိုင်နှုန်းပြည့် ပြီးစီးနေပါပြီ။ တတိယတံတားဖြစ်တဲ့ ဆီနင်ခတံတားကတော့ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပါပြီ။ စတုတ္ထတံတား ဖုန်ချန်ကတော့ ပြီးစီးမှု ငါးရာခိုင်နှုန်း ရှိပါပြီ။

“ဒီထဲက ရာခိုင်နှုန်းပြည့် ပြီးစီးနေတဲ့ တံတားတွေ soft opening အစီအစဉ်နဲ့ ဖွင့်လှစ်နိုင်ဖို့ ပြည်နယ်အစိုးရထံ တင်ပြထားပြီး ဖြစ်ပါတယ်။ ပြည်နယ်အစိုးရရဲ့ အတည်ပြုချက်ရရင် ဝန်ကြီးဌာနကို တင်ပြပြီးတော့ ဖွင့်ပွဲအခမ်းအနားကျင်းပသွားမှာ ဖြစ်ပါတယ်။

“တံတားတစ်စင်းရဲ့ တန်ဖိုးက ကြီးမားပါတယ်။ ဒါကြောင့် တံတားကြီး ရေရှည်တည်တံ့ဖို့ ပြင်ဆင်ထိန်းသိမ်းတဲ့ ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဦးစီးဌာနနဲ့အတူ ပြည်သူတွေက ပူးပေါင်းပါဝင်ပေးဖို့ အရေးကြီးပါတယ်။ တံတားတွေမှာ ရာသီဥတုကြောင့်သော်လည်းကောင်း၊ အခြား ထူးခြားဖြစ်စဉ်ကြောင့်သော်လည်းကောင်း အားနည်းချက်တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ရင် ပြည်သူတွေအနေနဲ့ တံတားဦးစီးဌာနကို ဆက်သွယ်ပေးစေချင်ပါတယ်။ ဒါမှသာ ပြည်သူတွေ အဆင်ပြေစွာ အသုံးပြုနိုင်ဖို့ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်” ဟု တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး စောဇာနည်လှက ပြောသည်။

ရာခိုင်နှုန်းပြည့်ပြီးစီးကာ မကြာမီ ဖွင့်လှစ်တော့မည့် တီယာန်ဇွပ်တံတားသည် တီယာန်ချောင်းပေါ်တွင် တည်ရှိပြီး တံတားအရှည် မီတာ ၉၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေရှိသော သံကူကွန်ကရစ်တံတား ဖြစ်သည်။

## မကြာမီဖွင့်လှစ်မည်

အလားတူ ရာခိုင်နှုန်းပြည့်ပြီးစီးကာ မကြာမီဖွင့်လှစ်တော့မည့် ဒရခတံတားသည် ဒရခချောင်းပေါ်တွင် တည်ရှိပြီး တံတားအရှည် မီတာ ၆၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် ၀ ဒသမ ၉ မီတာရှိသော သံကူကွန်ကရစ်တံတား ဖြစ်သည်။

“မြစ်ကြီးနားကနေ ပူတာအိုကို အရင်က နေ့ချင်းမရောက်နိုင်ဘူး။ လမ်းမှာ ညအိပ်ရတယ်။ သွားရလာရ ခက်ခဲတယ်။ အခုတော့ ချက်ချင်းသွား ချက်ချင်းရောက်နိုင်တဲ့ အခြေအနေ ဖြစ်တဲ့အတွက် ပိုပြီးချစ်ခင်ရင်းနှီးလာပြီး နားလည်မှုရှိလာမယ်။ ဒီလိုပိုမိုရင်းနှီးနားလည်လာတဲ့အတွက် တိုင်းရင်းသားတွေအချင်းချင်း အထင်အမြင်လွဲမှားတဲ့ ပြဿနာတွေလည်း မရှိနိုင်တော့ဘူးလို့ ထင်ပါတယ်”ဟု တံတားအထူးအဖွဲ့(၁) မှ ဦးစီးအရာရှိ ဦးအောင်ကျော်လင်းက ပြောသည်။

လမ်းဦးစီးဌာနမှ ပထမဦးစားပေး အနေဖြင့် ခရိုင်ချင်းဆက်လမ်းဖြစ်သည့် မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအို လမ်းကို ရာသီမရွေးသွားလာနိုင်ရေး၊ ဗန်းမော်- မြစ်ကြီးနားလမ်းပိုင်းကို AC လမ်း၊ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ရွှေဘို- မြစ်ကြီးနားလမ်းပိုင်းကို ၂၄ ပေ အကျယ် AC လမ်း၊ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၉ သို့*



မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပိုင်း ပြုပြင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ထိန်နန်နော်

**“မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းသည် ၂၁၈ မိုင် ရှည်လျားပြီး မြစ်ကြီးနားမှ ပူတာအို အသွားအပြန် ကြာချိန် ၁၂ နာရီဖြစ်၍ နေ့ချင်းရောက် ခရီးအဖြစ် သွားလာနိုင်ပြီဖြစ်သည့်အတွက် ခရီးလမ်း တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားရေးသည်လည်း တိုးတက်လာ”**



ဒရခချောင်းပေါ်ရှိ ဒရခတံတားကို တွေ့ရစဉ်။ ဓာတ်ပုံ- ထိန်နန်နော်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နိုင်ငံတကာစက်မှုနည်းပညာပြပွဲ ပြိုင်ပွဲ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် စက်မှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၆) ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲ၊ တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်သည်။

**စက်မှုထုတ်ကုန်ပစ္စည်းများ ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြပွဲတွင် ခင်းကျင်းပြသထားသည့် စက်မှုလုပ်ငန်း ပြခန်းများနှင့် စက်မှုနည်းပညာတီထွင် ဖန်တီးမှုပြိုင်ပွဲတွင် ပြသထားသည့် တီထွင်ဆန်းသစ်မှုများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်ရည်မှန်း၍ ကျင်းပလာခဲ့သည်မှာ (၆) ကြိမ်မြောက်ရှိခဲ့ပြီး ယခုပြပွဲတွင် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် စက်မှုလုပ်ငန်းများမှ အရည်အသွေးမြင့် ထုတ်လုပ်နေမှုများကို မိတ်ဆက်ပြသရောင်းချခြင်း၊ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကို မိတ်ဆက်ပြသ၍ ရှင်းလင်းပြသထားရာတွင် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော မော်တော်ယာဉ်အမျိုးမျိုးနှင့် တင်သွင်းလျှပ်စစ်မော်တော်ယာဉ်များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှု၏ ရလဒ်ဖြစ်သော 3D Printer များကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်၍ ပုံစံငယ် model များထုတ်လုပ်ခြင်း၊ CNC စက်များဖြင့် ပုံစံသစ်အမျိုးမျိုး ဖန်တီးထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာအမျိုးမျိုး၊ နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနည်းပညာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ တိုးမြှင့်ပေးရန် ပူးပေါင်းဆောင်ရွက်ပေးရေးတို့ကိုရှေးရှု၍ ပြပွဲကိုကျင်းပခြင်းဖြစ်သည်။

နည်းပညာအသုံးပြု၍ Value Added ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ရန်၊ နိုင်ငံသားတိုင်း၏ တီထွင်ဖန်တီးမှု စိတ်ကူး စိတ်သန်းများကို မြှင့်တင်ပေးရန်၊ လက်တွေ့အပြင်လောကတွင် အမှန်တကယ်အသုံးချနိုင်သည့်အဆင့် ရောက်စေရန်ရည်ရွယ်၍ Inventor Award စက်မှုနည်းပညာတီထွင်ဖန်တီးခြင်းများကို ကျင်းပပြုလုပ်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာမှ နည်းပညာများ မိတ်ဆက်ပြသနိုင်ခြင်း၊ နိုင်ငံတကာနည်းပညာများနှင့် ပြည်တွင်းနည်းပညာများကို အပြန်အလှန်ချိတ်ဆက်၍ ကဏ္ဍအသီးသီးတွင် ပြည်သူလူထုများ ပိုမို ပါဝင်လာစေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်မှုစွမ်းအား ပိုမိုတွင်ကျယ်လာစေခြင်းဖြင့် နိုင်ငံတော်အတွက် အသုံးချနိုင်သော တီထွင်ဖန်တီးမှုများ ထွက်ပေါ်လာစေရန်ဖြစ်သည်။

**ဆုချီးမြှင့်မည်**

စက်မှုနည်းပညာပြပွဲတွင် စက်မှုနည်းပညာများကို အခြေခံကာ နည်းပညာအမျိုးမျိုးသုံး၍ စက်မှုနည်းပညာ တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲအား အဆင့်လေးမျိုး ကျင်းပခဲ့ပြီး အလွတ်တန်းအဆင့်၊ နည်းပညာတက္ကသိုလ်အဆင့်၊ နည်းပညာကောလိပ်အဆင့်၊ နည်းပညာအထက်တန်းကျောင်း၊ စက်မှုသင်တန်းကျောင်းအဆင့်ဟူ၍ ခွဲခြားကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် အတန်းလိုက်ဆုရရှိသူများအား ပြပွဲနောက်ဆုံးရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုများဖြင့် နည်းပညာဆန်းသစ်၍ စွန့်ဦးတီထွင်လိုစိတ်ရှိလာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်နှင့် သတ္တိ၊ လုံ့လနှင့် ဇွဲ၊ ဝီရိယတို့ကို ပိုမိုမြှင့်တင်လာစေရန် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နိုင်ငံတကာစက်မှုနည်းပညာပြပွဲ၊ တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်



ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကိုယ်စား လူရည်ချွန် ဦးညိုမြင့်နှင့် လူရည်ချွန် ဒေါက်တာ နန်းခင်မေဖူးတို့က ငွေကျပ်သိန်း ၃၀၀ လှူဒါန်းရာ လူရည်ချွန်(၁၉၆၄- ၁၉၈၈)အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အောင်ဇော်မျိုး လက်ခံစဉ်။

# ဘက်စုံထူးချွန်လူငယ်များအား ဆုချီးမြှင့် လူရည်ချွန် (၁၉၆၄ - ၁၉၈၈)အဖွဲ့အား အလှူငွေများ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၇

**လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့ နှစ်ပတ်လည်ညစာစားပွဲနှင့် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံတကာစီးပွားရေးဗဟိုဌာန(IBC) ၌ ကျင်းပသည်။**

အခမ်းအနားတွင် လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ဇော်မျိုးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ လူရည်ချွန်စီမံကိန်း အစဦးကာလမှ ဦးဆောင်ပါဝင်ခဲ့သူ ဆရာကြီး ဒေါက်တာဦးသန်းဦးတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ရမှတ်အများဆုံး ၁၀ ဦးတို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်တင်တို့က ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့၏ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍ၊ တိုင်းကျိုးပြည်ပြု ပရဟိတလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ လှူဒါန်းကြရာ ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကိုယ်စား လူရည်ချွန် ဦးညိုမြင့်နှင့် လူရည်ချွန် ဒေါက်တာ နန်းခင်မေဖူးတို့က ငွေကျပ်သိန်း ၃၀၀၊ ဒေါက်တာအေးအေး၊ ဒေါက်တာကြူကြူနှင့် ဒေါက်တာမောင်မြ လားရှိုးလူရည်ချွန် မောင်နှမများက ငွေကျပ်သိန်း ၅၀၊ လူရည်ချွန် ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် လူရည်ချွန်မောင်နှမများက ငွေကျပ် ၁၄ သိန်း ၂ သောင်း။

လူရည်ချွန် ဒေါက်တာ ဦးစိုင်းမောက်ခမ်း (ဒုတိယသမ္မတ-ငြိမ်း) က ငွေကျပ် ၁၀သိန်း၊ လူရည်ချွန် ပါမောက္ခ ဒေါက်တာအောင်ဇော်မျိုးက ငွေကျပ် ၃ သိန်း၊ လူရည်ချွန် ဒေါ်ငြိမ်းငြိမ်းအေး (ဩစတြေးလျ)က ငွေကျပ်နှစ်သိန်း၊ ဒေါ်နန်းပေါင်းခမ်း၊ ဒေါ်ယဉ်မင်းအေး၊ ဒေါ်စိမ်းစိမ်းထက်၊ ဒေါ်သက်ကေသွယ်အောင်နှင့် ဒေါ်အိရွှေစင်သိမ်း လူရည်ချွန် တစ်စုက ငွေကျပ် ၂ သိန်း ၈ သောင်း၊ လူရည်ချွန် ဦးခင်မောင်ကြည်နှင့် ဒေါ်ဆန်းဆန်းလှက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ဇော်မျိုးက လက်ခံခဲ့ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုသည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ က မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အလားတူ ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။ **သတင်းစဉ်**



# ရေနံဓာတ်ငွေ့ရည် ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုမှုသင်တန်းဖွင့်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရေနံဓာတ်ငွေ့ရည် ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုမှုသင်တန်း (LPG Safety Training Course အမှတ်စဉ် - ၁) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း၊ လိုင်စင်ရကုမ္ပဏီများမှ ဝန်ထမ်းများ စုစုပေါင်း ၆၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့များ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **သတင်းစဉ်**

✤ကျောဖုံးမှ

ရှာဖွေတူးဖော် စမ်းသပ်ထုတ်လုပ်ရန်အတွက် ZJ 70L SR-1 တွင်းတူးစက်အားအသုံးပြု၍ ရည်မှန်းအနက်ပေ ၈၅၀၀ အထိ တူးဖော်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ သဲကြောများအား စမ်းသပ်သွားမည်ဖြစ်ပြီး စမ်းသပ်ရရှိမှုအပေါ်မူတည်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချောက်ရေနံမြေ ရေနံတွင်းအမှတ် (၁၁၉၆) ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ရေနံတွင်းအမှတ်(၁၁၉၆)နှင့် တွင်းသစ်အမှတ် (၁၂၁၃) တို့မှ ရေနံတိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြား၍ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် သစ်သီးခြင်းများ ပေးအပ်သည်။

အဆိုပါ ရေနံတွင်းအမှတ်(၁၁၉၆)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် သဲကြော တိုးချဲ့သေနတ်ဖောက်ခြင်းအား ဆောင်ရွက်ခဲ့ရာ လက်ရှိ ရေနံစိမ်း ၁၂၂ စည် နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး တွင်းသစ်အမှတ်(၁၂၁၃)အား ဇန်နဝါရီ ၃ ရက်တွင် စတင်တူးဖော်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် အနက်ပေ ၄၁၅၀ အထိ တူးဖော်ခဲ့ပြီး ရေနံစိမ်းစည် ၁၉၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချောက်ရေနံမြေဆေးရုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံတိုးတက်ထုတ်ယူရေးလုပ်ငန်းများအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Goldpetrol JOC Inc. ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ချောက်ရေနံမြေရိပ်သာတွင် တွေ့ဆုံ၍ ရေနံမြေအထွက်တိုးရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်နေသည့် ဒေသပတ်ဝန်းကျင်တွင် လူမှုရေးတာဝန်သိမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စများကို ဆွေးနွေးကြသည်။

ချောက်ရေနံမြေတွင် ယခုကဲ့သို့ တွင်းဟောင်းများ တိုးချဲ့ထုတ်လုပ်မှု စမ်းသပ်ဆောင်ရွက်ခြင်း၊ တွင်းသစ်များ တူးဖော်နိုင်ခဲ့ခြင်းကြောင့် ချောက်ရေနံမြေရှိ တွင်းပေါင်း ၁၁၁ တွင်းမှ ယခင်ကထက် ရေနံစိမ်းစည် ၃၀၀ ကျော်ခန့် တိုးတက်ထုတ်လုပ်နိုင်သဖြင့် ယခုအခါ ချောက်ရေနံမြေ၏ ရေနံစိမ်းထုတ်လုပ်နိုင်မှုမှာ နေ့စဉ် စည် ၁၇၀၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၀ ဒသမ ၀၄၅ ထုတ်လုပ်လျက်ရှိကြောင်း၊ ရေနံအထွက်တိုးရေးနှင့် ထုတ်လုပ်မှု ထိန်းသိမ်းနိုင်ရေး လုပ်ငန်းစဉ်များဖြစ်သော တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်တူးဖော်ခြင်းလုပ်ငန်းများအပြင် ၂၀၁၈ ခုနှစ် မတ်လမှစ၍ သဲကြောများအတွင်း ရေမောင်းသွင်း၍ ရေနံအထွက်တိုးစေသည့် ရေလွှမ်းစီမံကိန်း လုပ်ငန်းများကို စီမံချက်များ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆွေးနွေးပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၇

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စတုတ္ထ စက်မှုတော်လှန်ရေး Globalization 4.0 သို့ ပြောင်းလဲနေချိန်၌ မြန်မာနိုင်ငံမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် အစိုးရအကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများအား တွေ့ဆုံအသိပေးပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတကာလုပ်နည်းလုပ်ဟန်များ၊ best practices များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေး ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားနှင့် ၂၃ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေးခေါင်းဆောင်ကြီးများ၏ အလွတ်သဘောတွေ့ဆုံသည့် အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပသည့်ကာလအတွင်း UNCTAD မှ ကမ္ဘာနှင့်အဝန်း ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးနေခြင်းအပေါ် အဖြေရှာနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် High Level Roundtable on Global Investment Trends တွင် ဦးဆောင်ဆွေးနွေးသူတစ်ဦးအဖြစ် ပါဝင်ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပမှ တာဝန်သိ၍ အရည်အသွေးနှင့် ရေရှည်တည်တံ့မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရေးအတွက် ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ဥပဒေပိုင်း၊ အဖွဲ့အစည်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲနေမှုများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးများနှင့် တွေ့ဆုံ၍ ကောင်းမွန်သည့် အတွေ့အကြုံများ ဖလှယ်ရေး၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့သည်။

ထို့ပြင် Briding the Asian Demographic Divide၊ Shaping ASEAN's agenda in the Global Context၊ Smarter, Better, Faster Trade စသည့်ခေါင်းစဉ်များဖြင့် ကျင်းပသည့် ဆွေးနွေးပွဲများတွင် လည်း အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ဖိုရမ်နှစ်ပတ်လည် အစည်းအဝေးတက်ရောက်စဉ်။

ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်နေသည့် ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် စိန်ခေါ်မှုအချို့ရှိနေသေးသော်လည်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများမြောက်မြားစွာ ရှိနေခြင်း၊အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ဖန်တီးနေခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းတို့ကို အသိပေးပြောကြားခဲ့သည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရန် ရည်ရွယ်ကျင်းပသည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးမှ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ခြင်း၊ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ sideline event တစ်ခုအဖြစ် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအချို့မှ E-Commerce သဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ရန် ကတိကဝတ်ပြုထားသည့် ဒုတိယအကြိမ် Joint Statement on E-Commerce ထုတ်ပြန်သည့် ဝန်ကြီးအဆင့် အလွတ်သဘောအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများရှိနေလင့်ကစား Joint Statement on E-Commerce ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ထောက်ခံခဲ့ကြောင်း၊ digital economy ရေစီးကြောင်းတွင် အောင်မြင်စွာ ပြောင်းလဲလိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကွန်ရက်များ၊ online ဝန်ဆောင်မှုများ ပိုမိုတိုးတက်ချဲ့ထွင်နိုင်ရေး၊ အစိုးရဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးကို ဆက်လက်အလေးပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် structural reforms များကို ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

အစည်းအဝေးကာလအတွင်း WEF မှ အကြီးအကဲများ၊ ICRC ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် Prudential ကုမ္ပဏီဥက္ကဋ္ဌ၊ JICA ဥက္ကဋ္ဌ၊ Sumitomo Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ Ooredoo ကုမ္ပဏီဥက္ကဋ္ဌ၊ GE Gas Power ကုမ္ပဏီဥက္ကဋ္ဌ၊ Telenor ကုမ္ပဏီ၊ ထိုင်းနိုင်ငံ Amata Corporation၊ အမေရိကန်နိုင်ငံ Visa ကုမ္ပဏီ၊ အီတလီနိုင်ငံ Geox ကုမ္ပဏီတို့မှ အကြီးအကဲများအပါအဝင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

**နိုင်ငံပေါင်း ၁၃၀ ကျော်မှတက်ရောက်**

ယခုနှစ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၆၅ ဦး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဆင့် ၃၀၀ ကျော်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထိပ်တန်းအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အမှုဆောင်အရာရှိချုပ်အဆင့် ၈၀၀ ကျော် အပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

# Lancang – Mekong Cultural Exchange Youth Camp သို့ တက်ရောက်ရန် နိုင်ငံ ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ မန္တလေးမြို့သို့ ရောက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Lancang - Mekong Cultural Exchange Youth Camp သို့ တက်ရောက်ရန်အတွက် လန်ချန်း - မဲခေါင်ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များသည် ယနေ့တွင် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ တွေ့ဆုံပွဲကို မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လန်ချန်း - မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင် လူငယ် ၂၉ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအလိုက် စာတမ်းများဖတ်ကြားခြင်း၊ ဒေသထွက် ရိုးရာလက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် အနုပညာ ဖျော်ဖြေတင်ဆက်ပွဲများကိုလည်း တွေ့ဆုံပွဲအတွင်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူငယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ပြီး မျက်ပါးရပ် ရွှေဆိုင်းခတ်လုပ်ငန်း၊ တမ္ပဝတီရပ်ရှိ မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများ၊ ကြေးသွန်းလုပ်ငန်းများနှင့် တောင်သမန်အင်းရှိ ဦးပိန်တံတားသို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**



လန်ချန်း - မဲခေါင်ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ တောင်သမန်အင်းရှိ ဦးပိန်တံတား၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



“သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့” ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ဂျပန်နိုင်ငံ ချယ်ရီပန်းလေ့လာရေးအဖွဲ့ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်



“သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့” ပွဲတော်ရှိ ကရင်ရိုးရာယဉ်ကျေးမှုပြခန်း၌ ပြည်ပမှ ဧည့်သည်များ ကရင်ရိုးရာ ဆန်ထောင်းမှုကို လက်တွေ့လေ့လာနေကြစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

❍ *ကျော်ဖုံးမှ*

တိုင်းဒေသကြီးအစိုးရနဲ့ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအဖွဲ့ကပါ ကူညီဆောင်ရွက်ပေးတဲ့အတွက် အောင်မြင်တဲ့ပွဲဖြစ်ပါတယ်။ နိုင်ငံတော်ကို တိုင်းရင်းသားတွေ အထောက်အကူပြုနိုင်ဖို့ဆိုရင် ဒီလိုပွဲမျိုးတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရင် အမှန်တကယ်ရည်ရွယ်တဲ့အတိုင်း အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

“သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့” ပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖြစ်သည့် တအာင်း(ပလောင်)၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ “ဝ” တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတို့တွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံသာမက မြန်မာ-ဂျပန် ချစ်ကြည်ရေးအထိမ်းအမှတ် ချယ်ရီပန်းပင်စိုက်ပွဲတော်သို့ လာရောက်ကြသည့် ဂျပန် နိုင်ငံသားများ၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်သည့် ရန်ကင်းမြို့နယ်နေ ဦးထွန်းထွန်း က “ရန်ကုန်မှာ ဒီလိုပွဲတော်လုပ်ပေးတဲ့အတွက် ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေရဲ့ယဉ်ကျေးမှု ရိုးရာဓလေ့တွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတယ်။ တချို့တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဝတ်စုံတွေဆို အခုမှမြင်ဖူးတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေဆိုလည်း အခုမှပဲ အစုံစားဖူးတယ်။ တကယ်ကို ထူးထူးခြားခြား ကြုံတွေ့ခွင့်ရတဲ့ ပွဲပါ” ဟု ပြောသည်။

ညနေပိုင်းတွင် ပွဲတော်ကျင်းပရာ မနော‌ကွင်း၌ ကချင်မနောအက ဆင်နွှဲရာ တိုင်းရင်းသားပေါင်းစုံနှင့်အတူ ပွဲတော်သို့ လာရောက်ကြသူများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ကချင်တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးခက်ထိန်နန် က “ညနေပိုင်း မနောကွင်းမှာ စီးပွားရေးတိုးတက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရည်ရွယ်ချက်နဲ့ မနောအက ကပါတယ်။ ဆွတ်မနောဆိုတဲ့ စီးပွားရေးတိုးတက်ဖို့၊ သာယာဝပြောဖို့၊ ညီညွတ်ဖို့၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကတာ ဖြစ်ပါတယ်” ဟု ပြောသည်။

ဇန်နဝါရီ ၃၀ ရက်အထိ ခြောက်ရက်တိုင် ကျင်းပမည့် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့” ပွဲတော်တွင် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာအကအလှများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နေထိုင်မှု ပုံစံများနှင့် ရိုးရာအသုံးအဆောင် ပစ္စည်းများကို တစ်စုတစ်စည်းတည်း လေ့လာမြင်တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာအဝတ်အထည်များ၊ အစားအစာများ၊ ဒေသထွက် ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများကိုလည်း တစုတဝေးတည်း၊ တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

**သီသီမင်း**



“သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့” ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် လာရောက်ကြည့်ရှုလေ့လာနေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲထွဋ်

# ဝင်းစိန်တောရဆရာတော် သက်တော် (၉၈)နှစ်ပြည့် မွေးနေ့ မင်္ဂလာကျင်းပမည်

**မုဒုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်း အတောင် ၄၀၀ ပြည့်နှင့် တည်ဆောက်ဆဲအတောင် ၆၀၀ ပြည့် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့သော အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကေသရ ဝင်းစိန် ဆရာတော်ကြီး၏ သက်တော်(၉၈)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ အခမ်းအနားကို ယခင်နှစ်များအတိုင်း ပြာသိုလဆုတ် ၉ ရက်မှ ၁၁ ရက်၊ ဇန်နဝါရီ ၂၉ ရက် မှ ၃၁ ရက်အထိ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီများ ဖွဲ့စည်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

ဝင်းစိန်ဆရာတော်ကြီး၏ ထမင်းရည်ချောင်းစီး အလှူတော်ကို အဓိဋ္ဌာန်ဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း စတုဒိသာအခန်းပေါင်း ၃၁ ခန်းနှင့် စားဖွယ်စုံတို့ကို လှူဒါန်းသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်တွင် ဇာတ်ပွဲများ၊ နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများစွာတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

*စာမျက်နှာ ၆ မှ*

**ရာသီမရွေးသွားလာနိုင်**

ထို့ပြင် မံဝိန်း-ချီဖွေလမ်းကို ၁၂ ပေ အကျယ် ကတ္တရာလမ်း ၃၆/၃ မိုင်နှင့် တံတားငယ်စုစုပေါင်း ၇၆ စင်းကိုအဆင့်မြှင့်တင်နိုင်ခဲ့သည့်အတွက် မြစ်ကြီးနားမြို့မှ ချီဖွေမြို့အထိ သုံးနာရီခန့်အတွင်း ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

“၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မချမ်းဘော့- ဖရုခ- နောင်မွန်လမ်းမှာရှိတဲ့ ထီခတံတား ပေ ၄၀၀ နဲ့ ထာခတံတား ပေ၂၀၀ ကို အပြီးတည်ဆောက်ပေးမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ မြောက်ဖျားအစွန်းမှာရှိနေတဲ့ ပန်နန်းဒင်မြို့ကနေ နောင်မွန်၊ ပူတာအို၊ မြစ်ကြီးနားမြို့အထိ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာမှာ ဖြစ်တဲ့အတွက် တိုင်းရင်းသားပြည်သူတွေ ကူးလူးဆက်သွယ်သွားလာနိုင်ပြီးတော့ လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်” ဟု ကချင်ပြည်နယ် လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ပြောသည်။

**ကြိုးပမ်းဆောင်ရွက်**

မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းသာမက ပြည်နယ်အတွင်း အခြားနေရာများရှိ လမ်းကွန်ရက်၊ တံတားကွန်ရက်များ ကောင်းမွန်စေရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာ ဦးစီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ဦးဇော်ဒွဲ
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်



ဦးကျော်စိုးသိန်း
လမ်းအထူးအဖွဲ့(၂)



ဦးအောင်ကျော်လင်း
လမ်းအထူးအဖွဲ့(၁)

ထိုသို့ ဆောင်ရွက်ရာတွင် မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းသာမက မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်တွင် ထီခတံတား ပေ ၄၀၀ နှင့် ထာခတံတား ပေ ၂၀၀ ကိုလည်းကောင်း၊ မန္တလေး- လားရှိုး- ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်တွင် နန့်မြစ်ခတံတား လေးလမ်းသွား ၃၀၂ ပေကို လည်းကောင်း၊ နမ္မတီး- တနိုင်း-ပန်ဆောင်လမ်းပေါ်တွင် ဝါရာဇွပ်တံတား ပေ ၆၀၀ ကို လည်းကောင်း တည်ဆောက်လျက်ရှိသည်။

ထာခတံတား ပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်း၊ ထီခတံတား ပြီးစီးမှုမှာ ၃၅ ရာခိုင်နှုန်း၊ နန့်မြစ်ခတံတားမှာ ၇၅ရာခိုင်နှုန်း၊ ဝါရာဇွပ်တံတားမှာ ငါးရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် တံတားဦးစီးဌာနအနေဖြင့် ဗလမင်းထင်တံတား အမှတ် (၂) Feasibility Study ကြိုတင်လေ့လာမှုကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




တီယာန်ဇွပ်တံတားကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နော်

# ကျောင်းစာကြည့်တိုက် သက်ဝင်လှုပ်ရှားမှုအတွက်ဆိုရင် ဒီစာကြည့်တိုက် လုပ်ငန်းတွေနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနဟာ မိတ်ဖက်စာကြည့်တိုက်အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်

ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင် (အခြေခံပညာဦးစီးဌာန)

## စာကြည့်တိုက် အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း

**စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း အပိုင်း(၁)နှင့်(၂)ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးကြီး ဒေါ်ယုယုတင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြတ်စမ်းငြိမ်း၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**အစီအစဉ်မှူး ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာ ကျောင်းတွေမှာရှိတဲ့ ကျောင်းစာကြည့်တိုက်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်နေတဲ့ အခြေအနေတွေကို သိပါရစေ။**

**ဒေါ်သစ်သစ်ခိုင်** ။ ။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျွန်မတို့ အခြေခံပညာဦးစီးဌာနရဲ့အခြေခံကျောင်းပေါင်း ၄၇၀၀၅ ကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ပေးထားတဲ့ ကျောင်းပေါင်း ၂၆၂၁၂ ကျောင်း ရှိပါတယ်။ နေရာအခက်အခဲကြောင့် ကျွန်မတို့ မဖွင့်လှစ်နိုင်သေးတဲ့ ကျောင်းတွေမှာဆိုရင် ကလေးတွေ ဖတ်ရှုလေ့လာသင့်တဲ့ စာအုပ်တွေကို ကျွန်မတို့ စာအုပ်ဗီရိုတွေ၊ စာအုပ်သေတ္တာတွေနဲ့ စနစ်တကျ ထားရှိနိုင်ဖို့အတွက် ပံ့ပိုးဆောင်ရွက်သွားဖို့အတွက်လည်း စီစဉ်လျက်ရှိပါတယ်။ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ပြီးကျောင်းတွေမှာလည်း ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ကျွန်မတို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းရဲ့ Asia Foundation က ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုလုပ်ငန်းကို လုပ်ကိုင်လာတာဆိုရင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းပေါင်း ၂၀ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာဆိုရင် ပညာရေးဝန်ကြီးဌာနက မိတ်ဖက်စာကြည့်တိုက်အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စာကြည့်တိုက်ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် ကျောင်းပေါင်း ၇၁ ကျောင်းကို လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းစာကြည့်တိုက်သက်ဝင်လှုပ်ရှားမှုအတွက်ဆိုရင် ဒီစာကြည့်တိုက်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနဟာ မိတ်ဖက်စာကြည့်တိုက်အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာ့အနေနဲ့ မြန်မာစာပေပံ့ပိုးကူညီမှုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့(MBAPF) ကနေ ဆောင်ရွက်နေတဲ့ စာကြည့်တိုက် စီမံချက်တွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေတွေကို ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာသန့်သော်ကောင်း** ။ ။ ကျွန်တော်တို့ ဖောင်ဒေးရှင်းက ၂၀၀၈ ခုနှစ်ကနေ စပြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်လောက်မှာ ကျွန်တော်တို့ စီမံကိန်းတစ်ခုဖြစ်တဲ့ Beyond Access ဆိုတဲ့ စာကြည့်တိုက်စီမံကိန်းတစ်ခုကို လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီစီမံကိန်းကတော့ ရပ်ရွာတွေမှာရှိတဲ့ ပြည်သူ့စာကြည့်တိုက်တွေကို ပံ့ပိုးဖို့လုပ်တာ ဖြစ်ပါတယ်။ ၂၀၁၃၊ ၂၀၁၄ ခုနှစ်လောက်မှာ ကျွန်တော်တို့ Mobile Library ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှာ ကျွန်တော်လုပ်တယ်။ Mobile Library ကလည်း မြို့ပေါင်း ၁၄ မြို့ကို ရောက်သွားပါပြီ။ ပြည်သူ့စာကြည့်တိုက်မှာပဲ ကြည့်ကြည့်၊ Mobile Library ကြည့်ကြည့် ကျွန်တော်တို့ရဲ့ အဓိက Library ကို အသုံးပြုတဲ့သူကို ကြည့်မယ်ဆိုရင် ကျောင်းသူ ကျောင်းသားတွေဟာ ၇၀ ရာခိုင်နှုန်း ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီအချိန်ကတည်းက ကျွန်တော်တို့ ဘာလုပ်ချင်လဲဆိုရင် ကျောင်းစာကြည့်တိုက်တွေကို ပြန်လည်အသက်ဝင်အောင် လုပ်ချင်တဲ့ ဆန္ဒရှိပါတယ်။

ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါမှာ နိုင်ငံတကာမှာ ကျောင်းစာကြည့်တိုက်တွေကို အတိအကျလုပ်ပေးနေတဲ့ အဖွဲ့တစ်ခု ရှိပါတယ်။ နိုင်ငံတကာအဖွဲ့ထဲမှာ Road to Read ဆိုတာရှိပါတယ်။ ဒါက အမေရိကန်အခြေစိုက်ပါ။ ဒါပေမယ့် ကမ္ဘာပေါ်က နိုင်ငံပေါင်း ၁၄ နိုင်ငံလောက်မှာ သူတို့ လုပ်နေတာရှိပါတယ်။ ကျွန်တော်တို့ Southern Asia မှာလည်း အများကြီးပါပဲ။ အဲဒီမှာ ကျောင်းပေါင်း ၂၀၀၀၀ ကျော်လောက် လုပ်ထားပြီးသားရှိပါတယ်။ ကျောင်းစာကြည့်တိုက် Rule တွေ အများကြီး Training ပေးထားပြီးသားတွေရှိတယ်။ ကျွန်တော်တို့က ဒီအဖွဲ့တွေနဲ့ ချိတ်ဆက်တယ်။ ကျွန်တော်တို့ ကြိုးစားတာ လေးနှစ်လောက်ရှိပါပြီ။ သူတို့ မြန်မာပြည်ကို ဘာလို့မလာသေးတာလဲဆိုတော့ ဒီအဖွဲ့က ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့မှာ အကုန်လုံး ပံ့ပိုးပေးနေတာတွေရှိတယ်။ နောက်ဆုံးတော့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ သူတို့ မြန်မာပြည်ကို လာလို့ရပြီလို့ အကြောင်းပြန်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က "စာဖတ်ကြစို့" စီမံကိန်းကို ၂၀၁၇ စက်တင်ဘာလမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

> **"ဘာကို Message ပေးချင်တာလဲဆိုတော့ အတူတကွ စာဖတ်ခြင်းမှာ မွေ့လျော်သွားစေတဲ့ အဓိကရည်ရွယ်ချက်ပါ။ စာဖတ်ခြင်းကို မွေ့လျော်သွားဖို့ အငယ်လေးတွေမှ လုပ်လို့ရပါတယ်။ ဒါမှ သူတို့လေးတွေ အလေ့အကျင့် ဖြစ်လာမယ်။ ဒီလို အလေ့အကျင့်ဖြစ်လာပြီဆိုရင် နောက်ပိုင်းမှာ ဆရာ ဆရာမတွေ မတိုက်တွန်းရဘဲ သူတို့ဘာသာ စာကြည့်တိုက်ကို လာချင်တဲ့ ဆန္ဒဖြစ်လာမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။ အဲဒီတော့ စာဖတ်ခြင်း အလေ့အထ၊ စာကြည့်တိုက်သွားတဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ထွန်းကားစေချင်တဲ့အတွက် အထူးသဖြင့် ကျောင်းစာကြည့်တိုက်တွေကို ပြန်လည်ထွန်းကားအောင် လုပ်ရခြင်း ရည်ရွယ်ချက်ဖြစ်ပါတယ်"**

### "စာဖတ်ကြစို့" စီမံကိန်း

ကျွန်တော်တို့ ဘာလုပ်ခဲ့လဲဆိုတော့ ဒီ "စာဖတ်ကြစို့" စီမံကိန်းအောက်မှာ အဓိကအစမ်းစာကြည့်တိုက်အလုံး ၂၀ ကို ကျွန်တော်တို့က Pilot အနေနဲ့ လုပ်ပါတယ်။ အဲဒီမှာ ဘာလုပ်ပေးလဲဆိုတော့ စာအုပ်တွေ ပံ့ပိုးပေးတယ်။ စာအုပ်ဆိုတဲ့ နေရာမှာလည်း Level အလိုက် သတ်သတ်မှတ်မှတ် လုပ်ထားတာရှိတယ်။ ကျောင်းတွေကိုလည်း ဘယ်ကျောင်းတွေပါမလဲဆိုတာ ရွေးချယ်ရတယ်။ စာအုပ်တွေပံ့ပိုးပေးတယ်။ စာအုပ်စင်တွေ ပံ့ပိုးပေးတယ်။ ကလေးပျော် စာကြည့်တိုက်လေးတွေဖြစ်အောင် ကျွန်တော်တို့ ပြန်လည်မွမ်းမံပေးတာရှိတယ်။ စာကြည့်တိုက် Training တွေ အများကြီးပေးရပါတယ်။ Training ဆိုတဲ့ နေရာမှာလည်း စာကြည့်တိုက်တစ်ခုကို ဘယ်လိုစီမံခန့်ခွဲရမလဲ၊ စာကြည့်တိုက် အချိန်တစ်ခုရဖို့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ တစ်ပတ်မှာ တစ်ချိန်ရရင် ကျွန်တော်တို့က စာဖတ်ခြင်းအမျိုးမျိုးကို မြှင့်တင်ပေးတဲ့ဟာမျိုး လုပ်ပါတယ်။ အဓိကကတော့ အလေ့အကျင့်၊ စာဖတ်ခြင်းအလေ့အထကို ပြန်လည်နိုးကြားလာအောင်လုပ်တဲ့ စီမံကိန်းဖြစ်ပါတယ်။ မူလကတော့ ကျောင်း ၂၀၊ အခုဆိုရင် ၇၁ ကျောင်း ကျွန်တော်တို့ ရောက်သွားပါပြီ။

**အစီအစဉ်မှူး ။ ။ ဆရာမတို့ရဲ့ မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းကနေပြီးတော့ စာကြည့်တိုက်အသုံးပြုတာတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာတွေရဲ့ တွေ့ရှိချက်ကိုလည်း ပြောပြပေးပါဦး။**

**ဒေါ်မြတ်စမ်းငြိမ်း**။ ။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအနေနဲ့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ၂၀၁၅ ခုနှစ်ကနေ စပြီး Asia Foundation နဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ Reenergizing School Library ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးဆိုတဲ့ စီမံချက်ကို ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ ၁၀ ကျောင်းလောက် စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလိုအကောင်အထည်ဖော်ရာမှာ လေးပိုင်းရှိပါတယ်။ ပထမဆုံးအနေနဲ့ ပရိဘောဂ၊ နောက်တစ်ခုက စာကြည့်တိုက်ဝန်ထမ်းလုပ်မယ့် ဆရာ ဆရာမများကို Training ပေးတယ်၊ နောက်တစ်ခုက facility ပေးတယ်၊ ကားပါကင်လုပ်တာတို့ လိုက်ကာတွေ လုပ်ပေးတယ်။ စာကြည့်တိုက်ကို အလှဆင်ပေးတယ်၊ နောက်ဆုံးအဆင့်ကတော့ Technology ပိုင်းအနေနဲ့ Computerized Catalogue ကို ကျွန်မတို့ ဒီစာကြည့်တိုက် ၁၀ ကျောင်းမှာ လုပ်ပေးခဲ့တယ်။

### အသိပညာဖလှယ်နိုင်ခဲ့

ဒါ့အပြင် ဒီ Asia Foundation အကူအညီနဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကနေ ဦးဆောင်ပြီးတော့ ဇွန်လမှာ ထိုင်းနိုင်ငံ ဗန်ကောက်မှာ ကျင်းပတဲ့ ပထမအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ ညီလာခံမှာ ကျွန်မတို့ကျောင်းက စာကြည့်တိုက်မှူး ဆရာ ဆရာမများနဲ့အတူ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်မှူးများ တက်ရောက်ခွင့်ရခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာလည်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာ တက်ရောက်ခွင့်ရတယ်။ ဒုတိယအကြိမ် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ တတိယအကြိမ်ကိုတော့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ လုပ်ခဲ့တာဖြစ်တယ်။ အဲဒီလိုတက်ခဲ့တဲ့အခါမှာ အခြေခံပညာ ကျောင်းက ဆရာ ဆရာမများနဲ့အတူ MLA က မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်မှူးတွေ ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းစာကြည့်တိုက်များစီမံချက် ဆောင်ရွက်နေမှုတွေကို တင်ပြဆွေးနွေးနိုင်ခဲ့တဲ့အပြင် ကျွန်မတို့ရဲ့အတွေ့အကြုံ အောင်မြင်မှုတွေ၊ စိန်ခေါ်မှုတွေကို တင်ပြနိုင်ပြီးတော့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်အောင် ကျွန်မတို့ ဒီနိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ International Association of School Librarianship (IASL) က စာကြည့်တိုက်ပညာရှင်များနဲ့ အသိပညာ ဖလှယ်နိုင်ခဲ့ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ စာကြည့်တိုက်များ တိုးတက်အောင်မြင်မှုအတွက် နည်းလမ်းတွေကို တိုင်ပင်ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် စတုတ္ထအကြိမ် ကျောင်းစာကြည့်တိုက်များ ညီလာခံ Conference ကို မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ် မေလမှာ Consal လို့ခေါ်တဲ့ Congress of Southern Asian Librarian 17 ရဲ့ Libraries Pre-Conference အနေနဲ့ နေပြည်တော်မှာ ကျွန်မတို့ ကျင်းပခွင့်ရခဲ့တယ်။ အလွန်အောင်မြင်တဲ့ Conference တစ်ခုပါ။ ကျောင်းစာကြည့်တိုက်မှူးတွေ၊ အခြေခံပညာမှ ဆရာ ဆရာမတွေ ၂၀၀ ကျော် တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်မတို့ ASEAN ဒေသတွင်းအပြင် ဂျပန်တို့ အခြားနိုင်ငံများနဲ့ အတူ ကျောင်းစာကြည့်တိုက်တွေကို ဘယ်လိုချိတ်ဆက်ပြီးတော့ နိုင်ငံတွင်း ဒေသတွင်းမှာ ဘယ်လိုအောင်မြင်အောင် လုပ်ကြမလဲဆိုတဲ့ နည်းလမ်းတွေကို ကျွန်မတို့ ရရှိခဲ့တာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အနေနဲ့ စာကြည့်တိုက်လုပ်ငန်းတွေ ဆောင်ရွက်နေမှုတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်ယုယုတင်** ။ ။ ကျွန်မတို့ ဒီတက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေ၊ ဒီဂရီကောလိပ်၊ ကောလိပ်အားလုံးကို ဦးဆောင်နေတဲ့ စာကြည့်တိုက် တစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ***တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ စာအုပ်စာတမ်းတွေအပြင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ပေ၊ ပုရပိုက်တွေ အားလုံးကိုလည်း စုဆောင်းထားရှိပါတယ်။ ဒီလိုစုဆောင်းထားရှိရာမှာ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်ပေါင်း ၆၀၀၀၀၀ ကျော်ရှိတယ်၊ ပေ၊ ပုရပိုက်တွေက ၂၁၀၀၀ ကျော်ရှိပါတယ်။ microfilm ဆို ၅၀၀၀ ကျော် ရှိမယ်။ Thesis တွေ စာတမ်းရှင် Term paper အကြမ်းအားလုံးက ၂၈၀၀၀ ကျော်ရှိပါတယ်။***

အဲဒီစုဆောင်းထားတဲ့ ပစ္စည်းတွေအားလုံးကို ကျောင်းသား ကျောင်းသူတွေနဲ့ ပြင်ပသုတေသနပြုလုပ်သူတွေ အားလုံးကို သိရှိနိုင်ဖို့အတွက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ ဌာန ၁၀ ခုထားပြီးတော့ ကျောင်းသား ကျောင်းသူများအားလုံးအသုံးပြုနိုင်မယ့်အဆင့်ထိ ရောက်အောင် ပြုလုပ်ပေးထားပါတယ်။ ဌာနစိတ်တွေဆိုရင်တော့ မြန်မာစာပြဌာနစိတ်၊ အင်္ဂလိပ်စာပြဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ် ရှိပါတယ်။ ရည်ညွှန်းဌာနစိတ်၊ စာငှားဌာနစိတ်၊ e-Library section ရှိမယ်။ နောက်တစ်ခါ စာပေပစ္စည်းထိန်းသိမ်းရေးဌာနစိတ်နဲ့ စာအုပ်လဲလှယ်ရေးနှင့် လှူဒါန်းရေးဌာနစိတ်၊ microfilm ဌာနစိတ်ဆိုပြီးတော့ ဌာနတွေ ရှိပါတယ်။ အဲဒီဌာနတွေကနေ စာအုပ်တွေ၊ စာပေပစ္စည်းတွေ စုဆောင်းတာတွေ အားလုံးကို စနစ်တကျ ပြုလုပ်ထားပြီးတော့ ကျောင်းသား ကျောင်းသူတွေ ငှားလို့ရအောင် အဆင်သင့်ပြုလုပ်ပေးထားပါတယ်။ ငှားရမ်းတဲ့အခါမှာလည်း ကျောင်းသား ကျောင်းသူတွေကို နှစ်အုပ်ကို နှစ်ပတ်ပေးငှားပါတယ်။ ဆရာ ဆရာမတွေကိုတော့ ငါးအုပ်ကို နှစ်ပတ် ပေးငှားပါတယ်။ စာအုပ်ငှားရမ်းတဲ့အခါမှာဆိုရင် ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ သုတေသီတွေ အားလုံးဟာ Catalogue ကို ရှာတဲ့အခါမှာ e-Catalogue လို့ခေါ်တဲ့ ကွန်ပျူတာကနေရှာတဲ့ System Library Automation System ကနေ ရှာလို့ရပါတယ်။

***manual ဖြစ်တဲ့ စာကြည့်တိုက်ရဲ့ Catalogue cabinet ကနေပြီးတော့လည်း စာအုပ်တွေကို ရှာလို့ရပါတယ်၊ ရှာပြီးတဲ့အခါမှာလည်း online အနေနဲ့ ကျွန်မတို့ရဲ့ UCL Website ကနေ e-Catalogue တွေကနေ ရှာလို့ရပါတယ်။ UCL Website မှာ တက္ကသိုလ်ကောလိပ် ၂၃ ခုစလုံးရဲ့စာအုပ်တွေ၊ Catalogue တွေ တင်ထားတဲ့ အတွက်ကြောင့်မို့လို့ ကိုယ်ဖတ်ချင်တဲ့ စာအုပ်ကို ရှာလို့ရပြီးတော့ အဲဒီစာအုပ်တွေအားလုံးကို Inter Library Loan လို့ခေါ်တဲ့ စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီးတော့ အားပေးတာမျိုးနဲ့ ငှားပေးပါတယ်။*** ဒီလို စာအုပ်တွေငှားလို့ရတဲ့ အပြင် online အနေနဲ့လည်း e-resources တွေ e - database တွေကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံ စာကြည့်တိုက်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့ထားတာရှိပါတယ်။ တက္ကသိုလ်ကောလိပ် ကိုးခုကနေပြီးတော့ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားချက်နဲ့ ကျွန်မတို့ ဝယ်ပေးပါတယ်။ အဲဒါတွေကိုလည်း online ကနေပြီးတော့ ကြည့်လို့ရပါတယ်။ အဲဒီမှာဆိုရင် e-Journal ပေါင်း ၂၂၀၀၀ ရှိပါတယ်။ e-books ပေါင်း ၂၅၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီလိုမျိုး ကြည့်ပြီးတော့ ကိုယ်လိုချင်တဲ့ Data တွေ Information တွေကို Print ထုတ်တာ၊ Copy လုပ်တာ၊ Scan ဖတ်တာ၊ Digital type လုပ်တာတွေ အားလုံးကို စာကြည့်တိုက်ကနေ ဝန်ဆောင်မှုပြုလုပ်ပေး နေပါတယ်။

### ဝန်ဆောင်မှုပြုလုပ်ပေး

နောက်တစ်ခါ စာကြည့်တိုက်ကနေ စာဖတ်သူတွေ၊ အသုံးပြုသူတွေ များလာဖို့အတွက် စာကြည့်တိုက်ကို စိတ်ဝင်စားအောင် ရောက်လာတဲ့ စာအုပ်တွေကိုလည်း Display လုပ်တာမျိုး၊ Orientation လုပ်ပေးတာမျိုး စီစဉ်ပေးပါတယ်။

***စာမျက်နှာ ၁၁ သို့***

*စာမျက်နှာ ၁၀ မှ*

ပြီးရင် ဒီစာကြည့်တိုက်တွေမှာ လာအသုံးပြုကြတဲ့သူတွေက အကြံပြုပြီးတော့ ဒီစာအုပ်တွေကို ဝယ်ပေးပါဆိုရင်လည်း ကျွန်မတို့က ဝယ်ပေးပါတယ်။ နောက်ပြီးတော့ သက်ဆိုင်ရာဌာန Department တွေနဲ့လည်း ညှိပြီးတော့ စာအုပ်တွေ ဖြည့်ဆည်းထားပေးပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ့အနေနဲ့ ဒီစာကြည့်တိုက်တွေကို အသုံးပြုဖို့ လိုအပ်ရတဲ့ အကြောင်းရင်းလေးကို ရှင်းပြပေးပါ။**

**ဒေါက်တာသန့်သော်ကောင်း ။** ။ စာကြည့်တိုက်တွေ သုံးမယ်ဆိုရင် အသိပညာတွေ၊ အတတ်ပညာတွေ အများကြီး ဆည်းပူးနိုင်မယ်။ ဒါကတော့ အရေးကြီးပါတယ်။ ဒီ "စာဖတ်ကြစို့" စီမံကိန်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကလေးပျော် စာကြည့်တိုက်လေးတွေဖြစ်လာဖို့ ဖြစ်ပါတယ်။ ကလေးပျော် စာကြည့်တိုက်ဆိုတာက စာဖတ်ခြင်း အလေ့အထပါ။ ဒီအလေ့အထလေးတွေ ပြန်လည်နိုးကြားလာဖို့အတွက် သူတို့ကို ပြန်လည်နှိုးဆွပေးတဲ့ သဘောပါ။ အဲဒါကို အဓိကထားပြီး လုပ်တာဖြစ်ပါတယ်။ ကလေးတွေ စာကြည့်တိုက်ကိုလာရင် ပျော်ရမယ်၊ အဲဒီ Message ကို ကျွန်တော်တို့က အဓိကပေးပါတယ်။ လာချင်စဖွယ်ဖြစ်အောင်လည်း အခန်းကို ပြင်ဆင်ထားပါတယ်။ ပုံလေးတွေ ပြထားတယ်။ အခန်းနံရံဆေးရေးပန်းချီလေးတွေ လုပ်ပေးထားတယ်။ တချို့နိုင်ငံခြားသားတွေကို ခေါ်ပြီးပြရင်တောင် သူတို့နိုင်ငံတွေမှာ ဒါမျိုးမရှိဘူးဆိုတဲ့ Message ကိုရပါတယ်။

အဲဒီတော့ ကလေးတွေဟာ လာချင်စဖွယ် စာကြည့်တိုက်ကို လာမယ်။ စာဖတ်ခြင်း အလေ့အထတွေကို ပြန်ရအောင်လုပ်မယ်။ ကျွန်တော်တို့ အဓိက Target ထားတာကတော့ မူလတန်း အရွယ်လေးတွေပါ။ ဒီအရွယ်လေးတွေဆိုရင် တစ်တန်းကနေပြီးတော့ ခြောက်တန်းအထိပါ။ ဒီအရွယ်လေးတွေကို ကျွန်တော်တို့က Habit လုပ်ရတာ လွယ်တယ်။ အခန်းလေးကလည်း လာချင်စဖွယ်ဖြစ်လာပြီ၊ အဲဒီအချိန်မှာ ကျွန်တော်တို့က Training တွေထဲမှာ ဘာလုပ်ထားလဲဆိုတော့ စာဖတ်ခြင်းလေးမျိုးကို သင်ပေးထားတာရှိပါတယ်။ စာကြည့်တိုက်ကို တစ်ပတ်တစ်ကြိမ်သွားရမယ်ဆိုတာ Curriculum မှာလည်း ပါလာပြီဆိုတော့ အတန်းပိုင်ဆရာမကနေ ကလေးတွေကို ခေါ်လာမယ်။ တစ်တန်း၊ နှစ်တန်း အရွယ်လေးတွေကို ဆရာမက ရှေ့ကနေဖတ်ပြရမယ်။ Reading Aloud အသံထွက်ဖတ်နည်းလို့ ခေါ်တယ်။ ကလေးတွေက နားထောင်ရတယ်။ နှစ်တန်းလောက်ဆိုရင် စပြီးဖတ်လို့ရပါပြီ။ အတူတကွ စာဖတ်ခြင်း Share Reading လို့ ခေါ်တယ်၊ ဆရာမကလည်း စာအုပ်တစ်အုပ် ကိုင်ထားမယ်၊ ကလေးတွေကလည်း ကိုင်ထားမယ်ဆိုရင် အားလုံးဟာ စာအုပ်တစ်အုပ်တည်းကိုပဲ အတူတူ ဖတ်ကြတာပေါ့။

**စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်**

နောက်တစ်ခုက သုံးတန်း၊ လေးတန်းလောက်ဆိုရင် ကျွန်တော်တို့က Pair Reading နှစ်ယောက်တွဲ၊ နှစ်ယောက်တွဲလေးတွေ ဖတ်တယ်၊ နောက်ထပ် နည်းနည်းကြီးသွားပြီ ဆိုရင်တော့ တစ်ဦးချင်းဖတ်တာပေါ့။ Independent Reading လို့ ခေါ်ပါတယ်။ ဘာကို Message ပေးချင်တာလဲဆိုတော့ အတူတကွ စာဖတ်ခြင်းမှာ မွေ့လျော်သွားစေတဲ့ အဓိကရည်ရွယ်ချက်ပါ။ စာဖတ်ခြင်းကို မွေ့လျော်သွားဖို့ အငယ်လေးတွေမှ လုပ်လို့ရပါတယ်။ ဒါမှ သူတို့လေးတွေ အလေ့အကျင့် ဖြစ်လာမယ်။ ဒီလို အလေ့အကျင့်ဖြစ်လာပြီဆိုရင် နောက်ပိုင်းမှာ ဆရာ ဆရာမတွေ မတိုက်တွန်းရဘဲ သူတို့ဘာသာ စာကြည့်တိုက်ကို လာချင်တဲ့ ဆန္ဒဖြစ်လာမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အဓိက ရည်ရွယ်ချက် ဖြစ်ပါတယ်။ အဲဒီတော့ စာဖတ်ခြင်း အလေ့အထ၊ စာကြည့်တိုက်သွားတဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ထွန်းကားစေချင်တဲ့အတွက် အထူးသဖြင့် ကျောင်းစာကြည့်တိုက်တွေကို ပြန်လည်ထွန်းကားအောင် လုပ်ရခြင်း ရည်ရွယ်ချက် ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီစာကြည့်တိုက်တွေ အသုံးပြုလာတာနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်သင့်တာလေးတွေကိုလည်း ဆရာမက ဆက်ပြီးပြောပြပေးပါဦး။**

**ဒေါ်မြတ်စမ်းငြိမ်း ။** ။ စာကြည့်တိုက် အသုံးပြုတာနဲ့ ပတ်သက်ပြီး ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေး စီမံချက်အပြင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနဲ့ ၂၀၁၇ ခုနှစ်မှာ ကျောင်း ၁၀ ကျောင်းမှာ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနရဲ့ အကူအညီနဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။ စာကြည့်တိုက်များ ပြန်လည်ရှင်သန် တိုးတက်ရေးဆိုပြီး သိသာတဲ့ Impact ကို ရရှိပါတယ်။ တချို့ကျောင်းတွေမှာဆိုရင် ၂၀၁၅ ခုနှစ်လောက်က စာဖတ်သူဦးရေ တစ်နှစ်ကို ၆၀၀ ပဲရှိပါတယ်။ ၂၀၁၆ မှာဆိုရင် ၆၀၀၀။ ၂၀၁၇ ခုနှစ်မှာ ၇၀၀၀ အထိ တိုးတက်လာတာ တွေ့ရပါတယ်။ တခြား Data တွေလည်း (၁၀၀ ရာခိုင်နှုန်း) လောက်ကို တိုးတက်လာတာတွေ့ရပါတယ်။ ဒါဟာ Usage System distinct အမြဲကောက်နေကြတာ ဖြစ်ပါတယ်။

> **"အဓိကက ကျောင်းမနေမီ အရွယ်ကလေးတွေကနေ စာဖတ်ခြင်းအလေ့အထကို မိဘတွေက အိမ်မှာပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို အလေ့အကျင့်ရှိသွားပြီဆိုရင် ကျောင်းစတက်တဲ့အချိန်မှာ ကလေးတွေဟာ သိပ်ပြီး တိုက်တွန်းစရာ မလိုဘဲနဲ့ စာဖတ်စွမ်းရည်မြင့်လာမယ့် အခြေခံကောင်းတွေရလာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကလေးတွေဟာ စာဖတ်ရတာ ပျော်လာမယ်"**

အဓိကက ကျောင်းမနေမီ အရွယ်ကလေးတွေကနေ စာဖတ်ခြင်း အလေ့အထကို မိဘတွေက အိမ်မှာပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို အလေ့အကျင့်ရှိသွားပြီဆိုရင် ကျောင်းစတက်တဲ့ အချိန်မှာ ကလေးတွေဟာ သိပ်ပြီး တိုက်တွန်းစရာ မလိုဘဲနဲ့ စာဖတ်စွမ်းရည်မြင့်လာမယ့် အခြေခံကောင်းတွေရလာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကလေးတွေဟာ စာဖတ်ရတာ ပျော်လာမယ်။ အဲဒီအတွက်ကြောင့် ကျွန်မတို့ တကယ်ကို အားကောင်းတဲ့ အစီအမံတွေကို ဒီ Let's Read Project နဲ့ ဆရာဒေါက်တာ သန့်သော်ကောင်းတို့နဲ့ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံစာကြည့်တိုက် အသင်းကလည်း တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းပေးတာ ဖြစ်ပါတယ်။ ကလေးတွေအတွက် မှန်ကန်တဲ့ အဆိပ်အတောက်ကင်းတဲ့ စာပေများကို ကျွန်မတို့ စာကြည့်တိုက်မှူးများ ကိုယ်တိုင်ရွေးချယ်ပြီးတော့ ဝယ်ပေးထားတာ ဖြစ်ပါတယ်။ မိဘများ၊ ဆရာ ဆရာမများကိုလည်း ကျွန်မတို့က ဘယ်လိုရွေးချယ်ပြီး ဝယ်ပေးရမလဲဆိုတာပါ သင်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဆရာ ဆရာမတွေကလည်း ဘယ်လိုစာအုပ်မျိုး ရွေးချယ်သင့်သလဲ၊ ဘယ်လို စာအုပ်မျိုးကတော့ ဘယ်အတန်း၊ ဘယ် Grade Level လဲဆိုတာကို တစ်ခါတည်း သင်ပေးသွားတာ ဖြစ်ပါတယ်။


စာကြည့်တိုက်တစ်ခု တည်ရှိခြင်းရဲ့ အဓိက ရည်ရွယ်ချက်က ကလေးတွေ စာဖတ်ခြင်း အလေ့အထ တိုးတက်လာအောင်နဲ့ စာဖတ်စွမ်းရည်မြင့်လာအောင် ဖြစ်ပါတယ်။ ကျွန်မတို့ ဒီ project တွေ လုပ်တဲ့အခါမှာ ဘာလေ့လာရလဲဆိုတော့ စာဖတ်စွမ်းရည်ကို စာသင်ခန်းထဲမှာ သင်လို့ရတယ်။ စာဖတ်အလေ့အထကို စာကြည့်တိုက်မှာပဲ လုပ်လို့ရတယ်။ ဒါကို သိလာရတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကလေးတွေဟာ ဝေါဟာရကြွယ်လာတယ်။ ဝေါဟာရကြွယ်လာပြီ၊ ပြောတတ်လာပြီဆိုရင် သူတို့က လူကြားထဲမှာဖြစ်ဖြစ်၊ ကျောင်း Assembly ရှေ့မှာပဲဖြစ်ဖြစ် စကားပြောတဲ့အခါမှာ မိမိကိုယ်ကို ယုံကြည်မှုရှိလာမယ်။ မနေ့က အင်းစိန်မြို့နယ် ကျောင်းစာကြည့်တိုက် သွားတဲ့အခါ ကျောင်းအုပ်ကြီးက သူတို့ Assembly တိုင်းမှာ ကလေးတွေကို စာအုပ်တစ်အုပ်ဖတ်ပြီးတော့ အဲဒီစာအုပ်ကို ကလေးတစ်ယောက်စီကို ဘာစာအုပ်လဲဆိုတာ Book Review အနေနဲ့ ကလေးအားလုံးရှေ့ တစ်ကျောင်းလုံးရဲ့ရှေ့မှာ ပြန်ပြောပြတဲ့ အလေ့အထကို လုပ်ပေးနေတာ တွေ့ရတယ်။ ဒါအလွန်ကောင်းတဲ့ အလေ့အကျင့်လေး တစ်ခုပါ။ ဆက်ပြီးတော့ ကျောင်းတိုင်းပျိုးထောင်ပေးဖို့ လိုပါတယ်။

**ဗဟုသုတတွေရမယ့်နေရာ**

အဓိက ကတော့ ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေ ပျော်ရွှင်ချမ်းမြေ့တဲ့ အတွေ့အကြုံ ခံစားရအောင် ကျွန်မတို့က ဒီစာကြည့်တိုက် ကလေးကို ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ ဒါဟာ ပထမဆုံးလုပ်ရမယ့် အဆင့်ပါ။ နောက်တစ်ဆင့်ကတော့ ကျောင်းသား ကျောင်းသူတစ်ဦးစီအတွက် စာကြည့်တိုက်ကို လာတဲ့အချိန်မှာ ထူးခြားတဲ့ ပျော်ရွှင်မှုကို သူတို့ခံစားသွားရမှာဖြစ်ပါတယ်။ သူတို့ပျော်ရွှင်ပြီဆိုရင် ထပ်ခါ ထပ်ခါ လာချင်မယ်။ ထပ်ခါထပ်ခါ စာဖတ်ချင်မယ်၊ အဲဒီလိုဖတ်တဲ့အခါမှာ အိမ်မှာရော ကျောင်းမှာပါ ဖတ်နေဖို့ လိုပါတယ်။ အိမ်မှာ အရေးကြီးဆုံးကတော့ မိဘများပါပဲ။ မိဘတွေက သူတို့စာဖတ်နေတဲ့အချိန်မှာ အဟန့်အတားဖြစ်စေမယ့် မှားနေတယ်ဆိုတဲ့ ထောက်ပြမှုမျိုး မလုပ်ဘဲနဲ့ ကျောင်းမှာလည်း ဆရာ ဆရာမတွေက သူတို့ဖတ်နိုင်တဲ့အချိန်မှာ အဟန့်အတားဖြစ်စေတဲ့ စကားလုံးမျိုး၊ ဆူပူတဲ့စကားလုံးမျိုး မပြောဘဲနဲ့ စာဖတ်ခြင်းကို အနှောင့်အယှက်မဖြစ်စေဘဲ ဆက်လက်ပြီးတော့ စာဖတ် ပျော်လာအောင် လုပ်ပေးဖို့ လိုပါတယ်။ ဒါဆိုရင် ဒီကျောင်းစာကြည့်တိုက်ဆိုတာက တကယ်ကို သူတို့အတွက်က အတွေ့အကြုံကောင်းတွေ၊ ဗဟုသုတတွေ၊ ပျော်ရွှင်မှုတွေရရှိမယ့် တကယ့်နေရာ တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ။

**သတင်းအဖွဲ့**

*(ဆက်လက်ဖော်ပြပါမည်)*




**ဇာစ်မြစ် ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။**

## ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**လားရှိုး ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးမြို့နယ် ဦးစီးမှူးရုံး၏ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးဦးဝင်းမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၂ ကတ်ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**

## ကံကလေး-မုံရွာကားလမ်း ၂၄ ပေချဲ့၍ ကတ္တရာခင်းမည်

**ပြည် ဇန်နဝါရီ ၂၇**

ကံကလေး(ပုသိမ်)မုံရွာကားလမ်းသည် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော ပြည်ထောင်စုလမ်းမကြီး စာရင်းဝင်လမ်း ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို အဓိက ဆက်သွယ်ထားသော ၄၃ မိုင် ၄ ဖာလုံရှိ ကားလမ်းဖြစ်သည်။ မိုင်တိုင်စသည့် မြို့မှာ ဧရာဝတီတိုင်းဒေသကြီး နယ်စပ်ကြပ်ပြို့ရွာ ဖြစ်ပြီး မိုင်တိုင်ဆုံးသည့်ရွာမှာ မကွေးတိုင်းဒေသကြီး နယ်စပ် ကျီးပင်ရွာဖြစ်သည်။

ဖြတ်သန်းသွားသည့် မြို့ရွာများမှာ ပဲခူးတိုင်းဒေသကြီးအဝမှ ကြပ်ပြို့ ရွာ၊ ရေတွင်းလှရွာ၊ စာစီရွာ၊ လက်ပံခုံရွာ၊ တောင်ရိုးရွာ၊ သပြေလှရွာ၊ ဂုံညင်းရွာ၊ အိုးဝေရွာ၊ ထန်းပင်ကွင်းရွာ၊ ကျီးချောင်းရွာ၊ ပြင်ကြီးအဝင်ရွာ၊ သူရဲတန်းရွာ၊ ကျီးအင်းရွာ၊ ကြာအင်းရွာ၊ သစ်ဆက်ရွာ၊ ကန့်ကူရွာ၊ ကျောက်ဖူးရွာ၊ ဆင်လူရွာ၊ ကျွဲရဲရွာ၊ တောင်ဘိုကြီးရွာ၊ မြေရွာကုန်းရွာ၊ သံလယ်ကြီးရွာ၊ ကျောင်းဦးရွာ၊ သပြေတန်းရွာ၊ ကျီးပင်ရွာတို့ ဖြစ်သည်။

မူလက ၁၂ ပေရှိ အကျယ် ကတ္တရာလမ်း တစ်လမ်းဖြစ်သော်လည်း ၂၀၁၀ ပြည့်နှစ် ဇွန်လပိုင်းမှ စတင်၍ အဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ၁၆ ပေ ကတ္တရာလမ်း ၁၃ မိုင် ၃ ဖာလုံ နှင့် ၁၆ ပေ အကျယ်ကတ္တရာလမ်း မိုင် ၃၀ တစ်ဖာလုံကို ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရပြီး ၂၀၁၈ မီနီဘတ်ဂျက်ကုန်ဆုံးချိန်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ခရိုင် လမ်းဦးစီးက ၂၄ ပေအကျယ်ကို နှစ်မိုင် ခြောက်ဖာလုံတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန်အတွက် ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်း - စိုးမြင့်**



# အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြားပြီး အကြံပြုဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၇**
အောင်ဆန်းရုပ်ရှင် ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများနှင့် အကြံပြုဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်း ကော်မတီတွဲဖက်အတွင်းရေးမှူး ၂ ဦးလှမင်းက ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာ ပန်းချီစိုးမိုးက အောင်ဆန်းရုပ်ရှင်တွင် ပါဝင်သည့် ဇာတ်ကောင်များ၏ စရိုက်လက္ခဏာများနှင့်စပ်လျဉ်း၍ ဆရာကြီး၊ ဆရာမကြီးများကအကြံပြု ဆွေးနွေးပေးပါရန် ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဆရာကြီးဒေါက်တာသန်းဦး၊ ဂုဏ်ထူးဦးသိန်းနိုင်၊ အထောက်တော် စိန်ထွန်းအောင်၊ ဆရာချစ်စံဝင်း၊ တက္ကသိုလ်လှကြွယ်၊ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ဒေါ်ကြည်ကြည်လှ (ကြည်ကြည်လှ)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ ဒေါက်တာတင်အောင်အေး၊ တက္ကသိုလ်စိန်တင်၊ ဦးမောင်မောင်စိုးတင့်၊ ဦးဝင်းငြိမ်း၊ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းအေးတို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်း၏ စရိုက်လက္ခဏာ၊ စိတ်ဓာတ်၊ စိတ်နေစိတ်ထား၊ အပြောအဆို၊ အမူအရာ၊ အနေအထိုင်၊ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် စကားများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွှယ်သူများ၏ စရိုက်လက္ခဏာများ၊ စိတ်နေစိတ်ထား၊ ဝတ်စားဆင်ယင်မှုများ စသည်တို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

စာရေးဆရာ တက္ကသိုလ်စိန်တင်က "ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားက မရိုက်မဖြစ် ဇာတ်ကားပါ၊ အသက်ပေးပြီး မြန်မာ့လွတ်လပ်ရေးကို ရအောင်ယူပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ဇာတ်ကားတစ်ကား ရှိကိုရှိရမယ်၊ မရှိလို့မဖြစ်ပါဘူး၊ နောင်လာ နောက်သားတွေအတွက် နယ်ချဲ့ကိုတိုက်ခဲ့တဲ့ ဗိုလ်ချုပ်ကို ပြချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြောသွားတဲ့ စကားတွေ ဇာတ်ကားရိုက်တဲ့အခါမှာ မပါမှာစိုးလို့ ဆွေးနွေးခဲ့တယ်၊ ပြည်သူတွေ မျှော်လင့်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ကြီးက မကြာခင် အကောင်အထည်ပေါ် လာပါတော့မယ်" ဟု ပြောသည်။

ဆရာကြီး ဒေါက်တာသန်းဦးက "၁၉၄၆-၁၉၄၇တုန်းက ဆရာကြီးက ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လွတ်လပ်ရေးကြိုးပမ်းနေတဲ့ကာလ ဗိုလ်ချုပ်က တရားလာဟောတဲ့အချိန် ကိုယ်တိုင်မြင်တွေ့ခဲ့ရတယ်၊ ပြောတဲ့စကားတွေလည်း ကိုယ်တိုင်ကြားခဲ့ရတယ်၊ မှတ်သားခဲ့ရတော့ စိတ်ထဲမှာအင်မတန် ကြည်နူးခဲ့ရတယ်၊ ဗိုလ်ချုပ်ကဖြောင့်မတ်တယ်၊ ရိုးရှင်းတယ်၊ ဖြူစင်တယ်၊ ဟန်ကြီးပန်ကြီးမရှိဘူး၊ သူ့ရုပ်ရှင်ကိုရိုက်တဲ့အခါမှာ ကြည့်မယ့်ကလေးတွေက နောင်လာနောက်သားတွေဖြစ်တယ်၊ ဗိုလ်ချုပ်ရဲ့ စရိုက်လက္ခဏာကို ပေါ်အောင်ပြနိုင်ဖို့ လိုတယ်၊ အတုမြင် အတတ်သင်ဆိုသလို ကလေးတွေ အတုယူစေချင်တယ်၊ လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်း ဆောင်ရွက်ပေးသွားတဲ့ ဗိုလ်ချုပ်လို ကျန်တဲ့သူတွေကလည်း လွတ်လပ်ရေးကို အသက်နဲ့လဲပြီးထိန်းမယ်ဆိုတဲ့ စိတ်မျိုးပေါ်လာစေချင်တယ်၊ အဲဒါကိုပေါ်လာအောင် ဒီရုပ်ရှင်က message ပေးသွားနိုင်ဖို့ မျှော်လင့်တယ်၊ ဗိုလ်ချုပ်ပြောသွားတဲ့ "ပန်းတိုင်ကို မျက်ခြည်မပြတ်နဲ့" ဆိုတဲ့ စကားက သမိုင်းတစ်ခုလုံး၊ သူပြောသွားတဲ့ မိန့်ခွန်းတစ်ခုလုံးရဲ့ အနှစ်ချုပ်လို့ ပြောလို့ရတယ်" ဟုပြောသည်။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီး ဒေါ်ခင်ကြည်က ရိုးသားဖြူစင်တယ်၊ သူများကိုလည်း ကူညီတတ်တယ်၊ ရိုးသားစွာဝတ်ဆင်တယ်၊ စနစ်တကျ သုံးစွဲတယ်၊ သည်းခံနိုင်တဲ့စိတ်လည်း ရှိတယ်" ဟု ဒေါ်ခင်ကြည်၏ စိတ်နေစိတ်ထားနှင့် ပတ်သက်ပြီး ဆရာမကြီး ဒေါ်ကြွယ်ကြွယ်က ပြောသည်။




**အောင်ဆန်းရုပ်ရှင် ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများ၏ အကြံပြုဆွေးနွေးပွဲတွင် ဒါရိုက်တာ ပန်းချီစိုးမိုး ရှင်းလင်းတင်ပြစဉ်။**

**ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွန်း**

# ရန်ကုန်-ချုံချင်း တိုက်ရိုက်လေကြောင်းခရီးစဉ်သစ် စတင်ပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၂၇**
ရန်ကုန်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင်းမြို့ကို တိုက်ရိုက်ခရီးစဉ်သစ်အဖြစ် ယနေ့စတင်ခဲ့ရာ ယင်းခရီးစဉ်ကြောင့် တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ပြီး အာရှဒေသသို့ ဈေးကွက်အသစ်တိုးချဲ့ခြင်းအတွက် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သူဦးရေမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ နှစ်သိန်းနီးပါးရှိခဲ့ပြီး အောက်တိုဘာလတွင် ဆိုက်ရောက်ဗီဇာ ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ လာရောက်သူဦးရေ တစ်သိန်းခန့် ထပ်မံဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။ သွားလာမှုများပြားသည့် ခရီးစဉ်များအဖြစ် တရုတ်နိုင်ငံရှိ မြို့အတော်များများသို့ တိုက်ရိုက်ပြေးဆွဲနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုးပမ်းလျက်ရှိရာ ယခုကဲ့သို့ ခရီးစဉ်သစ်များ ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ အမှုဆောင်အရာရှိချုပ် မစ္စတာ Jose Angeja က ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာ လေကြောင်းလိုင်းအသစ် တစ်ခုပြေးဆွဲပေးတယ်ဆိုတာထက် ပိုပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှု စဉ်ဆက်မပြတ်တိုးတက်နေတယ်ဆိုတာ ဖော်ပြနေပါတယ်။ အခုပြေးဆွဲမယ့်လေကြောင်းလိုင်းက Hainan လေကြောင်းလိုင်းဖြစ်ပြီး မြန်မာနိုင်ငံကို ပထမဆုံး ချိတ်ဆက်ပျံသန်းတဲ့ ခရီးစဉ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကို ရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ခရီးသွားတွေကို ပိုမိုပို့ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက ပြောသည်။

အရှေ့တောင်အာရှ လေကြောင်းခရီးစဉ်များသည် ယင်းလေကြောင်းလိုင်းအတွက်အရေးကြီးသည့် ဒေသတွင်းဈေးကွက်တစ်ခု ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသို့လည်း ပျံသန်းပြေးဆွဲခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ်သည် ဒေသတွင်းမဟာဗျူဟာအရ အရေးပါကြောင်း၊ လက်ရှိတွင်လည်း တရုတ်ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံသို့ ရွေးချယ်ဝင်ရောက်မှုမှာ များပြားလျက်ရှိခြင်းကြောင့် ရွေးချယ်ရကြောင်း Hainan လေကြောင်းလိုင်း၏ တာဝန်ရှိသူ မစ္စတာ Vincent W က ယနေ့ကျင်းပသည့် ရန်ကုန်-ချုံချင်း ခရီးစဉ်သစ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် အခု ၃၀ ကို ဝန်ဆောင်ပေးနေပြီး လေဆိပ်သို့ ၂၀၁၈ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၆ သန်းကျော်ခန့် ဝန်ဆောင်မှုပေးထားကြောင်းသိရသည်။

**သွန်းဝသန်**
**ဓာတ်ပုံ-အဲလက်စ်**



**ရန်ကုန်-ချုံချင်း တိုက်ရိုက်ပြေးဆွဲမည့် လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**



**ရတနာပုံတိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ထိုးဖောက်မှုကို ရန်ကုန်နောက်ခံလူ သူရိန်စိုး ဖျက်ထုတ်နေစဉ်။**

◆ *ကျောဖုံးမှ*

တိုက်စစ်အားပြုကစားလာပြီး ၂၉ မိနစ်တွင် ရတနာပုံနောက်တန်းအမှားကို အသုံးချကာ မီလာက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်တွင် လှိုင်းဘိုဘိုက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဒုတိယဂိုးရယူခဲ့ပြီး ၅၈ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ကာ ကောင်းထက်စိုး၊ သူရိန်စိုးနှင့် သက်ပိုင်စိုးတို့ဝင်လာပြီး နောက်ပိုင်းတွင် ကစားအားတက်လာကာ ဂိုးသွင်းခွင့်များ ပြန်လည်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးများ လေးကြိမ်ထက်မနည်းရခဲ့သော်လည်း ၇၃ မိနစ်တွင် ကောင်းထက်စိုး သွင်းယူသည့် တစ်ဂိုးသာပြန်ရခဲ့၍ အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် ရှောဝတီအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၃) အပြီးတွင် ရန်ကုန်နှင့် ဟံသာဝတီအသင်းက ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်၊ ရခိုင်၊ ရှောဝတီနှင့် ရတနာပုံအသင်းတို့က ငါးမှတ်စီ၊ စစ်ကိုင်းနှင့် ဇွဲကပင်အသင်းက လေးမှတ်စီ၊ ဒဂုံနှင့် Southern အသင်းက သုံးမှတ်စီ၊ မကွေးနှင့် Chinland အသင်းက တစ်မှတ်စီရထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ -စိုးညွန့်**

# မြောက်ဥက္ကလာပမြို့နယ် အားကစားဖွံ့ဖြိုးရေး အားကစားပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**
မြို့နယ်အားကစားဖွံ့ဖြိုးရေး အစီအစဉ် (TSDP)အရ ကျင်းပသော မြောက်ဥက္ကလာပမြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံအသက် ၂၁ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်ညနေပိုင်းက မြောက်ဥက္ကလာပမြို့နယ် မဏ္ဍိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေ့ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌတို့က ပြိုင်ပွဲကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် မြို့နယ်တိုက်ကွမ်ဒို အားကစားအသင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ဝူရှူး၊ ကျွမ်းဘားအားကစားနည်းများသရုပ်ပြသကြပြီး ပထမနေ့ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ထို့ပြင် မြို့နယ်အားကစားဖွံ့ဖြိုးရေး အစီအစဉ် (TSDP) အရ ကျင်းပပြုလုပ်မည့် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ လည်းကောင်း၊ မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၁ရက်အထိ လည်းကောင်း၊ ရိုးရာခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်အထိ လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

**၂၀၁၉ ခုနှစ် တရုတ်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းနှင့် အသက် ၂၃နှစ်အောက် ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲများကို ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ အသက် ၂၃ နှစ်အောက် တံခွန်စိုက်ဆုရရှိသည့် အသင်းအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ဆုချီးမြှင့်စဉ်။**
ဗလစိုး



## မြန်မာ့ရုပ်မြင်သံကြား

၂၈-၁-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၅ - BBC Click
၁၁း၀၀ - လုံမမှတ်စု (၇၂)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၄၅ - "မိုးခိုရာ" (သီလ)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၂၄)
၁၄း၃၅ - Tasty Trip

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇း၀၅ - This Week's Special Interest
၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ပြည်သူ့ဝန်ထမ်းများက ဥပဒေအရထုတ်ဆင့်တဲ့အမိန့်များကို လိုက်နာရမည့်တာဝန်နှင့်သိကောင်းစရာ" (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဝေဖြိုးဟိန်း၊ အေးချမ်းမြတ်ဖြိုး) (ဒါရိုက်တာ-ဝေဠု(ဝသန်))
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ထူးခြားထင်ရှားနောင်ချိုမြို့က ဂုတ်ထိပ်တံတား"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃၉)

# တပ်ကုန်းမြို့နယ်တွင် မီးလောင်မှုဖြစ်၍ နေအိမ်တစ်လုံးနှင့် နွားတင်းကုတ်တစ်လုံး ဆုံးရှုံး

**တပ်ကုန်း ဇန်နဝါရီ ၂၇**

တပ်ကုန်းမြို့နယ် လက်ပံတောကျေးရွာတွင် ဇန်နဝါရီ၂၇ရက် နံနက်ပိုင်းက မီးလောင်မှု ဖြစ်၍ နေအိမ်တစ်လုံးနှင့်နွားတင်းကုတ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခန့်က လက်ပံတောကျေးရွာနေ ဦးညီလေးနေအိမ်တွင် လျှပ်စစ်ဟင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ရာ နေအိမ်တစ်လုံးနှင့် နွားတင်းကုတ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**



လက်ပံတောကျေးရွာ၌ နေအိမ် မီးလောင်နေမှုအား မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

# နမ့်ဆန်၌ မီးဖိုမှတစ်ဆင့် နေအိမ်မီးလောင်၍ အမျိုးသမီးတစ်ဦး ပြင်းထန်စွာဒဏ်ရာရ

**နမ့်ဆန် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မန်ဝဲကျေးရွာတွင် ယနေ့နံနက်ပိုင်းက မီးဖိုမီးအကြွင်းအကျန်မှတစ်ဆင့် နေအိမ်တစ်လုံးမီးလောင်ပြီး နေအိမ်အတွင်းလေဖြတ်ဝေဒနာ ခံစားနေရသူ ဒေါ်အေးခရော် (၈၃ နှစ်) မီးလောင်ခံရ၍ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က နမ့်ဆန်မြို့နယ် အရှေ့မြောက်ဘက် (၁၆)မိုင်ခန့်အကွာ အထက်မန်ဝဲကျေးရွာနေ ဦးစာအောင် (၆၃ နှစ်)၏ နေအိမ်မီးဖိုမှ မီးစတင်လောင်သဖြင့် ကျေးရွာနေသူများက ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ နေအိမ်မီးလောင်နေစဉ် ဒေါ်အေးခရော် (၈၃ နှစ်) တစ်ဦးသာရှိပြီး မီးလောင်ခံရကာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးပြီး ဦးစာအောင်၏ နေအိမ်တွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၄ ဦး မီးဘေးသင့်ခဲ့ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နမ့်ဆန် (ပြန်/ဆက်)**

# ပုသိမ်ကြီး၊ ကျောက်မဲ၊ လားရှိုးနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် နံနက် ၆ နာရီခန့်က ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ်(၃၁)ရှိ ခရီးသည် ဒေါ်လထော်နန့်လွန်၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ ငွေကျပ် ၂၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ထိုင်ခုံအမှတ် (၃၂) ရှိ ခရီးသည် ဒေါ်လဖိုင်ကော့၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များနှင့် ကျောက်မဲမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့ အိုရီယမ်တယ် တိုးဂိတ်အနီးတွင် မြင့်သိန်း(ခ) ခနီ မောင်းနှင်ပြီး မစန်းစန်းအေး (ခ) ပေါက်ခဏ လိုက်ပါလာသည့် TITAN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် ငွေကျပ်ငါးသိန်း တို့ကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု မန်အိုင်ကျေးရွာ လမ်းသွယ်(၁)လမ်းနေ ဦးအိုက်ယွမ်မှ ၎င်း၏နေအိမ်ခြံစည်းရိုး အပြင်ဘက်တွင် မသင်္ကာဖွယ် အထုပ်သုံးထုပ်တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၁၄ ကီလိုကိုလည်းကောင်း၊

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲက ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ဘန့်ဖယ်ရပ်ကွက် ကားလမ်းမဘေး ချုံပုတ်အောက်ရှိ ကျောပိုးအိတ်တစ်လုံး တွေ့ရှိသောကြောင့် စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၇ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**




မြင့်သိန်း(ခ)ခနီ၊ မစန်းစန်းအေး(ခ)ပေါက်ခဏ တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ တွေ့ရစဉ်။

# မလှိုင်မြို့နယ်တွင် ရေတွင်းထဲ လူသုံးဦးပြုတ်ကျရာ တစ်ဦးသေဆုံး

**မလှိုင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် ရေတွင်းထဲရှိ ရေစုပ်စက်ဆင်းပိတ်ရာမှ ရေတွင်းထဲသို့ လူသုံးဦးပြုတ်ကျရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့ ပန်းအိုင်ကျေးရွာအုပ်စု ကံဦးကျေးရွာနေ ဒေါ်အေးခင် (၇၇ နှစ်) ၏ နေအိမ်ရှိ အနက်ပေ ၃၀ ခန့်ရှိသော ရေတွင်းတွင် နွံများရှိနေ၍ ဇန်နဝါရီ ၂၆ရက် ညနေ ၅ နာရီခန့်တွင် ရေတွင်းထဲရှိ ရေများအား ရေစုပ်စက်ဖြင့် စုပ်တင်၍ ပြန်လည်ဆယ်ယူရာ ညနေ ၆ နာရီခန့်တွင် တစ်ရွာတည်းနေ မျိုးသန်းဇော် (၃၇ နှစ်) က ရေစုပ်စက်ကို ဆင်းပိတ်ပြီး ပြန်အတက်တွင် ရေတွင်းထဲသို့ ပြုတ်ကျသွားသည်။

၎င်းအား ကျော်ဆန်းလွင် (၅၀ နှစ်) က ဆင်းဆယ်ရာ ထပ်မံပြုတ်ကျသွားပြီး ကျော်စိုးမိုး (ခ) ဗလကြီး (၄၁ နှစ်) က ရှေ့မှနှစ်ဦးကို ဆယ်ယူရာ ထပ်မံပြုတ်ကျသွား၍ ကျေးရွာရှိ လူများက ဝိုင်းဝန်းကူညီဆယ်ယူရာ မျိုးသန်းဇော်နှင့် ကျော်ဆန်းလွင်တို့ကို ပြန်လည်ဆယ်တင်နိုင်ခဲ့ပြီး ကျော်စိုးမိုး (ခ) ဗလကြီးမှာ ရေအောက်နစ်မြုပ်နေ၍ ဆယ်တင်မရသဖြင့် မလှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

အခင်းဖြစ်ရာသို့ မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဆယ်ယူရာ ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ကျော်စိုးမိုး (ခ) ဗလကြီးကို သေဆုံးလျက် ပြန်လည်ဆယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဟိုပုံး၊ ပင်လောင်း၊ ငဖဲနှင့် မင်းတုန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဟိုပုံးမြို့နယ် ငိုချီးကျေးရွာ တောင်ဘက် ခုနစ်ဖာလုံခန့်အကွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးပူးပေါင်းအဖွဲ့ က ယမန်နေ့ နံနက် ၉နာရီခွဲတွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာ၌ ဘိန်းစိုက်ခင်း ကိုးဧကခန့်၊ ငဖဲမြို့နယ် အောက်ဆင်လမ်းကျေးရွာ၌ ဘိန်းစိုက်ခင်း နှစ်ဧကခန့် ၊ မင်းတုန်းမြို့နယ် တိုင်တမော့ရေစမ်းအနီး တောအတွင်း၌ ဘိန်းစိုက်ခင်း ခြောက်ဧကခန့် တို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်းဘူးတွင် အကျိုးဆောင်လိုင်စင်မရှိဘဲ တရုတ်ပြည်သို့ပို့ဆောင်သူ သုံးဦးကို အရေးယူ

**မင်းဘူး ဇန်နဝါရီ ၂၇**

မင်းဘူးမြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်းအပါအဝင် အမျိုးသမီးလေးဦးကို တရုတ်ပြည်သို့ တရားမဝင် ပို့ဆောင်ခဲ့သော လူသုံးဦးကို ဇန်နဝါရီ ၂၆ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်နေ မမာမာလွင် (၄၅ နှစ်) သည် မလဲ့လဲ့ဦး၊ မခင်စိုးသူ၊ မနှင်းဝတ်ရည်သိမ်းတို့နှင့်အတူ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်က တရုတ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေပေးပို့သည့် မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနေသူ ဦးသန်းလွင် (၅၄ နှစ်) နှင့် ၎င်း၏ဇနီး မခင်မာဌေး (၄၅ နှစ်) တို့၏ နေအိမ်သို့ရောက်ရှိခဲ့ပြီး ငွေကျပ် ၂၅ သိန်းပေးခဲ့ကာ ၎င်းတို့က မခင်မျိုးအေး (ခ) မခင်ဇာခြည်လွင် (၁၉နှစ်) နှင့်အတူ တရုတ်ပြည် ကွေ့ကျိုးမြို့ရှိ ဆောင်းဘောက်လုပ်သည့် စက်ရုံသို့ ပို့ဆောင်ပေးခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် တရုတ်နိုင်ငံ ရဲတပ်ဖွဲ့မှ စက်ရုံသို့ရောက်ရှိလာပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျိုးဆောင် လိုင်စင်မရှိဘဲ ပြည်ပသို့ အလုပ်အကိုင်ရှာဖွေပေးခဲ့သူ ဦးသန်းလွင်၊ ဒေါ်ခင်မာဌေးနှင့် မခင်မျိုးအေး (ခ) မခင်ဇာခြည်လွင်တို့ သုံးဦးကို မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကော့ကရိတ်မြို့နယ် တောနော်ရေတံခွန်တောင်ထိပ်၌ ဓာတ်ပုံရိုက်သည့် အမျိုးသမီးနှစ်ဦးပြုတ်ကျ သေဆုံး

**ကော့ကရိတ် ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ တောနော်ရေတံခွန်တွင် ယနေ့နံနက်ပိုင်းက အမျိုးသမီးငယ်နှစ်ဦး ဓာတ်ပုံရိုက်စဉ်တစ်ဦးမှာ ခြေချော်ကျသွား၍ နောက်တစ်ဦးက လှမ်းဆွဲလိုက်စဉ် နှစ်ဦးစလုံး အမြင့်ပေ ၂၀၀ ခန့်ရှိသော တောင်အောက်သို့ ပြုတ်ကျ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီခွဲက ကော့ကရိတ်မြို့နယ် တောနော်ရေတံခွန်သို့ မြဝတီမြို့နယ် ဖလူးကျေးရွာနေ စုမြတ်ဝေ(၁၉ နှစ်) သည် သူငယ်ချင်းဖြစ်သူ ပဲခူးတိုင်းဒေသကြီးနေသူ မျိုးနန္ဒာကျော် (၁၉ နှစ်) နှင့်အတူ တောနော်ရေတံခွန်၏ အပေါ်ဆုံးထိပ်သို့ တက်ရောက်၍ ဓာတ်ပုံရိုက်စဉ် မျိုးနန္ဒာကျော်မှာ ခြေချော်သွားသဖြင့် သူငယ်ချင်းဖြစ်သူ စုမြတ်ဝေက လှမ်းဆွဲလိုက်စဉ် နှစ်ဦးစလုံး ပေ ၂၀၀ ခန့်ရှိသော တောင်အောက်သို့ ပြုတ်ကျသွားပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။ ၎င်းတို့နှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ ကော့ကရိတ်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

# ကျောက်ဆည်မြို့တွင် လိုင်စင်မဲ့ယာဉ်ငါးစီး ဖမ်းမိ

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

ကျောက်ဆည်မြို့တွင် ဇန်နဝါရီလအတွင်း လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီး ဖမ်းဆီးရမိခဲ့ကြောင်း အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ်ကျော်စိုးလွင်ထံမှ သိရသည်။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဇန်နဝါရီ ၁၀ ရက်က တိုယိုတာမတ်တူး ယာဉ်တစ်စီး၊ ဇန်နဝါရီ ၁၅ ရက်က ဖူဆို ၁၂ဘီးယာဉ်တစ်စီး၊ ဇန်နဝါရီ ၂၃ ရက်က မစ်ဆူဘီရှီ ယာဉ်တစ်စီး၊ ဇန်နဝါရီ ၂၄ ရက်က အီဒစ်ယာဉ်တစ်စီးနှင့် ဇန်နဝါရီ ၂၅ရက်က တိုယိုတာနော့ယာဉ်တစ်စီး စုစုပေါင်းယာဉ်ငါးစီးကို တရားဝင်မှတ်ပုံတင်ထားခြင်း မရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါလိုင်စင်မဲ့ယာဉ်များနှင့်ပတ်သက်၍ ကျောက်ဆည်မြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး ၂၀၁၈ ခုနှစ်အတွင်း လိုင်စင်မဲ့ယာဉ်အမျိုးမျိုး ၂၆ စီး အရေးယူနိုင်ခဲ့ကြောင်း ရဲအုပ်ကျော်စိုးလွင်ထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဟစ်ဇ်ဘိုလာခေါင်းဆောင် အစ္စရေးတို့ကို သတိပေး

**ဘေရွတ် ဇန်နဝါရီ ၂၇**
ဆီးရီးယားရှိ အီရန်တို့ရှိရာနေရာများကို အစ္စရေးဘက်မှ ပစ်မှတ်ထားတိုက်ခိုက်နေသည့်အတွက် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာခေါင်းဆောင်က အစ္စရေးဘက်မှ ယခုလို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေပါက အဆိုပါဒေသရှိ စစ်ပွဲများကို ပိုမိုအားကောင်းသွားအောင် လုပ်နေသကဲ့သို့ ဖြစ်သွားနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

အစ္စရေးသည် ၂၀၁၃ ခုနှစ်မှစတင်ကာ အီရန်စစ်အခြေစိုက်စခန်းများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့်အပြင် အီရန်ကိုကျောထောက်နောက်ခံပြုထားသော ဟစ်ဇ်ဘိုလာတို့ထံ လက်နက်များပို့ဆောင်ရာတွင်လည်း အနှောင့်အယှက်များ ပြုလုပ်ခဲ့သည်။ ရည်ရွယ်ချက်မှာ အီရန်နိုင်ငံအနေဖြင့် အိမ်နီးချင်းဆီးရီးယားနိုင်ငံ၏ စစ်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှုများ မပြုနိုင်ရန်ပင်ဖြစ်သည်။ အစ္စရေးဘက်မှ နောက်ဆုံးတိုက်ခိုက်မှုမှာ လွန်ခဲ့သော သီတင်းတစ်ပတ်ခန့်က ဖြစ်ပွားခဲ့ပြီး အီရန် အများစုရှိရာ နေရာကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အီရန်ဘက်မှ လူ ၂၁ ဦးသေဆုံးခဲ့သည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟတ်ဆန်နက်စ်ရာလာ့ရှ်က စနေနေ့က ပြုလုပ်သော တီဗွီအင်တာဗျူးတွင် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုကို ဦးတည်၍ မှားယွင်းသောဆုံးဖြတ်ချက်များ မပြုလုပ်ရန်၊ ယင်းဒေသကို စစ်ပွဲအတွင်းဆွဲမခေါ်ရန် သတိပေးပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



ဘုရားရှိခိုးကျောင်းအတွင်း ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံဘုရားရှိခိုးကျောင်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၉ ဦးသေဆုံး

**မနီလာ ဇန်နဝါရီ ၂၇**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း စစ်သွေးကြွများ အခိုင်အမာ နေရာယူထားသော ကျွန်းတစ်ကျွန်းရှိ ဘုရားရှိခိုးကျောင်းအတွင်း ဗုံးနှစ်လုံးဆက်တိုက်ပေါက်ကွဲခဲ့ရာ လူ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ဖိလစ်ပိုင်တပ်ဖွဲ့မှ ပြောသည်။

ပထမအကြိမ် ပေါက်ကွဲမှုမှာ တိုက်ပွဲများဖြစ်ပွားရာ ဂျိုလိုရှိ ဘုရားရှိခိုးကျောင်းအတွင်း တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် လူများစုဝေးရာနေရာတွင် ဖြစ်ပွားခဲ့သည်။ ထို့နောက် တစ်ဆက်တည်းမှာပင် ဒုတိယအကြိမ်ပေါက်ကွဲမှုမှာ ယာဉ်ရပ်နားရာ နေရာတွင်ဖြစ်ပွားခဲ့သည်ဟု ဒေသတွင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂယ်ရီဘတ်စ်နာက အေအက်ဖ်ပီသို့ ပြောသည်။ ယခုလုပ်ရပ်သည် အကြမ်းဖက်သမားများ၏ လုပ်ရပ်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို မလိုလားသည့် လူများ၏လက်ချက်ပင် ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သား ၁၂ ဦး သေဆုံးခဲ့ပြီး ၅၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကဆက်ပြောသည်။ ရဲချုပ်အော်စကာက သေဆုံးသူဦးရေမှာ ၁၉ ဦးအထိရှိလာပြီဖြစ်ကြောင်း ပြောခဲ့သည်။ ယခုပေါက်ကွဲမှု၏ နောက်ကွယ်တွင်ရှိသော လက်သည်များကို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## ဗင်နီဇွဲလားနိုင်ငံ လွတ်လပ်မှုအတွက် ရပ်တည်ပေးကြရန် အမေရိကန်တောင်းဆို

**ဝါရှင်တန် ဇန်နဝါရီ၂၇**
ဗင်နီဇွဲလားနိုင်ငံတွင် လွတ်လပ်ခွင့်ရရေးအတွက် အပြည့်အဝရပ်တည်ပေးကြရန် အမေရိကန်ပြည်ထောင်စုက တောင်းဆိုလိုက်သည်။ ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်နေရသော ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မက်ဒူရိုဘက်မှ ရပ်တည်ပေးသော လူနည်းစုတွင် ရုရှားနိုင်ငံလည်း အပါအဝင်ပင်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အထူးအစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဗင်နီဇွဲလားသမ္မတ မက်ဒူရိုမှာ တရားမဝင်ကြောင်း ဗင်နီဇွဲလားနိုင်ငံ စီးပွားရေးပျက်သုဉ်းရခြင်းမှာ မက်ဒူရိုအပေါ်တွင် မူတည်ကြောင်း ပြောဆိုခဲ့သည်။ ဗင်နီဇွဲလား ပဋိပက္ခတွင် ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် လူပေါင်းနှစ်သန်းခန့်မှာ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်များ ပြတ်လပ်ခဲ့မှုအတွက် တိုင်းပြည်အတွင်းမှ ထွက်ခွာသွားခဲ့ကြသည်။

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်းဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ်လက်ခံပေးကြရန် အခြားနိုင်ငံများကို အမေရိကန်က တိုက်တွန်းခဲ့သည်။ ထို့အပြင် အခြားနိုင်ငံများအနေဖြင့် မက်ဒူရိုအစိုးရနှင့် ဘဏ္ဍာရေးအကူးအသန်းမလုပ်ကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက တိုက်တွန်းခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ရေနံကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ကြွေးမြီပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် မိုက်ပွန်ပီအိုသည် မက်ဒူရိုအစိုးရဘက်မှ ရပ်တည်ပေးသော ရုရှားနှင့် တရုတ်တို့ကိုလည်း ရှုတ်ချခဲ့သည်။ ရုရှားနိုင်ငံကလည်း အမေရိကန်သည် ဗင်နီဇွဲလား၏ တိုင်းပြည်အရေးကိစ္စကို ကြားဝင်သူဖြစ်ကြောင်း စွပ်စွဲခဲ့ပြီး လုံခြုံရေးကောင်စီ၏ အစည်းအဝေးတွင် ပိတ်ဆို့ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဗင်နီဇွဲလားနိုင်ငံအရေး ဆွေးနွေးရန်မဲခွဲခဲ့ရာ ၁၅ နိုင်ငံတွင် ကိုးနိုင်ငံက ထောက်ခံမဲပေးခဲ့သည့်အတွက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် လက်တင်အမေရိကကို ၎င်း၏အိမ်နောက်ဖေးကဲ့သို့ ခြယ်လှယ်ချင်တိုင်းခြယ်လှယ်နေကြောင်း ရုရှားသံအမတ်ကြီးက ပြောခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကို အသိအမှတ်ပြုခဲ့ပြီး လက်တင်အမေရိက နိုင်ငံများဖြစ်သည့် ဘရာဇီး၊ ကိုလံဘီယာ၊ အာဂျင်တီးနားနိုင်ငံတို့ကလည်း အသိအမှတ်ပြုထားသည်။ ဥရောပအင်အားကြီးနိုင်ငံများသည် စနေနေ့က သတိပေးချက်ထုတ်ပြန်ထားပြီး ရှစ်ရက်အတွင်း လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲမျိုး ပြန်လည်မကျင်းပပါက အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကို အသိအမှတ်ပြုမည်ဟု သတိပေးချက်ထုတ်ပြန်ထားသည်။ **အေအက်ဖ်ပီ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

## အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မည့် ကုလအရာရှိများ ယီမင်သို့ရောက်ရှိ

**ဆာနား ဇန်နဝါရီ ၂၇**
ယီမင်နိုင်ငံရှိသူပုန်များ ထိန်းချုပ်ထားရာမြို့တော် ဟူဒေးဒါတွင် အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်မည့် ကုလသမဂ္ဂအဖွဲ့သည် စနေနေ့က ဟူဒေးဒါမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဟူသီတို့ထိန်းချုပ်ထားသော ဆာနားသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဒတ်ချ်ဗိုလ်မှူးဟောင်းဖြစ်သူ ပက်ထရစ် ကမ်မရက်က ယီမင်အစိုးရနှင့် ဟူသီသူပုန်တို့ကြား ပူးတွဲကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်သွားမည်ဖြစ်သည်။ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် ဟူဒေးဒါတွင် အစိုးရအဖွဲ့နှင့် ဟူသီသူပုန်တို့ကြား အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုကို စောင့်ကြည့်သွားမည်ဖြစ်သည်။ ဆော်ဒီအာရေဗျသို့ သုံးရက်ကြာ သွားရောက်ခဲ့ပြီးနောက် ပက်ထရစ်သည် ယီမင်နိုင်ငံသို့ထွက်ခွာခဲ့သည်။

၎င်းသည် ဆော်ဒီအာရေဗျတွင် ယီမင်နိုင်ငံဆိုင်ရာ ကုလအထူးသံတမန် မာတင်ဂရစ်ဖစ်နှင့် ပူးပေါင်းပြီး ယီမင်သမ္မတ မန်ဆောဟာဒီ အပါအဝင် အစိုးရအဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ ငြိမ်းချမ်းရေးစာချုပ်အောက်တွင် ဟူဒေးဒါဆိပ်ကမ်းမှ ဆုတ်ခွာရာတွင် လူသားချင်းစာနာထောက်ထားမှုကိစ္စများကို နှစ်ပတ်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး အလုံးစုံဆုတ်ခွာမှုကို ရက်ပေါင်း ၂၁ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

## ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် တရုတ်ဆောင်ရွက်နေ

**ပေကျင်း ဇန်နဝါရီ ၂၇**
တရုတ်နိုင်ငံတွင် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခိုင်မာသေချာစေရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် (NHC) က ပြောကြားခဲ့သည်။

### တိုးတက်မှုများရှိလာ

တရုတ်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းက ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှု၌သာမက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်မှုများတွင် တိုးတက်မှုများရှိလာခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်၏ ဆေးဝါးစီမံခန့်ခွဲမှုဒါရိုက်တာ ဂိုယန်ဟောင်က ပြောကြားခဲ့သည်။

### ရာခိုင်နှုန်းမြင့်တက်လာ

တရုတ်နိုင်ငံ၌ ကလေးဆေးရုံအရေအတွက်သည် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ၂၂၈ ခုဖြစ်လာခဲ့ပြီး နောက်ထပ်ကလေးဆေးရုံပေါင်း ၂၀ ခန့်မှာ ဆောက်လုပ်ဆဲဖြစ်ကြောင်း သိရသည်။

၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းတွင် ကလေးအထူးကုဆရာဝန်အရေအတွက်မှာ ၁၅၄၀၀၀ ခန့်ရှိလာပြီး ၂၀၁၅ခုနှစ်ကထက် ၂၈ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကို ရာထူးမှ ဖယ်ရှား

အော့တဝါ ဇန်နဝါရီ ၂၇
**ကနေဒါဝန်ကြီးချုပ် ဂျပ်စတင် ထရူးဒိုးသည် တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်ကော်လမ်ကို ရာထူးမှဖယ်ရှားလိုက်ကြောင်း သိရသည်။**

တရုတ်နည်းပညာလုပ်ငန်းစု ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟွာဝေးအမှုဆောင်ချုပ် မန်ဝမ်ကျို့ကို လွှဲပြောင်းပေးဖွယ်ရှိသည့် ကိစ္စနှင့်ပတ်သက်၍ သံအမတ်ကြီး၏ အငြင်းပွားဖွယ်မှတ်ချက်ပေါ်ထွက်လာခဲ့ပြီးနောက်တွင် ၎င်းအား ရာထူးမှထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။




တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်ကော်လမ်

မက်ကော်လမ်အား ရာထူးမှနုတ်ထွက်ရန် တိုက်တွန်းခဲ့ပြီး ၎င်း၏နုတ်ထွက်စာကို လက်ခံခဲ့သည်ဟု စနေနေ့တွင် ကနေဒါဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ပြီးခဲ့သည့် အင်္ဂါနေ့က မက်ကော်လမ်သည် တိုရွန်တို၌ တရုတ်သတင်းမီဒီယာများသို့ ပြောကြားခဲ့သည့် ၎င်း၏မှတ်ချက်နှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရသည်။

ကနေဒါ၌ ဖမ်းဆီးခံခဲ့ရသည့် ဟွာဝေးအမှုဆောင်ချုပ် မန်ဝမ်ကျို့ကိစ္စနှင့်ပတ်သက်၍ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်လအတွင်းက ပြောဆိုခဲ့မှုကို ၎င်းက ကိုးကားခဲ့သည်။ ထရမ့်က အမေရိကန်၏ ကုန်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်မည်ဆိုပါက မန်ဝမ်ကျို့၏ အမှုကိစ္စတွင် ကြားဝင်စွက်ဖက်ရန် ပြင်ဆင်ထားကြောင်း ဖော်ပြခဲ့သည်။

ထရမ့်၏ ထိုသို့မှတ်ချက်ပေးခဲ့မှုကို မက်ကော်လမ်က မန်ဝမ်ကျို့ကိစ္စကို နိုင်ငံရေးကိစ္စအဖြစ်ပြောင်းလဲရန် ကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း၊ မန်ဝမ်ကျို့အနေဖြင့် ၎င်းအမှုအား လွှဲပြောင်းမည့်အရေးကို ကန့်ကွက်သည့် လျှောက်လဲခွင့်ကောင်းကောင်းရှိကြောင်း ၎င်းက ပြောခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် မက်ကော်လမ်က ၎င်းအနေဖြင့် အပြောအဆိုမှားယွင်းခဲ့ကြောင်း ပြန်လည်ဝန်ချတောင်းပန်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန် ပဋိပက္ခအဆုံးသတ်ရေးဆွေးနွေးမှုများ သိသိသာသာတိုးတက်လာ

ကလျာမိုးမြင့်



အာဖဂန်၌ ချထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အာဖဂန်မှာ ၁၇ နှစ်ကြာအောင် ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေ ချုပ်ငြိမ်းသွားစေဖို့ ရည်ရွယ်ပြီး ကျင်းပနေတဲ့ အမေရိကန်နဲ့ အာဖဂန်ရှိ တာလီဘန်တွေရဲ့ဆွေးနွေးပွဲတွေဟာ သိသိသာသာ တိုးတက်မှုရှိနေတယ်လို့ အမေရိကန် သံတမန်တစ်ဦးက ပြောခဲ့ပါတယ်။

## အတိတ်ကဆွေးနွေးပွဲတွေထက်သိသာ

ကာတာမှာ ခြောက်ရက်ကြာ ဆွေးနွေးမှုတွေဟာ အတိတ်မှာတုန်းက လုပ်ခဲ့တဲ့ညှိနှိုင်းဆွေးနွေးမှုတွေထက်တော့ အကျိုးဖြစ်ထွန်းမှုရှိနေတယ်ဆိုတာ အမှန်ပဲလို့ အမေရိကန်သံအမတ် ဇယ်လ်မေခါလီဇက်က တွစ်တာပေါ်မှာ ရေးသားဖော်ပြမှုတွေ အများအပြားပြုလုပ်ခဲ့ပါတယ်။ အသေးစိတ်တော့ ၎င်းက ဖော်ပြထားခြင်း မရှိပါဘူး။

## နှစ်ဖက်တိုက်ရိုက်ဆွေးနွေးဖို့ ငြင်းဆန်

၎င်းလိုပဲ တာလီဘန်တွေကလည်း ဆွေးနွေးပွဲတွေ တိုးတက်မှုရှိတယ်လို့ ပြောခဲ့ပါတယ်။ မဖြေရှင်းရသေးတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့လည်း ဆက်ပြီး ဆွေးနွေးသွားဦးမှာဖြစ်တယ်လို့ သိရပါတယ်။ ခုချိန်ထိကတော့ ဘာကိုမှ အပြီးမသတ်နိုင်သေးပါဘူး။ တာလီဘန် စစ်သွေးကြွတွေဟာ ရုပ်သေးရုပ်တွေလို့ ၎င်းတို့ရှုမြင်နေတဲ့ အာဖဂန်အာဏာပိုင်တွေနဲ့ တိုက်ရိုက်ဆွေးနွေးဖို့ကို အရင်က ငြင်းဆန်ခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်ကနေ ရုပ်သိမ်းဖို့ တိကျခိုင်မာတဲ့ ရက်စွဲတစ်ခု သတ်မှတ်ဖို့ သဘောတူလိုက်တဲ့ အချိန်ကျမှသာ အစိုးရနဲ့ ညှိနှိုင်းဆွေးနွေးတာတွေ စလုပ်မယ်လို့ တာလီဘန်တွေဘက်က ပြောခဲ့တာ ဖြစ်ပါတယ်။

## ပြည်ပတပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းနေ

ဆွေးနွေးပွဲတွေလုပ်နေတဲ့ နှစ်ဖက်စလုံးက သဘောတူညီချက် မူကြမ်းထဲမှာထည့်သွင်းမယ့် အကြောင်းအရာတွေကို အပြီးသတ်လိုက်ပြီဖြစ်တယ်လို့ တာလီဘန်သတင်းရင်းမြစ်တွေက စနေနေ့အစောပိုင်းမှာ ဖော်ပြခဲ့ပါတယ်။ အမေရိကန်ကို အယ်လ်ခိုင်ဒါနဲ့ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့တွေက တိုက်ခိုက်ဖို့အတွက် အာဖဂန်ကို စစ်အခြေစိုက်စခန်းတစ်ခုအနေနဲ့ အသုံးပြုခွင့် မပေးဘူးဆိုတဲ့ အာမခံချက်ကို တုံ့ပြန်တဲ့အနေနဲ့ သဘောတူစာချုပ်ထဲမှာ လက်မှတ်ရေးထိုးထားတဲ့အတိုင်း ၁၈ လအတွင်းမှာ ပြည်ပကတပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းဖို့လုပ်နေတယ်လို့ ဆွေးနွေးဖက်အဖွဲ့တွေက မျှော်မှန်းထားပါတယ်။

## အရေးကြီးအဆင့်တွေမှာ သဘောတူညီမှုရ

ဆွေးနွေးပွဲတွေ ပြုလုပ်နေတဲ့ နှစ်ဖက်စလုံးက တခြားသော အရေးကြီးဆုံးအဆင့်တွေဖြစ်တဲ့ အကျဉ်းသားလဲလှယ်မှုအပါအဝင် တာလီဘန်ခေါင်းဆောင်အချို့ကို ခရီးသွားလာခွင့်ပိတ်ပင်ထားတာတွေကိုဖယ်ရှားမှုနဲ့ ပတ်သက်ပြီးတော့လည်း သဘောတူညီမှုရရှိလာတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပြည်ပက တပ်ဖွဲ့ဝင်တွေ အာဖဂန်ကနေ ထွက်ခွာသွားခဲ့တဲ့အချိန်ကစပြီး တာလီဘန်တွေ တန်ခိုးထွားလာခဲ့တာဖြစ်ပါတယ်။ အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီက ၎င်းခေါင်းဆောင်ဖြစ်လာတဲ့ ၂၀၁၄ ခုနှစ်ကစပြီး နိုင်ငံ့လုံခြုံရေးတပ်ဖွဲ့ဝင် ၄၅၀၀၀ မက အသက်ခံခဲ့ရတယ်လို့ ဆိုပါတယ်။

> “ဆွေးနွေးပွဲတွေ ပြုလုပ်နေတဲ့ နှစ်ဖက်စလုံးက တခြားသော အရေးကြီးဆုံးအဆင့်တွေဖြစ်တဲ့ အကျဉ်းသားလဲလှယ်မှုအပါအဝင် တာလီဘန်ခေါင်းဆောင်အချို့ကို ခရီးသွားလာခွင့်ပိတ်ပင်ထားတာတွေကို ဖယ်ရှားမှုနဲ့ ပတ်သက်ပြီးတော့လည်း သဘောတူညီမှုရရှိလာတာကို တွေ့ရ”

## နှစ်ဖက်လုံးက စိတ်အားထက်သန်နေ

အာဖဂန်လူဦးရေရဲ့ထက်ဝက်ဖြစ်တဲ့ လူပေါင်း ၁၅ သန်းခန့်ဟာ တာလီဘန်တွေ ထိန်းချုပ်ထားတဲ့ ဧရိယာတွေနဲ့ စစ်သွေးကြွတွေပြောင်ပြောင်တင်းတင်းသွားလာကျက်စားနေပြီး တိုက်ခိုက်မှုတွေ အများအပြားလုပ်ဆောင်နေတဲ့ နေရာတွေမှာ နေထိုင်ကြသူတွေဖြစ်တယ်လို့ ခန့်မှန်းရပါတယ်။ ခြောက်ရက်ကြာမြင့်ခဲ့တဲ့ ဆွေးနွေးပွဲတွေဟာ သိသာထင်ရှားမှုရှိခဲ့ပြီး ဒီပဋိပက္ခနဲ့ပတ်သက်လို့ ငြိမ်းချမ်းတဲ့ အဖြေတစ်ခုကိုရှာတွေ့ဖို့ ကြိုးစားရာမှာ နှစ်ဖက်လုံးက ဘယ်လောက်တောင် စိတ်အားထက်သန်နေသလဲဆိုတာကို ဖော်ပြနေပါတယ်။

## တာလီဘန်တို့ အဓိကတောင်းဆိုချက် တိုးတက်မှုရှိ

တာလီဘန်တွေရဲ့ အဓိကတောင်းဆိုချက်ဖြစ်တဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းပေးရေးကိစ္စမှာလည်း တိုးတက်မှုရှိခဲ့ပုံပါပဲ။ ခုချိန်ထိကတော့ တပ်ဖွဲ့ဝင်တွေရုပ်သိမ်းမယ့် အချိန်စာရင်းကို မထုတ်ပြန်ထားသေးပါဘူး။ အတုံ့အလှည့်အနေနဲ့ တာလီဘန်တွေဘက်က အာဖဂန်ကို နိုင်ငံတကာမှာရှိတဲ့ ဂျီဟတ်စစ်သွေးကြွတွေအတွက် အခြေစိုက်နေရာတစ်ခု ဖြစ်မလာစေရဘူးဆိုတာကို အာမခံချက်ပေးလိုတဲ့ အရိပ်အယောင်တွေမြင်နေရပါတယ်။ ဒါဟာ ခုချိန်မှာ တာလီဘန်တွေက ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုထားတဲ့ အချက်ဖြစ်ပြီး ၎င်းတို့ဘက်က တခြားဘယ်လိုလိုက်လျောမှုတွေ လုပ်လာနိုင်ဦးမလဲဆိုတာကို မှန်းဆနိုင်ခြင်း မရှိသေးပါဘူး။

## အပစ်အခတ်ရပ်စဲရေး အမှန်တကယ်ဖြစ်လာမလား

အာဖဂန်ပြည်သူလူထုရဲ့ အဓိကမေးခွန်းတစ်ခုကတော့ အပစ်အခတ်ရပ်စဲရေးအမှန်တကယ်ဖြစ်မြောက်လာနိုင်ခြင်း ရှိ မရှိဆိုတဲ့ မေးခွန်းပါပဲ။ ဒီအချက်က စစ်ပွဲကို စိတ်ကုန်ငြီးငွေ့နေတာကြာပြီဖြစ်တဲ့ ပြည်သူတွေကို စိတ်သက်သာရာရစေမယ့် လိုအပ်ချက်ကို ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ အားလုံးဟာ ခုချိန်မှာ ပဋိပက္ခအဆုံးသတ်ရေးအပေါ်မှာ အာရုံစိုက်နေကြတာဖြစ်ပြီး တာလီဘန်အဖွဲ့အနေနဲ့ အစိုးရနဲ့ မျက်နှာချင်းဆိုင် ဖြေရှင်းကြဖို့ဖြစ်ပါတယ်။ ဒါပြီးရင်တော့ အမျိုးသမီးတွေရဲ့အခွင့်အရေး၊ လွတ်လပ်စွာရေးသားဖော်ပြခွင့်နဲ့ အာဖဂန် ဒီမိုကရေစီအရေးကိစ္စတွေနဲ့ပတ်သက်ပြီး ပိုမိုသိမ်မွေ့တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ရှိကောင်းရှိလာနိုင်ပါတယ်။

## နိုင်ငံရေးပါတီအဖြစ်သတ်မှတ်နိုင်

မစ္စတာဂါနီက အကယ်၍ တာလီဘန်တွေဟာ အပစ်အခတ်ရပ်စဲရေးကို လက်ခံပြီး နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အသိအမှတ်ပြုလက်ခံမယ်ဆိုရင် တာလီဘန်တွေကို နိုင်ငံရေးပါတီတစ်ခုအနေနဲ့ အသိအမှတ်ပြုနိုင်တယ်လို့ ယခင်က ပြောခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းက အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်မှာ ချထားတဲ့ တပ်ဖွဲ့ဝင်အရေအတွက်ရဲ့ ထက်ဝက်ခန့်ဖြစ်တဲ့ တပ်ဖွဲ့ဝင် ၇၀၀၀ လောက်ကို အာဖဂန်ကနေ ရုပ်သိမ်းဖို့စီစဉ်နေတယ်လို့ သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။

ဒီလိုရုပ်သိမ်းတာက တာလီဘန်တွေ အောင်ပွဲခံစေဖို့ အခွင့်ကောင်းတစ်ခုပေးလိုက်သလိုဖြစ်လာမယ်လို့ ကျွမ်းကျင်သူတွေက သတိပေးခဲ့ကြပါတယ်။

## တာလီဘန်ဆိုတာ ဘယ်သူတွေလဲ

၁၉၉၀ ပြည့်နှစ်များ အစောပိုင်းကာလအတွင်းမှာ အာဖဂန်နစ္စတန်ကနေ ဆိုဗီယက်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားပြီးနောက် ဆိုဗီယက်ယူနီယံ မပြိုကွဲခင်အချိန်မှာ တာလီဘန်စစ်သွေးကြွအုပ်စုတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ တာလီဘန်တွေဟာ အာဖဂန်နစ္စတန်မှာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ စိုးမိုးခဲ့ပြီး ပြည်သူလူထုကို သတ်ဖြတ်ညှဉ်းပမ်းနှိပ်စက်မှုတွေပြုလုပ်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရှာရီယာ ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး အမျိုးသမီးတွေကို အများပြည်သူဆိုင်ရာ အခွင့်အရေးတွေကနေ ပိတ်ပင်ခဲ့ပါတယ်။ ၉/၁၁ တိုက်ခိုက်မှုအပြီးမှာ အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်တွေက တာလီဘန်တွေကိုတိုက်ထုတ်ပစ်ခဲ့ပါတယ်။ ၉/၁၁ တိုက်ခိုက်မှုကို တာလီဘန်တွေ အကာအကွယ်ပေးထားတဲ့ အယ်လ်ခိုင်ဒါ စစ်သွေးကြွတွေက လုပ်ဆောင်ခဲ့တာလို့ အမေရိကန်က ဖော်ပြခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**

---

**နိုင်ငံတကာ သတင်းတိုထွာ**

## ဘရာဇီး၌ ဆည်ကျိုးပေါက်မှု သေဆုံးသူအရေအတွက် မြင့်တက်

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၂၇**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းရှိ မီနကစ် ဂီရိုင်စ်ပြည်နယ်တွင် ပြီးခဲ့သည့် သောကြာနေ့က သတ္တုတွင်း ဆည်ကျိုးပေါက်မှုကြောင့် သေဆုံးသူများရှိခဲ့ရာ ယခုအခါသေဆုံးသူ အရေအတွက်မှာ ၃၄ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

စနေနေ့နံနက်ပိုင်းက ပြည်သူ ၄၆ ဦးကို ကယ်ဆယ်ခဲ့ပြီး ၎င်းတို့အနက် ၂၃ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ၎င်းတို့ကို ဒေသဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း ပြည်နယ်မီးသတ်အဖွဲ့က ပြောကြားခဲ့သည်။

Val သတ္တုတွင်းကုမ္ပဏီမှ အလုပ်သမား ၂၅၂ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။ အသက်ရှင်လွတ်မြောက်သူများကို ရှာတွေ့နိုင်ဖွယ်ရှိသေးသည်ဟု မျှော်လင့်ရကြောင်း၊ ရဟတ်ယာဉ်များဖြင့် ရှာဖွေရာတွင် အမိုးအကာများအဖြစ် အသုံးပြုနိုင်ဖွယ်ရှိသည့် နေရာအချို့ကို တွေ့ရှိရကြောင်း ပြည်တွင်းကာကွယ်ရေး အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အမေရိကန်ဦးဆောင်သည့် ဗုံးကြဲတိုက်ခိုက်မှုတစ်ခုအတွင်း အရပ်သားများအပါအဝင် ၄၀ ကျော်သေဆုံး

**ဒမတ်စကတ် ဇန်နဝါရီ ၂၇**

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့များက ဆီးရီးယားအရှေ့ပိုင်း ယူဖရေး ဒေသအတွင်း၌ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ ထိန်းချုပ်ထားသည့်နေရာများကို ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ အရပ်သား ၁၃ ဦးအပါအဝင် လူ ၄၂ ဦး သေဆုံးသွားကြောင်း ပဋိပက္ခဖြစ်ပွားမှုစောင့်ကြည့်အဖွဲ့တစ်ဖွဲ့က ဖော်ပြခဲ့သည်။

ဆီးရီးယား လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က အယ်လ်အိုမယ်လ် ရေနံတွင်းရှိ အမေရိကန်တို့ လည်ပတ်နေသည့် အခြေစိုက်စခန်းမှ တစ်ညလုံး ဗုံးကြဲတိုက်ခိုက်ခဲ့မှုများသည် ဒါအယ်လ်ဇာပြည်နယ် အရှေ့ပိုင်းအစွန်အဖျားရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုကို ပစ်မှတ်ထားခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒဏ်ရာအပြင်းအထန်ရရှိထားသူများ ရှိနေသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်းသိရသည်။ အိုင်အက်စ်စစ်သွေးကြွများသည် အရှေ့ယူဖရေးဒေသရှိ ကျေးရွာများနှင့် မြို့နယ်များအားလုံးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီးနောက် ယခုလက်ရှိတွင် အဆိုပါဧရိယာရှိ မြေယာအချို့ကို ထိန်းချုပ်ထားသည်ဖြစ်ရာ အဆိုပါနေရာများသို့ မဟာမိတ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တံတားဦးမြို့နယ်တွင် မြေဧက ၂၁၀၀ ကျော်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**တံတားဦး ဇန်နဝါရီ ၂၇**
ပညာရေးဝန်ကြီးဌာန (ယခင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒြပ်ပစ္စည်းအင်ဂျင်နီယာဌာန)က သိမ်းယူထားပြီး ပြန်လည်စွန့်လွှတ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အောင်သာကျေးရွာအုပ်စုပိုးမဲဇာကန်ကွင်းရှိ မြေဧရိယာ ၅၃ ဒသမ ၄၇ ဧကမှ မူလဦးပိုင်ပေါက်တောင်သူများ၏ မြေဧရိယာ ၂၆ ဒသမ ၈၅ ဧကကို တောင်သူများထံသို့ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျေးရွာအုပ်စု ၂၄ စုမှ ဦးပိုင်ပေါင်း ၁၃၀၀၊ မြေဧရိယာ ၂၁၉၂ ဒသမ ၂၅ ဧကအတွက် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ ရက်က တံတားဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ အင်းဝခန်းမ၌ ကျင်းပခဲ့သည်။

**လုပ်ငန်းစဉ်များရှင်းလင်းပြောကြား**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်နောင်က စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးခြင်းနှင့် ပုံစံ(၇)များထုတ်ပေးသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**လက်ဝယ်အရောက်ပေးအပ်**

ဆက်လက်၍ ပိုးမဲဇာကန်ကွင်းရှိ ပြန်လည်စွန့်လွှတ်မြေ ၅၃ ဒသမ ၄၇ ဧကမှ မူလ ဦးပိုင်ပေါက်မြေ ၂၆ ဒသမ ၈၅ ဧကကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ကာ ကျေးရွာအုပ်စု ၂၄ စုမှ တောင်သူများထံသို့လည်း မြေဧရိယာ ၂၁၉၂ ဒသမ ၂၅ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**ဆက်လက်ထုတ်ပေးသွားမည်**

တံတားဦးမြို့နယ်၌ စွန့်လွှတ်မြေများကို ပြန်လည်လွှဲပြောင်းပေးခြင်းသည် ယခုဆိုလျှင် တတိယအကြိမ်ဖြစ်ကြောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ်များက မန္တလေးအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းမှ စွန့်လွှတ်မြေများကို မူလဦးပိုင်ပေါက် တောင်သူများထံသို့ ပြန်လည် လွှဲပြောင်းပေးခဲ့ကြောင်း၊ တောင်သူများလက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်မှုတွင်လည်း မြို့နယ်အနေဖြင့် တောင်သူပေါင်း ၅၀၀၃၇ ဦး၏ ဦးပိုင်ပေါင်း ၉၁၇၁၄၊ ဧရိယာပေါင်း ၁၅၇၂၇၂ ဧကကို ပုံစံ(၇)ထုတ်ပေးရန် လျာထားသည့်အနက် ယနေ့အထိ တောင်သူပေါင်း ၄၄၁၇၀ ဦး၏ ဦးပိုင်ပေါင်း ၈၅၄၅၄၊ မြေဧရိယာ ၁၃၉၃၃၉ ဧကကို ပုံစံ(၇) ထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသေးသည့် ပုံစံ(၇)များကိုလည်း စိစစ်၍ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

**ရဲတင့် (မြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တောင်သူတစ်ဦးထံ ပုံစံ(၇)ပေးအပ်စဉ်။

# ရေနံချောင်းမြို့ နိုင်ငံ့ဝန်ထမ်းအိမ်ရာအပ်နှင်းပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရေနံချောင်း ဇန်နဝါရီ ၂၇**
ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေနံချောင်းမြို့ ညောင်လှရပ်ကွက် ဆိပ်သာကွန်းထောက်၌ ဆောက်လုပ်ပြီးစီးခဲ့သော နိုင်ငံ့ဝန်ထမ်းအိမ်ရာမှ အခန်းများကို အိမ်ရာတွင်နေခွင့်ရသော ဝန်ထမ်းများထံသို့ အပ်နှင်းပွဲကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့် အများပြည်သူအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် တန်ဖိုးမြင့် အရောင်းအိမ်ရာများအပြင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လည်း ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ပေးနေကြောင်း၊ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသည့် အိမ်ရာများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ နေထိုင်ရေးအခက်အခဲရှိသော ဝန်ထမ်းများအား နေရာချထားပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထဲတွင်လည်း မကွေးနှင့် ဂန့်ဂေါမြို့တို့တွင် ရှစ်ခန်းတွဲ ခြောက်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံးစီကို တည်ဆောက်သွားရန် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် သဘောတူစာချုပ် ချုပ်ဆိုပြီး အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် အများပြည်သူနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် နေရေးအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန် အိမ်ရာအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များတွင်လည်း မြေနေရာများရှာဖွေဖော်ထုတ်ကာ နိုင်ငံ့ဝန်ထမ်းများသာမက နေထိုင်ရေးအခက်အခဲရှိသော ပြည်သူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ သင့်တော်သောအိမ်ရာများ ဆောင်ရွက်ပေးသွားမည်ကြောင်း ပြောကြားသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဝန်ထမ်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက အဆောက်အအုံနှင့်သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တိုက်ခန်းတွင် နေထိုင်ခွင့်ရသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ မကွေးတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၉၈၂ ဒသမ ၆၉ သန်းဖြင့် လျှပ်စစ်မီး၊ ခြံစည်းရိုးနှင့် လမ်းအပါအဝင် ရှစ်ခန်းတွဲ ခြောက်ထပ် အာရ်စီအဆောက်အအုံကို Civil Tech ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဝန်ထမ်းအိမ်ရာတိုက်ခန်းများကို မကွေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရိန်နှင့် မြို့နယ်အိမ်ရာကော်မတီတို့က လက်ရှိ လျှောက်ထားသူများထဲမှ စိစစ်ရွေးချယ်၍ ရပ်ဝေးမှလာရောက် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးရွေးချယ်ပြီး အခန်း ၂၃ ခန်းကို မဲနှိုက်၍ နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# တနင်္သာရီတိုင်းဒေသကြီး MSMEs ထုတ်ကုန်ပြိုင်ပွဲ နိုင်ငံတော်အသိအမှတ်ပြု ထုတ်ကုန်ဆုများ ချီးမြှင့်

**မြိတ် ဇန်နဝါရီ ၂၇**
အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် နဝမအကြိမ်မြောက် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျင်းပခဲ့ပြီးဖြစ်ရာ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များထဲမှ နိုင်ငံတော်အသိအမှတ်ပြု ဒေသဆိုင်ရာ MSME ထုတ်ကုန်ဆုများကို ဇန်နဝါရီ ၂၇ ရက်က ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပြည်သူများ ပါဝင်လာနိုင်ခြင်း၊ ဒေသအလိုက် ရိုးရာလက်မှုပညာများ ဈေးကွက်အတွင်း အောင်မြင်စွာဝင်ရောက်နိုင်မည့် အခွင့်အလမ်းများရရှိခြင်း၊ အသေးစားစက်မှုလုပ်ငန်းမှသည် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း၊ SME လုပ်ငန်းရှင်များအတွက် အဓိကလိုအပ်သည့် ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်များရရှိခြင်း စသော ရလဒ်ကောင်းများ ရလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး နိုင်ငံတော်အသိအမှတ်ပြု ဒေသဆိုင်ရာ MSME ထုတ်ကုန်ဆုများ ရရှိကြသည့် လုပ်ငန်းရှင်များအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှ ထုတ်ကုန် ၃၂ မျိုး ဝင်ရောက်ပြသ ယှဉ်ပြိုင်ခဲ့ကြပြီး နိုင်ငံတော်အသိအမှတ်ပြု ဒေသဆိုင်ရာ MSME ထုတ်ကုန်ဆုများအဖြစ် အသေးစား စီးပွားရေးလုပ်ငန်းဆုကို မြတ်ဆွမ်းအုပ် ကျန်းမာရေးစားသောက်ကုန်လုပ်ငန်း၊ အငယ်စား စီးပွားရေးလုပ်ငန်းဆုကို ဇီဝဇိုး ငှက်သိုက်အခြောက်လုပ်ငန်းနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဆုကို ဖိုးလမင်းထရိတ်ဒင်းကုမ္ပဏီလီမိတက်၏ ရော်ဘာကြိတ်လုပ်ငန်းတို့က ရရှိခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

**ခိုင်ထူး (မြိတ်)**

# မူဆယ်မြို့နယ်အတွင်းမှ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ် ရှမ်းပြည်နယ်အစိုးရအတွင်းရေးမှူး ကွင်းဆင်းစစ်ဆေး

**မူဆယ် ဇန်နဝါရီ ၂၇**
ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်ဦးဆောင်၍ ကောင်စစ်ရေးရာအဖွဲ့နှင့် ဥပဒေရေးရာ ညွှန်မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်မှူးနှင့် မြေတိုင်းဌာနညွှန်မှူးတို့ ပါဝင်သည့် အဖွဲ့သည် မြန်မာနိုင်ငံ နယ်နိမိတ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့နှင့်အတူ တရုတ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးအဖွဲ့များအား နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်(ဆင်ဖြူဂိတ်)၌ တွေ့ဆုံ၍ နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၅ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အတွင်းရေးမှူးနှင့် မြန်မာ-တရုတ် နယ်နိမိတ်တိုင်းတာရေးအဖွဲ့သည် နယ်နိမိတ်မှတ်တိုင်အမှတ် BP 81, BP-81-1 နှင့် BP 81-2 ကြား၌ နယ်နိမိတ်တိုင်းတာမှုများ ဆောင်ရွက်ခဲ့ပြီးနောက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တော်ဝန်ရုံး အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင်အမှတ် BP 81,BP-81-1နှင့် BP 81-2 အကြား နယ်နိမိတ် အငြင်းပွားလျက်ရှိသည့် ဆင်ဖြူဈေးကော်မတီရုံးအဆောက်အအုံ ဆောက်လုပ်မှုနှင့်ပတ်သက်၍ နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ နယ်နိမိတ်မှတ်တိုင်ကြား၌ နယ်နိမိတ်မျဉ်း သွယ်တန်းပုံနှင့် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် မှတ်တမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တရုတ်နိုင်ငံနယ်စပ်နှင့် ပင်လယ်သမုဒ္ဒရာရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့က နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဆိုင်ဖြူ (မူဆယ်)**

# မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)မှ သိမ်းဆည်းမြေများအတွက် လျော်ကြေး ကျပ်သိန်း ၃၀၀၀ ကျော် ပေးအပ်

**ရွှေဘို ဇန်နဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို) တည်ဆောက်ရာတွင် ပါဝင်သဖြင့် မြေယာများသိမ်းဆည်းခြင်းခံရသည့် တောင်သူများထံသို့ မြေယာလျော်ကြေးငွေ ကျပ် ၃၀၉၇ ဒသမ ၁ သိန်း ပေးအပ်ပွဲကို အဆိုပါစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

မြေယာလျော်ကြေးငွေများ ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ကို ကွင်းလေးကွင်းရှိ မြေဧရိယာ ၂၈၈ ဒသမ ၁၂၂ ဧကပေါ်၌ ၂၀၀၂ ဇန်နဝါရီလက စတင်တည်ထောင်ခဲ့ပြီး မြေကွက် ၃၅၁ ကွက်ကို ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၁၈၆ ခုကို လုပ်ကိုင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၁၀၇၈၃ ဒသမ ၃ သန်းရှိကာ လုပ်သားဦးရေ ၁၀၀၀ ကျော်ကို အလုပ်အကိုင် ပေးထားနိုင်ပြီဖြစ်ကြောင်း၊ စက်မှုဇုန်အတွင်း ပါဝင်ခဲ့သော မြေယာများအတွက်လည်း မြေယာသိမ်းဆည်းခံတောင်သူများထံ သင့်လျော်သောလျော်ကြေးငွေများ ပေးအပ်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြေယာသိမ်းဆည်းခံတောင်သူများ ညှိနှိုင်းခဲ့ကြပြီးနောက် လယ်တစ်ဧကလျှင် ကျပ်သိန်း ၅၀ နှင့် ယာတစ်ဧကလျှင် ကျပ်သိန်း ၃၀ ဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း အမှာစကားပြောကြားသည်။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက်က သိမ်းဆည်းခဲ့သော မြေယာများနှင့်ပတ်သက်၍ သိမ်းဆည်းထားပြီး စီမံကိန်းအကောင်အထည်မဖော်နိုင်သည့် မြေယာများကို မူလပိုင်ရှင်ထံ အမြန်ပြန်လည်ရောက်ရှိရေး၊ သိမ်းဆည်းပြီး စီမံကိန်းအကောင်အထည်ဖော်နိုင်သဖြင့် မူလပိုင်ရှင်ထံသို့ ပြန်လည်မစွန့်လွှတ်ပေးနိုင်တော့သည့် မြေများအတွက် သင့်လျော်သောလျော်ကြေးများ ပေးချေရေးတို့ကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး မူဝါဒနှင့် လုပ်ငန်းစဉ်(၅၂)ရပ်ကို ချမှတ်၍ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုဇုန် အကောင်အထည်ဖော်ရာတွင် B နှင့် C Block အတွင်း ပါဝင်ခဲ့၍ သိမ်းဆည်းခဲ့ပြီး လျော်ကြေးငွေပေးရန် ကျန်ရှိနေသော လယ်ယာမြေ ၆၉ ဒသမ ၇၇ ဧကအတွက် တောင်သူ ၃၂ ဦးအား လျော်ကြေးငွေများ ပေးအပ်ခဲ့ရာ လယ်မြေ ၅၀ ဒသမ ၂ ဧကအတွက် လျော်ကြေးငွေ ကျပ် ၂၅၁၀ သိန်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ယာမြေ ၁၉ ဒသမ ၅၇ ဧကအတွက် လျော်ကြေးငွေ ကျပ် ၅၈၇ ဒသမ ၁ သိန်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူကလည်းကောင်း တောင်သူများထံသို့ ပေးအပ်ခဲ့သည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# ကျောက်စိမ်းစေတီတော် တည်ထားရန် ဌာပနာကျောက်စိမ်းအသားကျောက်အရွယ်စုံ ပိဿာ ၂၀၀ လှူဒါန်း

**မိုးညှင်း ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ဒေသ လွိုင်ခမ်းတောင်တောရကျောင်း၌ မဏိရတနာကျောက်စိမ်း လွမ်းစေတီအား တည်ထားကိုးကွယ်ရန် ဌာပနာထည့်သွင်းမည့် ကျောက်စိမ်းအသားကျောက်အရွယ်စုံ ပိဿာချိန် ၁၂၀၀ လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသည့် အလှူရှင်များက လွိုင်ခမ်းတောင်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒ ထံမှ ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပြီး ဆရာတော်က စေတီတည်ထားကိုးကွယ်ရန် ဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍ ယခင်က ယခုစေတီတော်တည်ထားကိုးကွယ်မည့်နေရာတွင် ယာဉ်မတော်တဆမှု မကြာခဏ ဖြစ်ပွားပြီး လူသေဆုံးမှုများ များပြားခြင်းကြောင့် အကျွတ်အလွတ်စေတီအဖြစ် တည်ထားကိုးကွယ်ရန်နှင့် ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းကျောက်မျက်ရတနာထွက်ရှိသော်လည်း ကျောက်စိမ်းစေတီတော် မရှိသေးသည့်အတွက် ယခုကဲ့သို့ ကျောက်စိမ်းစေတီတော် တည်ထားကိုးကွယ်ရန် ဖြစ်ပေါ်လာကြောင်း မိန့်ကြားခဲ့ပြီး အလှူရှင်များက ကျောက်စိမ်းအသားကျောက် ပိဿာချိန် ၁၂၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ စေတီတော် တည်ထားကိုးကွယ်နိုင်ရန် မိုးကောင်းမြို့ နန့်ရင်းရပ်ကွက်နေ ဦးထွန်းနှင့် အလှူရှင်များက စုပေါင်းကာ ကျောက်စိမ်းအသားကျောက် ပိဿာချိန် ၁၂၀၀ ကိုလှူဒါန်းခြင်းဖြစ်ပြီး အလျား ပေ ၈၀ ၊ အနံ ပေ ၈၀ နှင့် ဉာဏ်တော်အမြင့် ပေ ၈၀ ရှိ စေတီတော်ကို တည်ထားကိုးကွယ်နိုင်ရေး ဆရာတော်ဘဒ္ဒန္တဓမ္မနန္ဒ ဦးဆောင်၍ ဇန်နဝါရီ ၁၃ ရက်မှစတင်ကာ ပန္နက်တင် မင်္ဂလာကျင်းပခဲ့ကြောင်း သိရသည်။


ဌာပနာထည့်သွင်း လှူဒါန်းထားသော ကျောက်စိမ်းအရွယ်စုံများ

**ဝင်းနိုင် (ကချင်မြေ)**

# ငွေဆောင်မြို့ပေါ် ရပ်ကွက်လေးရပ်ကွက်တွင် အိမ်သုံးမီတာများ တပ်ဆင်ပြီးစီး၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားရယူ သုံးစွဲလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငွေဆောင်မြို့နယ်ရှိ ယခင် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားသုံးစွဲလျက်ရှိသော ဒေသခံပြည်သူများအား နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ငွေဆောင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်က ငွေဆောင်မြို့ပေါ်တွင် ရပ်ကွက်ပေါင်း လေးရပ်ကွက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၆ ဒသမ ၅ မိုင်၊ စုစုပေါင်း အိမ်ထောင်စု ၅၀၁ စုတို့တွင် အိမ်သုံးမီတာများတပ်ဆင်ပြီးစီး၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားရယူ သုံးစွဲလျက်ရှိသည်။


ပုသိမ်ငွေဆောင်ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

အဆိုပါ စီမံကိန်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မိုးရာသီတွင် ဓာတ်အားလိုင်းသုံးပစ္စည်းများ သယ်ပို့ရန် ခက်ခဲခြင်း၊ ဖောင်ဒေးရှင်းနှင့် တိုင်ဆင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုနှောင့်နှေးခြင်းများကြောင့် လုပ်ငန်းကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ပွင့်လင်းရာသီအချိန်များတွင် တည်ဆောက်ရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၆၆ ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပြီးစီးခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနက သိရသည်။

၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းကို ပစ္စည်းတန်ဖိုးနှင့် တည်ဆောက်ရေး အသုံးစရိတ် မြန်မာငွေကျပ်သန်းပေါင်း ၅၄၉၈ ဒသမ ၆၈ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ငွေဆောင်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းဒေသကြီး/ပြည်နယ်များတွင် အများပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးနှင့် တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်များ ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အားစနစ်အတွင်းရှိ လျှပ်စစ်ဓာတ်အား မရရှိသေးသော ကျေးလက်နေ ပြည်သူများအား ဓာတ်အားရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# နေပြည်တော်ကောင်စီနယ်မြေ ကျောင်းရွာ၌ ကလေးငယ် ၂၀၀ ကျော် ဓမ္မစကူးလ်တက်ရောက်သင်ယူ

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာရှိ မင်္ဂလာရာမကျောင်းတိုက်အတွင်း ဓမ္မကျောင်းတော်ဖွင့်လှစ်ကာ မူလတန်းအရွယ် ကလေးငယ်ပေါင်း ၂၁၇ ဦး တက်ရောက်လျက်ရှိပြီး ဗုဒ္ဓဘာသာနှင့် အခြေခံယဉ်ကျေးမှုဆိုင်ရာ သင်ခန်းစာများကို ပို့ချပေးလျက်ရှိပြီး လာမည့် ပညာသင်နှစ်တွင် အလယ်တန်းအဆင့် ဓမ္မစကူးလ် သင်တန်းသားများကိုပါ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါကျောင်းတွင် ကလေးငယ်များအား ကုသိုလ်ဖြစ်ဆရာမ ခုနစ်ဦးဖြင့် သင်ကြားပေးလျက်ရှိသည်။

“ကျောင်းတိုက်ရဲ့ပဓာနဆရာတော်က သက်တော် ၃၅နှစ်ပဲရှိသေးတယ်။ ဆရာတော် ဦးကုလသ ဖြစ်ပါတယ်။ ကျောင်းရွာဆိုတာက ရှေးယခင်ကတည်းက စာသင်ကြားဖို့အတွက် အခြားရွာနီးချင်းတွေက လာရောက်ကြတာမို့ ကျောင်းရွာဆိုပြီး အမည်တွင်နေတာ ဖြစ်ပါတယ်။ အခုလို ဓမ္မကျောင်းတော် ဖွင့်လှစ်တော့ အိမ်ခြေ ၆၀၀ ကျော်ရှိ တဲ့ ရွာကြီးလည်းဖြစ်တာမို့ ကလေးတွေ အတော်လေးစုမိသွားတယ်။ ဒီနှစ်မှာ ၃၄ ပတ်တိတိ သင်ကြား ပို့ချပေးမှာပါ။ လာမယ့်နှစ်မှာ အလယ်တန်း ဓမ္မစကူးလ်သင်ခန်းစာတွေကို သင်ကြားနိုင်ဖို့ နှစ်ထပ်ကျောင်းဆောင်ကိုလည်း ဆောက်လုပ်နေတယ်။ ရွာမှာက အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၆၀၀ ကျော်ရှိတာမို့ အားလုံးကိုတက်နိုင်ဖို့ အတွက် ဖြစ်ပါတယ်”ဟု ကျောင်းရွာ ဒေသခံ ဦးအဂ္ဂက ပြောကြားသည်။


ဓမ္မစကူးလ်သင်တန်းတက်ရောက်သည့် ကလေးငယ်များကို တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံ - မေဦးမိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၂ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၇ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၅ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၅ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၅၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၃၅၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ၂၀၁၈ ဆရာကန်တော့ပွဲ



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ဒီဇင်ဘာလဟာ ဆရာကန်တော့ပွဲရာသီဖြစ်တယ်။ စီးပွားရေးတက္ကသိုလ်မှာ ဆရာကန်တော့ပွဲ ယဉ်ကျေးမှုက ရှင်သန်တယ်။ တခြားတက္ကသိုလ်တွေနဲ့တောင် မတူဘူး။ အတန်းပေါင်းစုံအတွက် လုပ်သလို တစ်တန်းချင်းလုပ်တာလည်း ရှိတယ်။ ဒီနှစ်မှာ ပွဲက (၅)ကြိမ်။ ကျွန်တော်အားလုံးသွားဖြစ်တယ်။ အားလပ်ရက် အချိန်နဲ့ တိုက်ဆိုင်တာမို့။**

### မြတ်နိုးစရာ ကန်တော့ပွဲယဉ်ကျေးမှု

ပထမပွဲက ဒီဇင်ဘာ ၁၆ ရက် ၁၉၆၆-၁၉၇၀ ဘွဲ့ရ ကျောင်းသားတွေက ကန်တော်ကြီးမှာရှိတဲ့ ချပ်တရမ်ဟိုတယ်မှာ ကျင်းပတယ်။ အရင့်အရင်နှစ်တွေက တခြားနေရာမှာ လုပ်ခဲ့တယ်။ ဒီနှစ်တော့ ထူးထူးခြားခြား ဟိုတယ်မှာလုပ်တော့ ၁၉၆၆ ခုနှစ်က ကျွန်တော် ဆရာဖြစ်တဲ့နှစ်။ နည်းပြဆရာမို့ ပထမနှစ်နဲ့ ဒုတိယနှစ် နည်းပြအတန်းတွေမှာ စာသင်ရတယ်။ အတန်းကြီးတွေ သင်ခွင့်မရဘူး။ ကျောင်းသား ကျောင်းသူတွေနဲ့ အသက်သိပ်မကွာလှဘူး။ ဒုတိယပွဲက ပန်ဒါဟိုတယ်မှာ ဒီတစ်ခေါက်တော့ ၁၉၆၈-၁၉၇၂ ဘွဲ့ရကျောင်းသားတွေ ခန်းမထဲဝင်တော့ အမျိုးသမီးတွေက ရွှေဝါရောင်တူညီဝတ်စုံတွေနဲ့။ သူတို့က ၁၉၆၈ ခုနှစ် တက္ကသိုလ်ရောက်တာမို့ ရွှေရတုပွဲကျင်းပနေတာ။ တတိယပွဲကတော့ အတန်းပေါင်းစုံ ကန်တော့ပွဲ။ စီးပွားရေးတက္ကသိုလ် မြက်ခင်းပြင်မှာ ကျင်းပတာ။ ပါမောက္ခချုပ်က မိတ္ထီလာ စီးပွားရေးတက္ကသိုလ်က ပြောင်းလာတဲ့ ဒေါက်တာတင်ဝင်း။ စတုတ္ထပွဲက ၁၉၈၄-၁၉၈၈ ဘွဲ့ရ ကျောင်းသားတွေ၊ နောက်ဆုံးပွဲကတော့ ၁၉၆၇-၇၁/၇၂ ဘွဲ့ရ ကျောင်းသားတွေက စီစဉ်တဲ့ပွဲ။ ဒီကန်တော့ပွဲတွေ တက်ရတာ တစ်ပွဲနဲ့တစ်ပွဲ အတွေ့အကြုံမတူဘူး။ ခံစားချက်တွေလည်း ကွဲပြားတယ်။ တူညီတဲ့အချက်ကတော့ ကျောင်းသူ ကျောင်းသားတွေရဲ့ စေတနာပဲ။ သူတို့ကို ပညာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးဆပ်တဲ့ အနေနဲ့ အခုလိုလုပ်ပေးတာ။ လုပ်တဲ့ပုံစံကလည်း ခပ်ဆင်ဆင်ပါ။ ဆရာ ဆရာမတွေကို ကန်တော့ကြတယ်။ ကန်တော့ချီးတွေတိုင်ကြတယ်။ ဆရာ ဆရာမတွေကို ပစ္စည်းနဲ့ ငွေကြေး ကန်တော့ကြတယ်။ ဆရာ ဆရာမတွေက ပြန်ပြီးဆုပေးကြတယ်။ ကျောင်းသူ ကျောင်းသားတွေက ကျေးဇူးတင်စကားပြောကြတယ်။ ပြီးတော့ အကျွေးအမွေးနဲ့ ဧည့်ခံကြတယ်။

ဆရာကန်တော့ပွဲယဉ်ကျေးမှုဟာ မြတ်နိုးစရာကောင်းလှတဲ့ကိစ္စတစ်ခုပါ။ အခုလိုလုပ်ပေးတဲ့အတွက် ဆရာတွေနဲ့ တပည့်တွေ ပြန်တွေ့ရတယ်။ သူငယ်ချင်းအချင်းချင်း တွေ့ဆုံရတယ်။ ဆရာ ဆရာမတွေလည်း တစ်ယောက်နဲ့တစ်ယောက် ပြန်ဆုံရတယ်။ အနှစ်သာရက ဒါပါပဲ။ ဆက်သွယ်ရင်းနှီးမှုတွေ ပြန်လည်ဖော်ထုတ်တာ။

### အလွှာစုံရောက် သူငယ်ချင်းများ

ကျွန်တော့်အနေနဲ့ ဒီနှစ်ကန်တော့ပွဲတွေကို သုံးမျိုးခွဲခြားပြီး စဉ်းစားခဲ့တယ်။ ၁၉၆၆-၁၉၆၇-၁၉၆၈ ဘွဲ့ရ ကျောင်းသူ ကျောင်းသားတွေက ကျွန်တော်နည်းပြဆရာဘဝက ဆုံခဲ့ကြသူတွေ။ ၁၉၈၄ ကတော့ ကျွန်တော်နိုင်ငံခြားက ပြန်လာပြီး ကထိကရာထူးနဲ့ တာဝန်ယူစဉ်။ နောက်ဆုံးကတော့ တစ်ကျောင်းလုံးအတွက်ဖြစ်တာမို့ ကျွန်တော့်ရဲ့ ဆရာသက်တမ်း နှစ်တမ်းနဲ့ ပတ်သက်တာ။ ကျွန်တော့်ရဲ့ဆရာ ဘဝက သုံးပိုင်း။ ပထမပိုင်းက ၁၉၆၆ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်အထိ၊ ဒုတိယအပိုင်းကတော့ ၁၉၇၇ ခုနှစ်ကနေ ၁၉၈၄ ခုနှစ်အထိ။ တတိယပိုင်းကတော့ ၁၉၈၈-၁၉၈၉ ခုနှစ်။ ၁၉၆၆-၁၉၆၇-၁၉၆၈ ကျောင်းသူ ကျောင်းသားတွေက ၆၀ ကျော်၊ ၇၀ ကျော်တွေ။ ဒီအထဲမှာ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတောင်ပါဝင်တာ။ တချို့တွေက စီးပွားရေးမှာ အောင်မြင်နေကြသူတွေ၊ အများစုကတော့ အငြိမ်းစားယူနေကြတယ်။ ၁၉၈၄ ကျောင်းသူ ကျောင်းသားတွေ အထဲမှာ ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်တွေ ပါဝင်တယ်။ အလုပ်လုပ်နေကြသူတွေက အများစု။ အတန်းစုံမှာတော့ ကျွန်တော်နဲ့အတူ ကျောင်းနေဖက်တွေပါသလို တပည့်တွေကတော့ အများစု။

### တာထွက်တူပေမယ့် ပန်းဝင်မတူကြ

ကန်တော့နေကြသူတွေကိုကြည့်ပြီး အတန်းထဲမှာ အတူတူတက်ကြပေမယ့် ကျောင်းပြီးသွားချိန်မှာ ပုံစံတွေ မတူကြတော့ဘူး။ ရာထူးကြီးကြီး ရကြသလို တချို့တွေကျတော့လည်း အဆင်မပြေလှဘူး။ ဘာကြောင့် ဒီလိုဖြစ်တာလဲ။ တာထွက်ချင်းတူပေမယ့် ပန်းဝင်တာတော့ မတူညီကြဘူး။ ရာထူးကြီးတာ၊ ကြွယ်ဝချမ်းသာတာ၊ အဆင်ပြေတာနဲ့ တိုင်းတာတာဟာ မလုံလောက်ဘူးဆိုတာ နားလည်ပါတယ်။ ဘယ်နေရာရောက်ရောက် စိတ်ချမ်းသာမှုက အဓိကဖြစ်ပါတယ်။ မိသားစုအဆင်ပြေပြီး ချစ်ချစ်ခင်ခင်နေနိုင်ဖို့ အရေးကြီးတာ။ အထူးသဖြင့် ကျန်းမာရေးပဲ။ ဒီအသက်အရွယ်မှာ ဘာအရေးအကြီးဆုံးလဲလို့ ပြောရင် ကျန်းမာရေးပဲလို့ ပြောရမှာ။ တချို့တွေဆို အောက်မှာထိုင်ပြီး မကန်တော့နိုင်ကြတော့ဘူး။ ကုလားထိုင်ကို သုံးနေရတာ။ ဆရာ ဆရာမတွေကို ကြည့်ရင်လည်း ဒီလိုပါပဲ။ ခေါင်းဖြူစွယ်ကျိုးတဲ့ အရွယ်တွေ၊ တုတ်ကောက်သုံးရပြီး တွဲကူနေရတဲ့အဖြစ်။ ငယ်ငယ်တုန်းကတော့ ဖျတ်ဖျတ်လတ်လတ် ရှိခဲ့ကြပေမယ့် အခုချိန်မှာတော့ ယဲ့ယဲ့။ သံဝေဂရစရာတွေပဲ။ ကန်တော့ပွဲရဲ့ရလဒ်တစ်ခု။ တစ်နှစ်တစ်ခါ မြင်ရသူတွေ ပုံစံတွေက မတူကြတော့ဘူး။ ကန်တော့ပွဲတွေမှာ မပါမဖြစ်တာက ဆရာ ဆရာမတွေက ဆုပေးမှုတွေ၊ ပီတိဖြစ်ပြီး ပြောကြပေမယ့် တစ်ခါတလေတော့ ပြန်လည်သုံးသပ်သင့်တယ်။ တချို့ကျတော့ လိုရင်းမရောက်ဘဲ ပြောနေကြတော့တာ။ ဘာကြောင့် ကန်တော့ပွဲလုပ်ရတာ မေ့နေဟန်တူတယ်။ အမှန်တော့ ကန်တော့တဲ့ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာကြဖို့၊ စိတ်ချမ်းသာကြဖို့ပြောရင် လုံလောက်ပြီလို့ ယူဆမိတယ်။ တချို့ကတော့ ကိုယ့်အကြောင်း ကိုယ်ပြောတာများတယ်။ အထူးသဖြင့် စီးပွားရေးဘာသာရပ်တွေကို ပြောနေတော့ အတန်းထဲမှာ စာသင်သလိုဖြစ်နေတာ။ အတန်းပေါင်းစုံ ပွဲကြီးကတော့ ခြိမ့်ခြိမ့်သဲသဲ။ အခမ်းအနား အဆင်အပြင်ကလည်း လှလှပပ။ ပါမောက္ခချုပ်အသစ်က အားထည့်ထားတာ။ အတန်းလိုက်အခန်းတွေ ဖွင့်လှစ်ပြီး ဧည့်ခံကျွေးမွေးကြတယ်။ ဆရာ ဆရာမတွေကို အသက်နဲ့ခွဲပြီး စင်မြင့်နှစ်ခုမှာ နေရာယူစေတယ်။ ကြီးမှူးတာက စီးပွားရေးဘွဲ့ရအသင်း။ ဆရာ ဆရာမတွေရဲ့ စင်မြင့်က အရိပ်ရှိပေမယ့် ကန်တော့တဲ့ ကျောင်းသား ကျောင်းသူတွေကတော့ အမိုးအကာမရှိဘူး။ လူတွေကလည်း အများကြီး။ အားလုံး အဆင်ပြေပေမယ့် တာဝန်ရှိသူတွေ တစ်ယောက်ပြီးတစ်ယောက် မိန့်ခွန်းပြောကြလို့ အချိန်တော်တော်ကြာသွားတယ်။ ပြောသမျှကို စိတ်ဝင်စားမှု ပြသူတွေက နည်းနည်း။ ကိုယ့်အချင်းချင်း ပြောကြ ဆိုကြ နှုတ်ဆက်ကြနဲ့။ ကျွန်တော်နဲ့အတူ ထိုင်နေသူတွေကို ကြည့်ပြန်တော့ အချင်းချင်း ပြောကြဆိုကြ။ ပြောတဲ့သူတွေကလည်း အခြေအနေကို မသုံးသပ်ဘဲ ပြောနေတော့တာပါပဲ။ ဒါကြောင့်လည်း ကျွန်တော် အကျွေးအမွေးကို မစောင့်ခဲ့တော့ဘဲ ပြန်လာခဲ့တယ်။

ဒီအကြောင်းကို နောက်ဆုံးပွဲမှာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အရိပ်အမြွက်ပြောပြီး သူ့ရဲ့မှုဒိတာစကားကို တိုတိုလေး ပြောခဲ့တယ်။ သူ့အပြီးမှာ ဆရာမ ဒေါ်မြသန်းနွယ်ကလည်း ကိုယ်တစ်မိနစ်ပဲ ပြောပါ့မယ်လို့ ကျွန်တော့်ကို ကတိပေးပြီး သူ့ကတိအတိုင်း တိုတိုနဲ့ လိုရင်းပြောခဲ့တယ်။ အမှန်တော့ ဆရာ ဆရာမတွေက အခုလို အလိုက်သိရင် အားလုံးအတွက် အဆင်ပြေမှာ။ ဒီနှစ်မှာ ကျွန်တော်ဆုမပေးခဲ့ရပါဘူး။ ရခဲ့တဲ့အချိန်တွေမှာ ကျွန်တော်က တိုတိုပဲ ပြောခဲ့တယ်။ အမှန်တော့ ကန်တော့တဲ့သူတွေကို ကျေးဇူးတင်ကြောင်း၊ နောင်နှစ်တွေမှာလည်း ကန်တော့နိုင်ဖို့ ဆုတောင်းပါကြောင်း၊ ကျန်းမာရေးကို ဂရုစိုက်ကြပြီး ဘယ်နေရာ ရောက်ရောက် ကိုယ်တတ်နိုင်သမျှ အလုပ်အကျွေးပြုဖို့ အားပေးခဲ့ပါတယ်။

### ကန်တော့ပွဲများမှ သံဝေဂရ

ကန်တော့ပွဲတွေကြောင့် တရားရပါတယ်။ အိုနာသေတဲ့ အနိစ္စသဘောကို မျက်ဝါးထင်ထင် မြင်ရပါတယ်။ ဒီနှစ်ရဲ့ ထူးခြားချက်မှာ ကွယ်လွန်သွားတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေအတွက် အမှတ်တရ သတိရပြီး ဆိတ်ငြိမ်မှု တစ်မိနစ်လုပ်ခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဆင်ခြင်ခွင့်ရပါတယ်။

ကျန်းမာရေးချို့တဲ့နေတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေကြည့် ကိုယ်လည်းအခုလို ကြုံရ၊ ဖြစ်ရမှာကို သတိပေးနေသလိုပါပဲ။ တလောက စာအုပ်တစ်အုပ်ဖတ်ခဲ့ရတယ်။ Refire not retire ဆိုတဲ့ ခေါင်းစဉ်နဲ့။ အဓိပ္ပာယ်က အငြိမ်းစားတာ မဟုတ်ဘဲ ပြန်လည်ဆန်းသစ်ဖို့။ အသက် ၆၀ ကျော်လို့ အလုပ်လုပ်ချင်မှ အငြိမ်းစားယူပြီးချိန်မှာ လုပ်စရာတွေက အများကြီးဖြစ်တယ်။ ဘာတွေလုပ်ပါလို့ ကျွန်တော် မပြောချင်ပါဘူး။ တစ်ဦးနဲ့တစ်ဦး ရွေးချယ်မှုပုံစံက ကွဲလွဲကြမှာ။ စာအုပ်ရဲ့ တိုက်တွန်းချက်အရ အငြိမ်းစားပြီးချိန်မှာ မိမိရဲ့ ဘဝကို ပြန်လည်ဆန်းသစ်အောင် မီးအသစ်မွှေးဖို့ ဝါသနာပါတဲ့အလုပ်။ အလုပ်ခွင်မှာရှိတုန်း မလုပ်နိုင်တာတွေကို လုပ်ဖို့ပြောတာ။ အရေးကြီးတာက မိမိရဲ့ပတ်ဝန်းကျင်၊ မိမိရဲ့မိသားစု အဆင်ပြေအောင် ကြိုးစားဖို့ပါ။ နောက်ဆုံးပွဲမှာ တပည့်က ကျေးဇူးတင်စကား ပြောခဲ့ပါတယ်။ သူပြောတဲ့အထဲ အခု သူအလုပ်လုပ်နေတာ နောင်ဘဝကို သယ်လို့မရတာတွေ အတွက် မလုပ်တော့ဘဲ ကိုယ်နဲ့အတူပါမယ့် အလုပ်တွေ လုပ်နေကြောင်း ပြောပြတယ်။ သူ့စကားနားထောင်ပြီး ကျွန်တော် နောင်တရမိပါတယ်။ နောင်ဘဝပါမယ့် အလုပ်တွေ ကျွန်တော် အခုချိန်အထိ မလုပ်နိုင်သေးပါဘူး။ ဒါပေမယ့် သယ်လို့ရတဲ့ အလုပ်တွေကိုလည်း လုပ်နေတာမဟုတ်ဘဲ ကိုယ့်ပညာ၊ ကိုယ့်အသိနဲ့ မိမိပတ်ဝန်းကျင်ကောင်းအောင် ကြိုးစားနေတုန်း။ စွဲလမ်းမှုကြောင့်မို့ စွန့်လွှတ်ဖို့ မလွယ်သေးပါဘူး။ ကြိုးစားရဖို့လိုကြောင်း နားလည်ပါတယ်။ ။

"ကန်တော့ပွဲတွေကြောင့် တရားရပါတယ်။ အိုနာသေတဲ့ အနိစ္စသဘောကို မျက်ဝါးထင်ထင်မြင်ရပါတယ်။ ဒီနှစ်ရဲ့ ထူးခြားချက်မှာ ကွယ်လွန်သွားတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေ အတွက် အမှတ်တရ သတိရပြီး ဆိတ်ငြိမ်မှု တစ်မိနစ်လုပ်ခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဆင်ခြင်ခွင့်ရပါတယ်"

# ရေဦးမြို့နယ်မှ ရှေးဟောင်းရွှေရေးပန်းချီများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်နေ



ရွှေကျောင်းဆောင်အတွင်း နံရံပေါ်မှ ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်း ရွှေရေးပန်းချီကားများကို တွေ့ရစဉ်။

**ရေဦး ဇန်နဝါရီ ၂၇**

ရေဦးမြို့နယ် မိုးဒေါင်ရွာ မိုးဒေါင်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ရွှေကျောင်းဆောင်ကြီးမှ ကျန်ရှိနေသေးသော ကုန်းဘောင်ခေတ်လက်ရာ ရွှေရေးပန်းချီများနှင့် မြန်မာမှုလက်ရာမြောက် ရုပ်တု၊ ရုပ်လုံးရုပ်ကြွ၊ ပန်းပု၊ ပန်းချီများကို ပျက်စီးပျောက်ဆုံးခြင်းမရှိဘဲ ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီပေးရန် လိုအပ်နေကြောင်း သိရသည်။

ရွှေကျောင်းဆောင်အတွင်းရှိ ဘုရားရုပ်ပွားတော်များ၏ အမိုးမျက်နှာကြက်နှင့် ကျောင်းဆောင်နံရံများပေါ်တွင် တန်ဖိုးမဖြတ်နိုင်သော ရှားပါးရှေးဟောင်းရွှေဇဝါရေး ရုပ်လုံး ကြွပန်းချီကားများရှိနေပြီး မြင်ဖူးသူနည်းပါးကာ ပြည်တွင်း ပြည်ပ ခရီးသွားများအား စိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်မည့် ပန်းချီကားများဖြစ်သည့်အတွက် ပန်းချီဝါသနာရှင်များ၊ ရှေးဟောင်းသုတေသန ပညာရှင်များနှင့် နိုင်ငံတော်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လာရောက် လေ့လာထိန်းသိမ်းပေးစေချင်ကြောင်း ရှေးဟောင်းသုတေသန ဝါသနာရှင် ကိုရာဇာအောင်က ပြောသည်။

အဆိုပါ ရွှေကျောင်းဆောင်ကြီးသည် ၁၉၈၂ ခုနှစ်မှစ၍ လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်များကြောင့် တဖြည်းဖြည်း ပျက်စီးယိုယွင်းလာရာအတွင်းမှ ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းရွှေရေးပန်းချီကားများအပါအဝင် ရိုးရာအနုပညာလက်ရာများ ပျောက်ပျက်သွားခြင်း မရှိစေရန်အတွက် ကျောင်းထိုင်ဆရာတော်နှင့် ဒေသခံဂေါပကများက အဆိုပါ ရွှေဇဝါရေးပန်းချီလက်ရာများကို ယခုအချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း မိုးဒေါင်ကျောင်းဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

ငွေအိုး(ကသာ)

# နတ်မောက်-မြို့သစ်နှင့်တောင်တွင်းကြီးဒေသတွင် နွေစပါးစိုက်ခင်းများဖြင့် စိမ်းလန်းဝေဖြာတော့မည်

မကွေး ဇန်နဝါရီ ၂၇

**မကွေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့်ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းကြောင့် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်များမှ ဒေသခံတောင်သူများမှာ နွေစပါးနှင့် အခြားသီးနှံများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြတော့မည် ဖြစ်သည်။**

ထို့နောက် မကွေးတိုင်းဒေသကြီးအတွင်း ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရေဝင် ရောက်မှုမှာ ယခင်နှစ်ထက်လျော့နည်းခဲ့သော်လည်း မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကျောက်တံခါးရေလှောင်တမံ၊ ပင်းကန်၊ နတ်မောက်ရေလှောင်တမံ၊ စွန်ချောင်းရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ ဘုတ်ချောင်းရေ လှောင်တမံ၊ ငမင်ရေလှောင်တမံ၊ ကန်တော်ကြီးကန်၊ ကင်ပွန်းတောင်ရေလှောင်တမံ၊ ဘန်းကုန်းရေလှောင်တမံနှင့် ရန်ပယ်ရေလှောင်တမံတို့အနက် နတ်မောက်ရေလှောင်တမံ၌ ကန်ရေ ရေလှောင်ပမာဏ ၉၉၇၅၅ ကေပေ၊ စွန်ချောင်းရေလှောင်တမံ၌ ကန်ရေ ရေပမာဏ ၁၀၃၈၉ ကေပေ၊ ဆဒ္ဒန်ရေလှောင်တမံ၌ ကန်ရေ ရေ ပမာဏ ဧက ၂၆၁၁၅ ပေတို့ကို သိုလှောင်နိုင်ခဲ့ကြပြီး မကွေးခရိုင်အတွင်းရှိ ရေလှောင်တမံများမှ စုစုပေါင်း ရေပမာဏ ၂၅၉၄၇၂ ဧကပေ သိုလှောင်ထားရှိကြောင်း သိရပြီး ရေလှောင်တမံများမှ ဆည်ရေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ တူးမြောင်းမကြီးများ၊ လက်တံမြောင်းများ၊ မြောင်းခွဲများဖြင့် မကွေးခရိုင်အတွင်းရှိ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ စတင်ပေးဝေတော့မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ယခင်နှစ်တွင် နွေစပါး ၁၁၃၁၄ ဧက၊ အခြားသီးနှံ ၁၉၄၆ ဧကစိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ်တွင်နွေစပါး ဧက၁၂၄၃၀ နှင့် အခြားသီးနှံ ၉၀၁ ဧကတို့ဖြင့် စိုက်ပျိုးရန်စီမံထားခဲ့ရာ ယခင်နှစ်ထက် နွေစပါးဧကများကို ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံတစ်ခုကို တွေ့ရစဉ်။

# လယ်ဝေးမြို့နယ်၌ ကြံစိုက်ဧကများ ယခင်နှစ်ထက် တိုးချဲ့စိုက်ပျိုးလာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

လယ်ဝေးမြို့နယ်၌ ယခင်နှစ်များက ကြံစိုက်ဧက ၆၀၀၀ ကျော်ရှိခဲ့ရာမှ ယခုနှစ်တွင် ကြံစိုက်ဧက ၈၈၈၀ အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားသတ်မှတ်ထားသည်။

ကြံသီးနှံတွင် လမိုင်းထားရန် ပြုပြင်နည်းစနစ်များမှန်ကန်စွာ ပြုပြင်နိုင်ရန်အတွက် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို လယ်ဝေးမြို့နယ်အေလာအုပ်စု ကွင်းအမှတ် ၁၇၈၃ ရှိ ကြံသီးနှံစိုက်ကွက် ၁၄ ဧကတွင် ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်ရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြသည်။

ကြံသီးနှံတွင် လမိုင်းထားရန် သင့်တော်သောကြံစိုက်ကွက်ကို ရွေးချယ်ပြီး သတ်မှတ်ထားသော ပြုပြင်နည်းစနစ်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် စိုက်ပျိုးရေးစရိတ် သက်သာခြင်း၊ လုပ်အားခ သက်သာခြင်းတို့အပြင် အထွက်နှုန်းလည်း တိုးစေခြင်းကို တောင်သူများ သိရှိလာအောင် လက်တွေ့ပြသခြင်းဖြစ်ကြောင်း နေပြည်တော်ကောင်စီဝင်က ပြောသည်။



ကြံသီးနှံလမိုင်းထားရန် ပြုပြင်နည်းစနစ်ကွင်းသရုပ်ပြပွဲ ပြုလုပ်စဉ်။

ကြံသီးနှံတွင် လမိုင်းထားရန် ပြုပြင်နည်းစနစ်များ မှန်ကန်စွာပြုပြင်နိုင်သဖြင့် တစ်ဧကအထွက်နှုန်းတိုးကာ ကြံအရည်အသွေးတိုးတက်လာနိုင်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးပွားလာမည်ဖြစ်၍ လမိုင်းပြုပြင်နည်းစနစ်များကို လက်တွေ့သိရှိလာအောင် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"လမိုင်းပြုပြင်တယ်ဆိုတာက ကြံခုတ်သွားပြီး အရွက်တွေရော ကျန်နေတာကို ၁၆ သွားထယ်နဲ့ မြေညီသွားအောင် မောင်းပေးတာပါ။ တချို့တောင်သူတွေက ပြုတ်သွားမှာ၊ ပျက်သွားမှာကြောက်တော့ မမောင်းရဲဘူး။ အခုလိုတောင်သူတွေကို မောင်းပြလိုက်တဲ့ အခါကျတော့ သူတို့မောင်းရဲသွားမယ်။ အဲဒီလိုမပြုပြင်ဘဲနဲ့ ဒီတိုင်းထားလိုက်လည်းရတယ်။ ဒါပေမယ့် သီးနှံအထွက်မှာ မကောင်းဘူး။ ဒါကြောင့် တောင်သူတွေကို ခုလို လမိုင်းပြုပြင်နည်းတွေကို ကွင်းသရုပ်ပြပွဲတွေအနေနဲ့ လုပ်ပေးရတာပါ။ ကြံစိုက်တောင်သူတွေအနေနဲ့ ကြံတစ်ဧက တန် ၅၀ နီးပါး ထွက်ရှိပါတယ်။ လက်ရှိ ကြံတစ်တန်ကို စက်ရုံအရောက် ငွေကျပ် ၃၃၀၀၀ ရရှိတဲ့အတွက် တစ်ဧက ငွေကျပ်သိန်း ၂၀ လောက်ရရှိလို့ ကြံစိုက်တောင်သူတွေအနေနဲ့ တွက်ခြေကိုက်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက် လောက်က စစိုက်ပါတယ်။ ကြံက ဖေဖော်ဝါရီလထက်နောက်ကျရင် မကောင်းဘူး။ ဒါကြောင့် ကျန်တဲ့အကွက်တွေကို ဖေဖော်ဝါရီလ မကုန်မီအပြီးစိုက်ပျိုးသွားမှာပါ" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက ပြောသည်။

လယ်ဝေးမြို့နယ်တွင် ယခုနှစ် ကြံစိုက်ဧက ၈၀၀၀ ကျော် လျာထားသတ်မှတ်ထားရာ လက်ရှိ ၃၅၁၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ဧကများကို ဖေဖော်ဝါရီလအမီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကြံစိုက်တောင်သူများက ထွက်ရှိလာသည့် ကြံများကို မြို့နယ်အတွင်းရှိ တောင်ဇဉ်အေးသကြားစက်နှင့် ပျဉ်းမနားသကြားစက်တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

# ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း စွန်တာနီ ပဲစိုက်ခင်းများ ဖြစ်ထွန်း

**ရေတာရှည် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသ ရဲကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ စိုက်ပျိုးထားသော စွန်တာနီပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို ဇန်နဝါရီ ၂၅ ရက်က မြင်တွေ့ခဲ့ရသည်။ စွန်တာနီပဲကို စိုက်ပျိုးကြသည့် တောင်သူများသည် သီတင်းကျွတ်လ၌ စတင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကာ တပေါင်းလတွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

စွန်တာနီစိုက်ခင်းများ ကောင်းမွန်သည့်အခါ တစ်ဧကလျှင် တင်း ၃၀ ထွက်ရှိနိုင်ပြီး ယခင်နှစ်က တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ရောင်းချခဲ့ရသည့်အတွက် တောင်သူများ အဆင်ပြေကြသည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများဖြစ်သော ဇေယျသိမ်၊ ရဲကုန်း၊ ဘုရားကုန်းကျေးရွာအုပ်စုများနှင့် မြစ်အနောက်ဘက်ကမ်းဒေသဖြစ်သော မြို့လှ၊ နတ်တောင်၊ ကက္ကူ အစရှိသော ကျေးရွာ အုပ်စုများတွင်လည်း အများ အပြားစိုက်ပျိုးထားကြကြောင်း သိရသည်။

**သန်းလွင်**

# ဂန့်ဂေါ- ကလေး နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော နှစ်ရှည်သီးပင်စိုက်ခင်းများအတွက် လျော်ကြေးငွေပေးအပ်

**ကလေး ဇန်နဝါရီ ၂၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း မြောက်ပိုင်း ၂၃၀ ကေဗွီ ဂန့်ဂေါ- ကလေး နှစ်ထပ်မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အတွင်းသွယ်တန်းသည့် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော နှစ်ရှည်သီးပင်စိုက်ခင်းများအတွက် နစ်နာသူတောင်သူများထံသို့ သီးနှံလျော်ကြေးငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ)ရှားမီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုတို့က ထိုမာကျေးရွာမှ တောင်သူ ၄၅ ဦး၊ သာစည်ကျေးရွာမှ တောင်သူ ၄၆ ဦး၊ ထောက်ကြန့်ကျေးရွာမှတောင်သူ ၃၄ ဦး၊ ရွာစည်ရွာသာကျေးရွာမှတောင်သူ ၃၅ ဦး၊ နတ်မြောင်းကျေးရွာမှ တောင်သူ ၃၀၊ နတ်ချောင်းကျေးရွာမှ တောင်သူ ၂၅ ဦး၊ မြောက်စည်းနှင့် တင်သားကျေးရွာမှတောင်သူ ၁၇ ဦး၊ အောင်မင်္ဂလာနှင့် မြို့သာရပ်ကွက်မှတောင်သူ ၂၅ ဦး၊ ငါးဖား၊ ခုံတိုးမြို့သာနှင့် တောင်စည်းကျေးရွာမှ တောင်သူ ၃၂ တို့ကို တောင်သူများကိုယ်စား သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံသို့ သီးနှံလျော်ကြေးငွေများ ပေးအပ်ကြသည်။

အဆိုပါသီးနှံလျော်ကြေးငွေပေးအပ်ရာတွင် ကျေးရွာပေါင်း ၁၃ ရွာမှ တောင်သူ ၂၈၉ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၀၆၄၁၉၂၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



နွေစပါး၊ မိုးစပါးအတွက် ရေပေးဝေလျက်ရှိသည့် ငွေတောင်ဆည်။

# ကယားပြည်နယ်အတွင်း နွေစပါး ဧက ၅၅၀၀ ကျော်အတွက် ရေပေးဝေမည်

**လွိုင်ကော် ဇန်နဝါရီ ၂၇**

ကယားပြည်နယ်အတွင်းရှိ ဆည်၊ ကန်၊ ရေလှောင်တမံ ၃၂ ခုမှ နှစ်စဉ် မိုးစပါးဧက ၃၀၀၀ ကျော်၊ နွေစပါးဧက ၅၀၀၀ ကျော်တို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မိုးစပါး ၃၃၁၁၇ ဧက ရေပေးဝေနိုင်ခဲ့ပြီး လာမည့် နွေစပါးစိုက်ပျိုးရေးအတွက် ၅၅၀၈ ဧကကို ရေပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် မိုးစပါး၊ နွေစပါးနှင့် အခြား သီးနှံများ ရေပေးဝေခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၄၇။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ တစ်ဦးဦးတွင် အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

( ခ ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

( ဂ ) လိုင်စင်ပါခွင့်ပြုသည့် ဆေးကုသခြင်း အမျိုးအစားမှအပ အခြား ဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက်ဆောင်ရွက်ခြင်း၊

( င ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှု မရှိခြင်း၊

( စ ) သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) ကောင်စီက အသိအမှတ်ပြုထားခြင်း မရှိသေးသည့် ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲဖော်ပြခြင်း။

### အခန်း (၁၄)
### မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၄၈။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

( ခ ) ကောင်စီက သတ်မှတ်သည့် တိုင်းရင်းဆေးဆရာ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာ စောင့်ထိန်းရမည်။

( ဂ ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်နှင့် အကူအညီကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၉။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် -

(က) ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ရှိသည်။

( ဂ ) မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးဦးက မှတ်ပုံတင်ပြီးနောက် ထပ်မံရရှိသော ဆေးပညာရပ်ဆိုင်ရာ အရည်အချင်းတစ်ရပ်ရပ်ကို ကောင်စီ၏ မှတ်ပုံတင်စာရင်းနှင့် မိမိ၏ မှတ်ပုံတင်လက်မှတ်တွင် ဖြည့်သွင်းပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

၅၀။ ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာသည် -

(က) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

( ဂ ) စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် ကောင်စီသို့ တင်ပြခွင့်ရှိသည်။

### အခန်း (၁၅)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၁။ ကောင်စီသည် မိမိကိုယ်တိုင် သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ရတိုင်းရင်းဆေးဆရာ သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရသူတစ်ဦးဦးအား စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်လျှင် အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦး၊ ကောင်စီဝင် နှစ်ဦးနှင့် သက်ဆိုင်ရာ ပညာရှင်နှစ်ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၂။ ပုဒ်မ ၅၁ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်၊ သဘောထားမှတ်ချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၃။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ အောက်ပါအရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်-

(က) သတိပေးခြင်း၊

( ခ ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

### အခန်း (၁၆)
### အယူခံခြင်း

၅၄။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၅၃ တို့အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၅။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

### အခန်း (၁၇)
### တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၆။ မည်သူမျှ ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ တိုင်းရင်းဆေးဆရာအမည်ခံ၍ ဆေးကုသခြင်း မပြုရ။

၅၇။ မည်သည့်နိုင်ငံခြားသားမျှ ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့် လိုင်စင်မရှိဘဲ မြန်မာ့တိုင်းရင်းဆေးပညာဖြစ်စေ၊ နိုင်ငံတကာတိုင်းရင်းဆေးပညာ ဖြစ်စေ အသုံးပြု၍ ဆေးကုသခြင်း မပြုရ။

၅၈။ မည်သူမျှ ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၅၉။ မည်သူမျှ ပုဒ်မ ၃၅ အရ ဘွဲ့၊ ဒီဂရီ အသိအမှတ်ပြုရန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၆၀။ မည်သူမျှ ပုဒ်မ ၃၇၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၃ တို့အရ ဆေးကုသခွင့် လိုင်စင်ရရှိရန် လိမ်လည် လျှောက်ထားခြင်း မပြုရ။

၆၁။ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ် သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၆၂။ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၈ သို့မဟုတ် ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် နှစ်နှစ်ထိဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း (၁၈)
### အထွေထွေ

၆၅။ ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်ပြည့်မြောက်သည့် နေ့မှစတင်၍ ဤဥပဒေနှင့်အညီ လျှောက်ထားရမည်။

၆၆။ ဆေးကုသခွင့်လိုင်စင်ရရှိသူ တစ်ဦးဦးသည် လူနာအကျိုးအတွက် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ တိုင်းရင်းဆေးဆရာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၇။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/ ၂၀၀၀) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ ကောင်စီသည် တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/ ၂၀၀၀) အရ ဖွဲ့စည်းထားသော ကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၉။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/ ၂၀၀၀) အရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/ ၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (ရန်ကုန်)၌ သံဃာဆေးကုသဆောင်သစ်နှင့် လေ့ကျင့်ကုသဆောင်သစ်တို့ကို စတင်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(ရန်ကုန်)၌ သံဃာဆေးကုသဆောင်သစ်နှင့် လေ့ကျင့်ကုသဆောင်သစ်တို့ကို ယမန်နေ့က စတင် ဖွင့်လှစ်သည်။

ထိုသို့ဖွင့်လှစ်ရာတွင် အဆောက်အအုံသစ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အလှူရှင်များကိုယ်စား ပြည်လုံးချမ်းသာ ဦးဘိုကြီးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး အဆောက်အအုံအတွင်း လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆောက်အအုံသစ်များ တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဒုတိယဆေးရုံအုပ် ဦးတင့်လွင်က "ကျွန်တော်တို့ဆေးရုံကို သံဃာတွေလာတက်တဲ့အခါမှာ သံဃာအတွက် သီးသန့်အခန်း မရှိပါဘူး။ လူတွေနဲ့ရောထားတဲ့အခါကျ အခက်အခဲလေးတွေ ရှိပါတယ်။ အဲဒီလို အခက်အခဲရှိတဲ့အတွက် ဆေးတိုက်ပိုင်ရှင်တွေ၊ လှူဒါန်းမယ့် လူတွေနဲ့ညှိနှိုင်းပြီး သံဃာတွေ သီးသန့်တက်ရောက်ပြီး ဆေးကုသရင် အဆင်ပြေဖို့ ပြည်သူတွေ ထည့်ဝင်ငွေနဲ့ တည်ဆောက်ဖြစ်ခဲ့တာပါ"ဟု ပြောသည်။

သံဃာဆေးကုသဆောင်သစ်မှာ (၆၈ ပေ × ပေ ၃၀) ရှိကာ နှစ်ထပ် သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ အများထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေ့ကျင့်ကုသဆောင်မှာ ပေ ၂၀ × ပေ ၃၀ ရှိ၍ တစ်ထပ်အဆောက်အအုံဖြစ်ကာ တစ်ဦးတည်း အလှူရှင်အဖြစ် ဦးထွန်းရွှေ (ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေး) က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးတွင် နေ့စဉ် ပြင်ပလူနာ ၁၀၀ နှင့်အထက် လာရောက်ပြသလျက်ရှိပြီး ဆေးရုံတက် အတွင်းလူနာမှာ ၆၀ မှ ၈၀ အကြား တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။ တိုင်းရင်းဆေးရုံကြီးကို ၁၉၈၀ ပြည့်နှစ်ခန့်က ၁၆ ခုတင်ဆံ့ဆေးရုံအဖြစ် စတင်ထူထောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အာကာစိုး**



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အလှူရှင်များကိုယ်စား ပြည်လုံးချမ်းသာ ဦးဘိုကြီးနှင့် တာဝန်ရှိသူများက ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (ရန်ကုန်) ကုသဆောင်သစ်ကို ဖွင့်လှစ်ပေးစဉ်။

## သတင်းတိုများ

### ဖန်းမောက်မြို့နယ်မှ သွားလာရန်ခက်ခဲသော ကျေးရွာ၌ မူလွန်ကျောင်းဖွင့်လှစ်

**ဖန်းမောက် ဇန်နဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နှင့် မိုင် ၄၀ ကျော် ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကနန်းရွှေကျောင်းကျေးရွာအုပ်စု ရွှေကျောင်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း ပံ့ပိုးငွေဖြင့် မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်ကို တည်ဆောက်ပြီးစီးခဲ့ရာ ဇန်နဝါရီ ၂၆ ရက်က ဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါ မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်ကို လူထုဗဟိုပြုစီမံကိန်း ပံ့ပိုးငွေ ကျပ်သိန်း ၂၆၀ ကျော်နှင့် လူထုထည့်ဝင်ငွေ ကျပ် ၅၈ သိန်းကျော် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နှစ်ထပ်ကျောင်းဆောင်အတိုင်းအတာမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ နှင့် အမြင့်ပေ ၃၀ ဖြစ်ကြောင်း ဖန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ သတင်းပြန်ကြားဆက်သွယ်ရေးတာဝန်ခံ ဒေါ်သက်စိုးအေးက ပြောသည်။ ကျောင်းဆောင်သစ်ကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးသက်အောင်၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးကြည်ခိုင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

### သန်လျင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း ကျေးရွာလေးရွာ တိုးချဲ့တည်ထောင်

**သန်လျင် ဇန်နဝါရီ ၂၇**
ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို တစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ၊ မီးရရှိရေးလုပ်ငန်းများအတွက် စီမံကိန်းမှ ချေးငွေများ ထုတ်ပေးလျက်ရှိရာ သန်လျင်မြို့နယ်၌လည်း ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ကျေးရွာလေးရွာ၌ စီမံကိန်းကို တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးရွာများအလိုက် မြစိမ်းရောင်စီမံကိန်း ကော်မတီအဖွဲ့များကို ဇန်နဝါရီ ၂၄ ရက်က ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါ ကော်မတီအဖွဲ့များမှ အဖွဲ့ဝင်များအား စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကို ဇန်နဝါရီ ၂၅ ရက်က ဖွင့်လှစ်၍ ဒေသခံ စီမံကိန်းကော်မတီအဖွဲ့ဝင် ၃၅ ဦးတို့အား သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်တွင် ကျေးရွာ သုံးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာစသည်ဖြင့် တိုးချဲ့ခဲ့ရာ လက်ရှိအချိန်အထိ ကျေးရွာ ၂၂ ရွာ၌ စီမံကိန်းများ အကောင်အထည်ဖော်ထားပြီဖြစ်ကြောင်း သိရသည်။

**(သန်လျင်/ကျေးလက်ဦးစီး)**

### မူးခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ဝမ်းတွင်းမြို့နယ်၌ကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၂၇**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများအား မူးခင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရွှေတောင်နယ်မြေရဲစခန်းက ကြီးမှူး၍ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မူးခင်းအသိပညာများ တိုးပွားလာကာ မိမိတို့ပတ်ဝန်းကျင်တွင် မူးခင်းများမကြုံတွေ့အောင် ကြိုတင်ကာကွယ်နိုင်ရန်၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အပါအဝင် ကလေးများကြုံတွေ့လာနိုင်သည့် အခြေအနေများမှကင်းဝေးစေရန် ရည်ရွယ်လျက် ပညာပေးခြင်းဖြစ်ကြောင်း ရွှေတောင်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်နိုင်စိုးက ပြောကြားသည်။ ဟောပြောပွဲသို့ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ခဲ့ပြီး စခန်းမှူးနှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ် ဆန်းလွင်တို့က ဟောပြောခဲ့ကြသည်။

**မြန်မာ့အလင်း**

# တောပန်းကလေးများလည်း ပွင့်ကြစေ

**ခင်ရတနာ**



ထူးချွန်ကျောင်းသူ မသင်းသင်းမာနှင့် အတန်းပိုင်ဆရာမ ဒေါ်အိဇာဖြိုး (ဓာတ်ပုံ-မေဦးမိုး)

အချင်းလက်မဝက်ဝန်းကျင် သစ်လုံးကလေးများ၊ ဝါးလုံးလေးများ စီတန်းထားသည့် တဲငယ်လေးတစ်လုံးအတွင်း ရိုးရှင်းလှသည့် ဘုရားစင်လေးတစ်ခုကို မြင်တွေ့ရသည်။ ဘုရားရုပ်ပွားတော်၏အရှေ့ဝယ် စီတန်းထားသည့် ဆုတံဆိပ်များက ဘုရားသို့ကပ်လှူထားသည့် ပန်းပွင့်ကလေးများသဖွယ် စီတန်းလျက်ရှိသည်။ ဆုတံဆိပ်များ ဖုန်တက်နေသော်လည်း ဆုများ၏ရှေ့တွင် ထောင်ထားသည့် မဖွင့်ရသေးသော စာအိတ်ငယ်ကမူ အတော်ပင် သစ်လွင်နေသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် စတုတ္ထတန်း၏ လူမှုရေးဘာသာရပ်တွင် သွားလာရခက်ခဲပြီး အရောက်အပေါက်နည်းသော၊ အိမ်ခြေ ၁၀၀ ဝန်းကျင်သာရှိပြီး စတုတ္ထတန်း ကျောင်းသူကျောင်းသား ၁၃ ဦးမျှသာရှိသော၊ အမိုးအကာအုတ်ပတ်လည်ဖြင့် လုံခြုံစွာ ကျောင်းတက်ရသည်မှာ တစ်နှစ်ခန့်သာရှိသေးသော၊ ကားလမ်းမရှိဘဲ ဆိုင်ကယ်များပင် တစ်စီးချင်းသာသွားလာနိုင်သည့်လမ်းရှိသော တပ်ကုန်းမြို့နယ် ကြပ်ကြီးရွာမှ ကျောင်းသူ မသင်းသင်းမာက မြို့ပေါ်မှ ကျောင်းသားကျောင်းသူများအပါအဝင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၀၀ ကျော်မှ ထူးချွန်ကျောင်းသား ၄၇ ဦးအနက် ပထမဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

"ကျောင်းမှာလည်း သူကစာတော်တယ်၊ သူ့ဘေးမှာ ဘယ်လောက်ဆူညံနေပါစေ၊ စာကျက်မပျက်ဘူး၊ ထူးချွန်ဖြေဆိုဖို့ သူ့ကို ကျောင်းမှာခေါ်ပြီး စာသင်ပေးတဲ့အခါ သူ့တူမလေးတွေ၊ တူလေးတွေကို ခေါ်ထားပြီး ကလေးထိန်းရင်းက စာကျက်ရတယ်၊ ကလေးတွေငိုသံ ဆူသံတွေကြားမှာ သူက အတော်လေး ကြိုးစားကျက်မှတ်ခဲ့တာ၊ သူပင်ပန်းပေမယ့် ကြိုးစားတဲ့အတွက် သင်ပေးရကျိုးလည်းနပ်ပါတယ်"ဟု ကြပ်ကြီးကျေးရွာ မူလတန်းကျောင်းမှ စတုတ္ထတန်းပြဆရာမ ဒေါ်အိဇာဖြိုးက ပြောပြသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာသင်ယူရန် အခက်အခဲရှိသူများ၊ လိုအပ်ချက်ရှိသော ဒေသများကို ပိုမိုဖြည့်ဆည်းပေးလျက်ရှိပြီး ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းမြင့်နေခြင်းကို လျှော့ချရေး၊ စာသင်ခန်းနှင့် အခြေခံ အဆောက်အအုံများ ပိုမိုဖြည့်တင်းပေးရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန် ရည်ရွယ်လျက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများတွင် ယခင်က ကျောင်းသားဦးရေ တစ်ခုတည်းကိုသာ မူတည်သတ်မှတ်ခဲ့သော်လည်း ယခုအခါ ခရီးအကွာအဝေးကိုပါမူတည်၍ ထည့်သွင်းသတ်မှတ်ပေးခဲ့သည်။

ထို့ကြောင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၃၃၂၀ ကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၁၀၀ ကိုလည်းကောင်း ကျောင်းအဆင့်များ တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ဖြေကြားထားခဲ့သည်။

မသင်းသင်းမာ ပညာသင်ကြားသည့် ကျောင်းလေးသည် မူလက ခနိမိုး၊ ထရံကာ မြေစိုက်တန်းလျားတစ်ခု ဖြစ်ခဲ့ပြီး ကျောက်သင်ပုန်းတစ်ချပ်ကို ဟိုဘက်ဒီဘက်ခွဲကာ ပထမတန်းနှင့် ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းစသည်ဖြင့် ပညာသင်ကြားခဲ့ရသည့် အနေအထားမှ ပြီးခဲ့သည့်နှစ်က ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးခဲ့ခြင်းကြောင့် ကျေးရွာရှိ ကလေးငယ်များအတွက် လုံခြုံအေးချမ်းစွာ ပညာသင်ကြားခွင့် ရရှိလာခြင်းဖြစ်ကြောင်း ကြပ်ကြီးကျေးရွာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စပယ်အေးက ပြောကြားသည်။

ကျောင်းဆောင်သစ်လေးမှာ သစ်လွင်လှပပြီး မီးချောင်းများ၊ မီးကြိုးများကအစ အသစ်အတိုင်း မြင်ရသည်။ သို့သော် မီးမရရှိသေးဟု သိရသည်။ မီးကြိုးများသွယ်တန်းမှု ကုန်ကျစရိတ်ကို လျှော့ပေါ့ကာ ကျောင်းအိမ်သာလေး ဆောက်လုပ်ပေးခဲ့ပါက သိပ်အဆင်ပြေလိမ့်မည်ဟု ကျောင်းဆရာမတစ်ဦးကလည်း ခပ်တိုးတိုးရေရွတ်သည်။ ကျောင်းအုပ်ကြီးအပါအဝင် ဆရာမ ခြောက်ဦးသာရှိသည့် အဆိုပါကျောင်းကလေးသည် ကျေးရွာ၏ အားကိုးအားထားပြုရာ နေရာလေးတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ဤကျောင်းလေးမှ ထူးချွန်ကျောင်းသူ ထွက်ပေါ်လာခြင်းသည် ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူမှုအခွင့်အလမ်း မြင့်မားနိုင်စေရေးအတွက် များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ပြောကြားသည်။

ထူးချွန်ကျောင်းသူ မသင်းသင်းမာ၏ ဖခင်ဖြစ်သူက "စာကို ကြိုးစားသင်ယူဖို့ အမြဲဆုံးမတယ်၊ ကျွန်တော်က ခြေထောက်မသန်တော့ဘူးဆိုတော့ ကလေးရဲ့အမေက ပင်ပန်းပါတယ်၊ ကလေးက ငယ်ငယ်တည်းက စာတော်တယ်၊ စာကျက်တယ်၊ အိမ်စာလုပ်တယ်၊ ပြီးမှ တခြားအလုပ်တွေ ခိုင်းလို့ရတယ်၊ သူ့ကိုတော့ စာတော်တဲ့အတွက် အလုပ်တွေအများကြီးမခိုင်းဘူး၊ ပညာကိုကြိုးစားပြီးသင်ဖို့ တတ်နိုင်သလောက်တော့ အားပေးပါတယ်၊ လာမယ့်နှစ်ကျရင်လည်း အခြားရွာက အလယ်တန်းကျောင်းကို ဆက်ပို့နိုင်အောင် ကြိုးစားမယ်၊ စက်ဘီးနဲ့ကျောင်းတက်နိုင်ဖို့အတွက် ကြိုးစားပြီးတော့ စုဆောင်းနေပါတယ်" ဟု ပြောသည်။

လက်လုပ်လက်စား မိခင်နှင့် မသန်စွမ်းသူ ဖခင်တို့၏ အားပေးမှု၊ အတန်းပိုင်ဆရာမ အပါအဝင် ကျောင်းမှ ဆရာမများ၏ ဝိုင်းဝန်းကြိုးပမ်းပေးခဲ့မှုတို့ကြောင့် မသင်းသင်းမာအနေဖြင့် တပ်ကုန်းမြို့ပေါ်သို့ သွားရောက်၍ ထူးချွန်စာမေးပွဲကို ဖြေဆိုနိုင်ခဲ့သည်။ "တပ်ကုန်းကို နှစ်ခေါက်ရောက်ဖူးတယ်၊ ပထမတစ်ခေါက်က ထူးချွန်ပြိုင်တုန်းက၊ နောက်တစ်ခေါက်က ဆုသွားယူတာ"ဟု မသင်းသင်းမာက မြို့ပေါ်ရောက်ခဲ့ဖူးသည့်အကြောင်းကို ပြောပြသည်။

မြို့ပေါ်တွင် ကလေးများ ကျောင်းသွားချိန် ကျောင်းရှေ့အခန်းရှေ့တို့၌ မိဘများစောင့်ဆိုင်းနေကြသည်မှာ ထူးဆန်းသည့်မြင်ကွင်းတစ်ခု မဟုတ်သော်လည်း မသင်းသင်းမာ၏ မိခင်ဖြစ်သူအတွက် အတော်ပင် ထူးဆန်းလျက်ရှိကြောင်း၊ တူလေးများနှင့် တူမလေးများအား ထိန်းကျောင်းခိုင်းခြင်း၊ ရေခပ်ခိုင်းခြင်းနှင့် တစ်နိုင်တစ်ပိုင် သီးပင်၊ စားပင်များ စိုက်ပျိုးရောင်းချရာတွင် ကူညီခိုင်းခြင်းများသည် ဤဒေသတွင် အရွယ်ရောက်သည့်ကလေးများနည်းတူ လုပ်ဆောင်ခိုင်းခြင်းဖြစ်သဖြင့် ခိုင်းသည်ဟု မတွေးခဲ့ဖူးကြောင်း မသင်းသင်းမာ၏ မိခင်ဖြစ်သူက ပြောသည်။

ဒေသတွင်း၌ ပညာ့မီးအိမ် အမည်ဖြင့် ပညာရေးပရဟိတ လုပ်ဆောင်နေသည့်အဖွဲ့လေးမှ ကိုအဂ္ဂက "ဒီကျောင်းလေး အခုလို ဖွံ့ဖြိုးလာတာ၊ အောင်မြင်လာတာကို တွေ့ရတာ အလွန်ဝမ်းသာတယ်၊ ကျွန်တော်တို့ တတ်နိုင်သလောက်နဲ့ ကျောင်းလေးကိုမြှင့်တင်ပေးခဲ့တာ လေးတိုင်စင်ဘဝကတည်းကပဲ၊ နေရာကလည်း သွားလာရခက်ခဲတဲ့အတွက် သင်ယူတတ်မြောက်တဲ့နှုန်းက တော်တော်လေးနည်းခဲ့တယ်၊ အပတ်စဉ်တိုင်း အတန်းထဲမှာ ပထမ၊ ဒုတိယ၊ တတိယဆိုပြီး အဆင့်အလိုက် ဆုတွေကို တတ်နိုင်သလောက် သွားပေးခဲ့တယ်၊ ဒီလိုနည်းနဲ့ စာသင်ကြဖို့ ဆွဲဆောင်ပေးခဲ့ရတာ၊ အခုလည်း မသင်းသင်းမာအတွက် အားလုံးဝိုင်းပြီးတော့ လှူဖြစ်တယ်၊ စာရေးစားပွဲနဲ့ခုံ၊ သူ့အတွက် ဆိုလာမီးသီးနဲ့ ဘက်ထရီ၊ အဝတ်အစား၊ အသုံးအဆောင်နဲ့ စာရေးကိရိယာတွေ အများကြီးပဲ၊ စာသင်ခုံလေးကိုတော့ အခြားကျောင်းသားတွေမြင်အောင် ပြထားတယ်၊ တော်တဲ့သူဆိုရင် ဆုရမယ်ဆိုတဲ့ အသိလေးကြောင့် ပိုပြီး ကျောင်းကိုစိတ်ဝင်စားလာအောင် ကြိုးစားတာပါ"ဟု ပြောကြားသည်။

မသင်းသင်းမာ၏ အိမ်ထရံထက်တွင် ချိတ်ဆွဲထားသည့် ထူးချွန်ဆု ဂုဏ်ပြုကတ်ပြားလေးများစွာသည် အတန်းအလိုက် ထူးချွန်စွာအောင်မြင်ခဲ့သည့် သက်သေများဖြစ်သကဲ့သို့ ဆက်လက် ပညာသင်ကြားခွင့်ရစေမည့် အထောက်အပံ့ကောင်းများလည်းဖြစ်သည်။

"သမီးကြီးလာရင်..."ဟုဆိုရင်း စကားဆက်၍မပြောဘဲ ရပ်တန့်သွားသည့် မသင်းသင်းမာက သူကြီးပြင်းလာပါက မည်သည့်အလုပ်အကိုင်ကို ဝါသနာပါသည်၊ လုပ်ကိုင်မည်ဟု စိတ်ကူးမျှော်လင့်ချက်လည်း ထားရကောင်းမှန်း မသိသေးသည်ကို မြင်တွေ့ရသည်။ ရိုးသားသည့် ကျေးလက်မှ ကလေးတစ်ဦး၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များ ပေါ်ထွက်လာရေးသည် အလွန်အရေးကြီးကြောင်း တပ်ကုန်းမြို့နယ်အတွင်း ပညာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများတွင် ဆောင်ရွက်ကူညီပေးနေသူ ကျောင်းဆရာ ကိုကျော်စိုးက ပြောသည်။

"မြို့ပေါ်မှာ ကလေးတွေကျောင်းသွားရင် မိဘတွေပါ လိုက်သွားကြတယ်၊ ကျွန်မတို့ ကျေးလက်မှာတော့ ကလေးတွေ ကျောင်းမှန်မှန်တက်အောင် ဆရာမတွေ၊ ဆရာတွေက ကလေးတွေရဲ့အိမ်အထိ လိုက်သွားကြတယ်၊ တကယ့်ကို ထူးချွန်ဖို့ ကြိုးစားနေတဲ့ ဝေးလံခေါင်သီတဲ့ကျေးလက်က ကလေးတွေ အများကြီးရှိပါတယ်၊ သူတို့တွေဟာ မိဘရဲ့အကူအညီလည်း မရနိုင်သလို ဆရာတွေဆိုရင်လည်း တော်တော်လေး နည်းတယ်၊ သင်ထောက်ကူပစ္စည်းဆိုတာလည်း ခက်ခဲတယ်၊ ပညာရဖို့လမ်းပန်းဆက်သွယ်ရေးကလည်း မလွယ်ဘူး၊ မသင်းသင်းမာဆိုရင် နောက်နှစ် ပဥ္စမတန်းတက်ဖို့ နှစ်မိုင်လောက်ခရီးကို နေ့စဉ် အသွားအပြန် လေးမိုင် ခရီးနှင်ရမယ်၊ ဒါပေမယ့် ပညာရေးဆိုတော့ ကြိုးစားပြီးရှေ့ဆက်ဖို့၊ အတန်းကြီးသွားပေမယ့် ရွာကျောင်းလေးက ဆရာမတွေကို အဆက်အသွယ်မပြတ်ဘဲ လိုတဲ့အကူအညီတောင်းဖို့ အခုကတည်းက မှာနေရတယ်၊ ကျောင်းထွက်သွားမှာ၊ ခရီးမဆုံးမှာတော့ စိုးရိမ်မိတယ်"ဟု မသင်းသင်းမာ၏ အတန်းပိုင်ဆရာမလေး ဒေါ်အိဇာဖြိုးက ပြောသည်။

ကန်စွန်းဥများကို တူးနေရင်းက အပြုံးလေးတစ်ပွင့်ဖြင့် မသင်းသင်းမာက သတင်းအဖွဲ့ကို နှုတ်ဆက်သည်။ နေရောင်ခြည်သည် တဲရှေ့မှ ကန်စွန်းခင်းများကိုလည်းကောင်း၊ ဝါပင်များပေါ်သို့လည်းကောင်း၊ ဆရာမလေးများ၏ မျက်နှာများပေါ်သို့လည်းကောင်း ကျရောက်လျက်ရှိသည်။ နေလောင်ထားသဖြင့် အသားအရေ ညိုညက်ညက်ဖြစ်နေသော်လည်း မသင်းသင်းမာတို့ မိသားစုအားလုံးတွင် ရိုးသားသည့်မျက်နှာများကိုမြင်တွေ့ရသည်။

လာမည့်နှစ်တွင်လည်း မသင်းသင်းမာ၏ဂုဏ်သတင်းကို ကြားရမည်မှာ သေချာပါသည်ဟု ဆရာမကပြောရာ မိဘနှစ်ဦးစလုံးက ခိုင်မာသည့်အသွင် ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံကြောင်းပြသည်ကို မသင်းသင်းမာ ငေးကြည့်နေသည်။ ကျေးလက်မှ ပန်းကလေးများကိုလည်း အစွမ်းကုန် ပွင့်စေလိုပါသည်။ ။

**သူတို့တွေဟာ မိဘရဲ့အကူအညီလည်း မရနိုင်သလို ဆရာတွေဆိုရင်လည်း တော်တော်လေးနည်းတယ်၊ သင်ထောက်ကူပစ္စည်းဆိုတာလည်း ခက်ခဲတယ်၊ ပညာရဖို့ လမ်းပန်းဆက်သွယ်ရေးကလည်း မလွယ်ဘူး၊ မသင်းသင်းမာဆိုရင် နောက်နှစ် ပဥ္စမတန်းတက်ဖို့ နှစ်မိုင်လောက်ခရီးကို နေ့စဉ် အသွားအပြန် လေးမိုင် ခရီးနှင်ရမယ်၊ ဒါပေမယ့် ပညာရေးဆိုတော့ ကြိုးစားပြီးရှေ့ဆက်ဖို့၊ အတန်းကြီးသွားပေမယ့် ရွာကျောင်းလေးက ဆရာမတွေကို အဆက်အသွယ်မပြတ်ဘဲ လိုတဲ့အကူအညီတောင်းဖို့ အခုကတည်းက မှာနေရတယ်၊ ကျောင်းထွက်သွားမှာ၊ ခရီးမဆုံးမှာတော့ စိုးရိမ်မိတယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## သတင်းကြေညာချက်(၂၃-၁-၂၀၁၉)

၁။ ၂၀၁၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နည်းပညာတက္ကသိုလ်နှင့် ပြင်ပအင်ဂျင်နီယာကိုယ်စားလှယ်များပါဝင်ပြီး ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြုပြင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ရာ အခန်း (၃) အပိုဒ် (၅) အား ကောင်စီနာယကအဖွဲ့ကခေါ်ယူသော အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်ဟု ပြင်ဆင်ရန်နှင့် အခန်း (၁၃) အပိုဒ် (၃၇) အား နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရသူတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှုတာဝန်ခံမှုမပါဘဲဖြစ်စေ လုပ်ကိုင်ခြင်းမပြုရဟု ပြင်ဆင်ရန်ညှိနှိုင်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၈) ပုဒ်မ ၂၀၊ ၂၁၊ ၂၄၊ ၂၅ တို့တွင် နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် လမ်းကြောင်းများဖော်ပြပါရှိသော်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် မှတ်ပုံတင်အင်ဂျင်နီယာ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြင်ဆင်မှုပါရှိခဲ့ပြီး ဖော်ပြပါပြင်ဆင်မှုကြောင့် နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် လမ်းကြောင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ယူဆမှုများဖြစ်ပေါ်ခဲ့ပါသည်။

၃။ နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့်လမ်းကြောင်းအပေါ် သက်ရောက်မှုမရှိစေဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြုပြင်နိုင်မည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကိုယ်စားလှယ်အဖွဲ့က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တာဝန်ရှိပုဂ္ဂိုလ်များအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၄) ပုဒ်မ ၉ (စ) တွင် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များထုတ်ပေးရန် တာဝန်ပေးအပ်ထားသည်နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့များက ထုတ်ပေးထားသော အင်ဂျင်နီယာလိုင်စင်များအစား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များပြောင်းလဲအသုံးပြုရန် ပြည်နယ်နှင့်တိုင်းဒေသကြီးစည်ပင်သာယာအဖွဲ့များနှင့်ညှိနှိုင်းခဲ့ပြီး ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေအခန်း (၁၂) အပိုဒ် ၁၀၂၊ ၁၀၃၊ ၁၀၄ တို့တွင် ဖော်ပြပါရှိသော မှတ်ပုံတင်အင်ဂျင်နီယာနှင့်မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာတို့၏ လုပ်ပိုင်ခွင့်များကို အချိန်ကာလနှင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလိုအပ်ချက်များအရ ကာလစည်းကမ်းကန့်သတ်ချက်ဖြင့် တိုးချဲ့လုပ်ဆောင်ခွင့်ပြုရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက တာဝန်ခံဝန်ကြီးဌာနနှင့် ညှိနှိုင်းအတည်ပြုပြီးဖြစ်ပြီး သီးသန့်ကြေညာချက်ထုတ်ပြန်အသိပေးခွင့်ပြုသွားရန်ရှိပါသည်။

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၉) အပိုဒ် ၃၀ တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာကမှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်လျှောက်ထားလာလျှင် စည်းကမ်းချက်များသတ်မှတ်ပြီး မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်ဟု ဖော်ပြပါရှိသည်နှင့်အညီ နိုင်ငံခြားသားအင်ဂျင်နီယာများလာရောက်လျှောက်ထားရန် အမိန့်ကြော်ငြာစာ (၁/၂၀၁၇) ကို ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားအင်ဂျင်နီယာများသည် အာဆီယံအပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာစီမံချက်များနှင့် အခြားနှစ်နိုင်ငံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာစီမံချက်များအရ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို တာဝန်ယူတာဝန်ခံလုပ်ဆောင်ပိုင်ခွင့်မရှိဘဲ ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရသူ မြန်မာနိုင်ငံသားတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှုတာဝန်ခံမှုဖြင့်သာ လုပ်ကိုင်ခွင့်ရှိကြောင်းအသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ


စထာပါနာ လီမိတက်
SATHAPANA LIMITED

### ဒါရိုက်တာဘုတ်အဖွဲ့ဝင်ပြောင်းလဲခြင်းအတွက် အသိပေးကြေညာခြင်း

SATHAPANA Limited ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် (ကုမ္ပဏီနှင့် ၄င်း၏လုပ်ငန်းခွဲတို့နှင့်အတူ MARUHAN Investment Asia Pte.,Ltd) (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၅၂၀၁၀၉၅)၊ လိုင်စင်အမှတ် ၀၂၃၆/၂၀၁၆(အမြဲတမ်း)မှ ရှယ်ယာရှင်များအား ၂၈ရက် ဒီဇင်ဘာ ၂၀၁၈ ခုနှစ်မှစ၍ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်ပြောင်းလဲမှုများကို လေးစားစွာတင်ပြအပ်ပါသည်။

**အကြောင်းအရာ။** ။ (၁) Mr. Norihiko KATO ၏ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာရာထူးမှ နုတ်ထွက်ခြင်း။

Mr.Norihiko KATO သည် ဘုတ်အဖွဲ့နှင့်စာရင်းစစ်ကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ် (၂)နှစ်တာဝန်ထမ်းဆောင်ပြီး ၂၈ရက် ဒီဇင်ဘာ ၂၀၁၈မှစ၍ ကုမ္ပဏီ၏ဘုတ်အဖွဲ့မှ နုတ်ထွက်လိုက်ပါသည်။ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်များမှလည်း ကုမ္ပဏီ၏အောင်မြင်မှုအခန်းကဏ္ဍအတွက် အရေးပါသော ကြိုးစားလုပ်ဆောင်ခဲ့မှုများအတွက် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ Mr.Norihiko KATO သည် နောက်နောင်တွင် စထာပါနာလီမိတက်ကုမ္ပဏီနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ကြောင်း အသိပေးအပ်ပါသည်။

(၂) Mr.Vada KIM အား ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း။

Mr.Norihiko Kato ၏ဘုတ်အဖွဲ့ ဒါရိုက်တာရာထူးနှင့် စာရင်းစစ်ကော်မတီဝင်အဖြစ် ရာထူးမှနုတ်ထွက်ခြင်းကြောင့် Mr.Vada KIM အား လစ်လပ်နေသော ဘုတ်အဖွဲ့ဝင်ဒါရိုက်တာတာဝန်နှင့်အတူ စာရင်းစစ်ကော်မတီဝင်အဖြစ် ၂၈ရက် ဒီဇင်ဘာ ၂၀၁၈ မှစ၍ ခန့်အပ်လိုက်ပါသည်။

**SATHAPANA Limited**
**No.97/B, Kaba Aye Pagoda Road,**
**Bahan Township, Yangon.**


### အများသိစေရန်ကြေညာခြင်း

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ အကွက်အမှတ် (၆၀)၊ မြေကွက်အမှတ် (၃/၆၃)၊ ဧရိယာ ၀ဒသမ၀၃၄၈ဧက၊ ဦးအောင်စိုး အမည်ပေါက် မြေငှားဂရန်မိတ္တူပြန်လည်လျှောက်ထားပါမည်။ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ကော့သောင်းခရိုင် ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအောင်စိုး ၆/ကသန(နိုင်)၀၃၃၃၂၈**

### ဆွေမျိုးသားချင်းအဖြစ်မှသော်လည်းကောင်း၊ မြေးအဖြစ်မှသော်လည်းကောင်း မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးကိုကြီး ၅/ကလဝ(နိုင်)၀၀၁၅၂၃ - ဒေါ်ခင်ဌေး ၅/ကလဝ(နိုင်)၀၀၁၅၂၅တို့၏မြေး (ဒေါ်ခင်မမကြီး)၏သမီး ဒေါ်ခိုင်မွန် ၅/ကလဝ(နိုင်)၀၂၇၀၀၉သည် လွန်ခဲ့သော ၁၅နှစ်ခန့်မှစ၍ အိမ်ထောင်ကျကာ မိဘဆွေမျိုးသားချင်းများနှင့်ခွဲခွာခဲ့ပြီး မိဘဆွေမျိုးသားချင်းများ၏ပြောဆိုဆုံးမမှုအားမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင်ပြုလုပ်နေပါ၍ ၂၂-၁-၂၀၁၉ရက်မှစ၍ ဒေါ်ခိုင်မွန်အား ဆွေမျိုးသားချင်းဖြစ်မှသော်လည်းကောင်း၊ မြေးအဖြစ်မှသော်လည်းကောင်း အပြီးတိုင်စွန့်လွှတ်လိုက်ပါကြောင်း ၄င်းနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေး၊ အခြားမည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးကိုကြီး-ဒေါ်ခင်ဌေးတို့၏ ညွှန်ကြားချက်အရ-**
**ဦးမင်းမောင် LL.B, H.G.P**
**(Advocate) တရားလွှတ်တော်ရှေ့နေ**
**(စဥ-၇၀၇၁/၀၂)**
**(၂/၁၂)၊ ဗိုလ်ချုပ်လမ်း၊ ကလေးဝမြို့၊**
**ဖုန်း-၀၉-၄၀၁၆၇၆၉၀၀၊ ၀၉-၂၅၃၁၀၆၆၉၀**

### အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၆၉

ဦးဌေးဝင်း **နှင့်** ၁။ ဦးဝေလင်းထွန်း
၂။ ဒေါ်အိအိ

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ (၇) လမ်းနေ (၁) အယူခံတရားပြိုင် ဦးဝေလင်းထွန်းနှင့် (၂) အယူခံတရားပြိုင် ဒေါ်အိအိ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် လှည်းကူးမြို့နယ် တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၄ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ္စာတူတွင်းဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာနမှ ချမ်းအေးသာစံမြို့နယ်၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် စိတ်ဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | (၈၀'×၃၀') RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခြင်း | (၁)လုံး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၈-၁-၂၀၁၉ရက် ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားတွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၇-၂-၂၀၁၉ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။ သတ်မှတ်ထားသည့်ရက်ထက် ကျော်လွန်သောအဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များကို အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ဖုန်း-၀၂-၂၈၃၂၁၁၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## INGO PEOPLE IN NEED
## Invitation to Tender

The International NGO People in Need invites competent and reputable hygiene kits suppliers, wholesalers and distributors to present their tender offers for the following open framework tender. **Tender notice: MMRC000014-Rakhine-Hygiene Kits.**
Tender documentation with detailed instructions for tenderers and forms to be filled by the tenderers can be obtained upon request via email to **logistics.myanmar@peopleinneed.cz** before 5th February.
Tender offers together with the samples shall reach PIN no later than closing date and time: 11th February 2019, 11:00 am to PIN Office at 77 Hlaing Myint Mo (1) Street, Hlaing Township, Yangon.

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း (People In Need) မှ အရည်သွေးပြည့်မီ၍ နာမည်ကောင်းနှင့်ရပ်တည်နေသောတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း ဖြန့်ဖြူးရောင်းချသူများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါကြော်ငြာအမှတ် MMRC000014-Rakhine_Hygiene Kits တင်ဒါတင်သွင်းလိုသူများသည် လိုအပ်သော တင်ဒါစာရွက်စာတမ်းများနှင့်တကွ သတင်းအချက်အလက်များကို **logistics.myanmar@peopleinneed.cz** မေးလ်သို့ ဖေဖော်ဝါရီ ၅ရက်မတိုင်မီတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို နမူနာများနှင့်အတူတကွ PIN ရုံး အမှတ် ၇၇၊ လှိုင်မြင့်မိုရ် ၁လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁း၀၀နာရီနောက်ဆုံးထားပေးပို့ရပါမည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/7889 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ပါကြောင်း

မြစတား စပါယ်ရှယ် ဆေးပေါ့လိပ်အား မှတ်ပုံတင်သွင်းလိုပါ၍ ကန့်ကွက်လိုပါက ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးမြလွင်**
**၇/ပခန(နိုင်)၀၃၆၂၆၂**
**အမှတ် ၄၅၇၊ မွန်စံပြ ၃လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ပဲခူးမြို့**

### ဒေါ်ငြိမ်းငြိမ်းအောင် ၇/ကဝန(နိုင်)၀၈၅၅၉၃
### ရှေ့နေကြီး ဒေါ်သင်းအိအောင်နှင့် အများသိစေရန်ကြေညာခြင်း

၁၄-၁-၂၀၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၆)၊ကြော်ငြာ၊ ကော်လံ ၂/၃ ဖြင့် ကြော်ငြာခြင်းအပေါ် ပြန်ကြားကြေညာပါသည်။

ကြော်ငြာတွင်ပါအကြောင်းအရာများသည် အမှုသည်၏အလိုရှိရာဆန္ဒ၊ ပြောကြားအပ်နှံသမျှကိုသာ လက်ခံအလိုလိုက်ကြေညာခြင်းဟု လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ ယူဆောင်သွားသည်ဟုမြေ၊ ဆိုင်ခန်းများဆိုင်ရာ စာမှတ်စာတမ်း(မူရင်း)များကို ရည်ညွှန်း၍လည်းကောင်း၊ အကြောင်းမမှန်ဖော်ပြချက်များဖြင့် စွပ်စွဲချက်များသာ ဖြစ်ပါသည်။

ထို့အပြင် ဒေါ်သိန်းအုံအတွက် မိခင်/ယောက္ခမနေရာမှဖြစ်စေ၊ အသက်ရွယ်ကြီးသူအနေဖြင့်ဖြစ်စေ၊ စီးပွားရေးအရနှင့် လုပ်ငန်းအဆင့်အတန်းအရဖြစ်စေ၊ အရပ်ရပ်ဂုဏ်သတင်းသိက္ခာစော်ကားကျူးလွန်ခံရခြင်း ဖြစ်ပါသည်။ သို့အတွက် ဖြေရှင်းတောင်းပန်ရန်နှင့် ပျက်ကွက်ပြီးတိုးမြှင့်အမည်ဖျက် ဆက်လက်ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဟုလည်း နို့တစ်စာဖြင့် ပြန်ကြားအသိပေးပြီးဖြစ်ပါသည်။

အရဲစွန့်-စွန့်စားတရားစွဲဆိုလာပါက တုံ့ပြန်ရန်အသင့်ရှိကြောင်း ကာယကံရှင်တို့နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သိန်းအုံ**
**၉/တကန(နိုင်)၀၁၈၇၃၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်နုနုရီ)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၂၃၄ (၁၄-၃-၂၀၁၇)**
**လမ်း(၇၀×၃၀)ထောင့်၊ ရုံးကြီးတိုက်တန်း၊**
**အခန်း (W-4)၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၈၃၂၆၂၃၄၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် နေပြည်တော်အတွင်းဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁-၂၀၁၉ရက်မှ ၂၆-၂-၂၀၁၉ ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၈-၂-၂၀၁၉ရက် (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ နေပြည်တော်ကောင်စီဝင်းအတွင်း

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒက္ခိဏခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၂၂၁၉၉၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ပိုင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| အုပ်စု-(က) | မော်တော်ယာဉ်များ | (၄)စီး |
| အုပ်စု-(ခ) | Welding Electrode (ဝရိန်ချောင်း)များ | (၁၁.၈၆)တန် |
| အုပ်စု-(ဂ) | ဘက်ထရီအိုးအမျိုးမျိုး | ၇၃၁-လုံး |
| အုပ်စု-(ဃ) | ထရန်စဖော်မာနှင့် ထရန်စဖော်မာထုတ်လုပ်ရာတွင်အသုံးပြုသောဆက်စပ်ပစ္စည်းများ | |
| | - 100 KVA. 11/0.4 KV ထရန်စဖော်မာ | ၄-လုံး |
| | - 11/100KVA Core Assembly | 7-Nos |
| | - 11/100KVA Tank Assembly | 7-Nos |
| | - PVF Copper Wire နှင့် Enammel Copper Wire အမျိုးမျိုး | 3995.82 Kg |
| | - Cold Rolled Silicon Steel Strip | 13106.22 Kg |
| အုပ်စု-(င) | ရုံးသုံးပရိဘောဂအဟောင်းများ | ၁၃ မျိုး |

၂။ **တင်ဒါဆိုင်ရာအချက်အလက်များ**
**တင်ဒါအမှတ်** - ၀၀၁/၂၀၁၉ (MFW)
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁-၂၀၁၉ရက် (၀၉း၃၀)နာရီ
**တင်ဒါပိတ်ရက်** - ၈-၂-၂၀၁၉ရက်၊ ၀၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ် (၁)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်
**တင်ဒါပုံစံ (၁)စုံ ရောင်းဈေးနှုန်း** - ၂၀၀၀/-

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်- ဖုန်း-၀၉-၅၀၉၄၉၈၃၊ ၀၉-၅၀၂၅၈၂၈၊ ၀၉-၅၀၃၄၀၂၄၊ ၀၁-၈၆၀၅၆၁၅၊ ၀၉-၅၁၆၅၄၂၇

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၂၈

ဦးသိန်းဇော်(ခ)ပါသီပန် **နှင့်** ဦးမောင်မြင့်
**တရားလို** **တရားပြိုင်**

အမှတ် (၁၇၅/က)၊ လှိုင်သီတာလမ်း၊ (၁၃)ရပ်ကွက်၊ (အမှတ် ၂၇ ကျောင်းလမ်း) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဦးမောင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နစ်နာမှုလျော်ကြေးငွေကျပ်သိန်း ၁၀၀၀ရလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## SMVTI သက်မွေးပညာသင်တန်းကျောင်း
## SMVTI Vocational Training Institute
## သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။
(၂) သင်တန်းကာလ(၆)လကို ပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်ပြီး အောင်မြင်ပါက သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate)ရရှိပါမည်။
(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့သင်ကြားပို့ချပေးပါမည်။
(၄) Engineering & Technology နှင့် Hospitality & Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင် ကျွမ်းကျင်သောသင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။
(၅) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းသူဖြစ်ပြီး လက်တွေ့လုပ်ငန်းများ၊ စက်ရုံ၊ ကုမ္ပဏီ၊ ဟိုတယ်များသို့ ကွင်းဆင်းဆောင်ရွက်ရန်နှင့် ကျောင်းပြီးပါက လုပ်ငန်းခွင်သို့ဝင်နိုင်မည့် သင်တန်းသား/သူများကို ဦးစားပေးပါမည်။
(၆) လျှောက်ထားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မိတ္တူ၊အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။
(၇) လျှောက်ထားသည့်အချိန်တွင် စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်း မူရင်းတို့အား (တိုက်ဆိုင်စစ်ဆေးရန်အတွက်) တစ်ပါတည်းတင်ပြနိုင်ရမည်။ မှတ်ပုံတင်မရှိပါက (၃)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။
(၈) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။
(၉) Hospitality & Tourism ဘာသာရပ်လျှောက်ထားသူများ ပတ်(စ်)ပို့ ဓာတ်ပုံ(၁)ပုံ ယူလာရပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

Courses for Hospitality & Tpurism
1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

Courses for Engineering & Technology
1. Electrical Technology
2. Electronic
3. Residential Air-Conditioning
4. Building Fxtures & Equipment
5. Mechatronics (Basic Servicing)
6. General Welding

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၉ မေ ၆ရက်
**သင်တန်းနေရာ** - SMVTI သက်မွေးပညာသင်တန်းကျောင်း၊ အမှတ် (၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
**ဆက်သွယ်စုံစမ်းရန်ဖုန်း** - ၀၉-၇၈၁၀၀၂၅၇၂ (General Office)

[လျှောက်ထားခြင်းကို ၄-၂-၂၀၁၉ရက်မှ ၁၅-၂-၂၀၁၉ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း လျှောက်ထားနိုင်ပါသည်။] မှတ်ချက်။ ။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းထိုက် ၈/တတက(နိုင်)၁၄၂၆၆၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၆၅၀၇၁၃၃**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၁၁၃၄၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပို ၇/ဖမန(နိုင်) ၁၆၁၇၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1I/2285 ယာဉ်လက်ဝယ်ရှိသူ ဦးလူအောင် ၈/မဘန(နိုင်)၀၇၄၈၃၇က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မကွေး)**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၄) တတိယတန်း (A)မှ မောင်ဇင်မိုးယံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်လွင် ၇/တငန(နိုင်)၁၁၄၃၁၇ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်လွင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်မြို့နယ်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၈၆

ဦးပါရ်ဆုရမ်း **နှင့်** ၁။ ဦးသန်းရင်
၂။ ဒေါ်ခင်မြတ်ဆွေ
**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ခ.ဆ.ရ (၁)နေ (၁) တရားပြိုင် ဦးသန်းရင် SGG-128590 (ဘ-ဦးအောင်ညွန့်)နှင့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀)၊ ချယ်ရီလမ်းနှင့် သီဂီလမ်းထောင့်၊ အမှတ် (ဈ/၁)နေ (၂) တရားပြိုင် ဒေါ်ခင်မြတ်ဆွေ (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးပါရ်ဆုရမ်းက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**



မြင်ရှာဖွေရေး တွင်းအမှတ် (၁) ကို တွေ့ရစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြိုင်ရေနံရှာဖွေရေးအစမ်းတွင်း အမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇန်နဝါရီ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ရှိ ချောက်ရေနံမြေ စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောကဏ္ဍမှ ပါဝင်သောကြောင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ယခုထက် ပိုမိုတိုးမြှင့်ရှာဖွေ တူးဖော်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်မရှိရေး၊ အထူးဂရုပြုဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်း၌ ရှိပြီးဖြစ်သော Standard Operation Procedure (SOP) နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း တွင်းတူးစက် ZJ 70L SR-1 ဖြင့် တူးဖော်မည့် မြိုင်ရှာဖွေရေးတွင်းအမှတ်(၁) ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တွင်းတူးဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရေနံစိမ်းသိုလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြိုင်ရှာဖွေရေး တွင်းအမှတ်(၁)ကို စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရေနံတွင်းတူးစက် ဝန်ထမ်းများကို သစ်သီးခြင်းများ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်**

အဆိုပါ မြိုင်ရှာဖွေရေးတွင်း အမှတ်(၁) တူးဖော်နိုင်ရေးအတွက် ယခင်တိုင်းတာခဲ့သော အချက်အလက်များအားအခြေခံ၍ မြေပေါ်ဘူမိဗေဒကွင်းဆင်းခြင်းလုပ်ငန်းများနှင့် ဘူမိရူပတိုင်းတာခြင်းလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီး လေ့လာသုံးသပ်ချက်များအရ သဘာဝဓာတ်ငွေ့ ခိုအောင်းတည်ရှိနိုင်သော သဲကြောများအား

စာမျက်နှာ ၈ ကော်လံ ၁ ✤

## ရတနာပုံအသင်း လက်ရှိချန်ပီယံ ရန်ကုန်ကို အနိုင်ယူ

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ကျင်းပရာ ရတနာပုံနှင့် ဟံသာဝတီအသင်း နိုင်ပွဲရရှိခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံသည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်သည် အဝေးကွင်း၌ ပထမဆုံးကစားသည့်ပွဲတွင် ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။ သို့သော် ထိပ်ဆုံးနေရာ ရယူနိုင်မည့်အသင်းများ နိုင်ပွဲပျောက်ဆုံး ခဲ့၍ ရန်ကုန်မှာ ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ရတနာပုံတို့ နိုင်ပွဲရယူနိုင်ရန် ကစားသမားအများစုမှာ ပုံစံကောင်းပြနိုင်ခဲ့သည်။ ရန်ကုန်မှာမူ ခံစစ်ကစားသမားများဖြစ်သည့် မိုကာလူးနှင့် သိန်းဇော်တို့ ဒဏ်ရာရနေ၍ မင်းကိုသူနှင့် ပြည့်ဖြိုးဇော်တို့အတွဲကို အသုံးပြုခဲ့ပြီး ယခုပွဲတွင် လိုအပ်ချက်များ ရှိနေခဲ့သည်။ ယာမာဇာကီပြန်ပါလာ၍ ကွင်းလယ်ကစားပုံ ပြန်ကောင်းလာသော်လည်း လိုအပ်နေသည့်နိုင်ပွဲကိုမူ ရယူနိုင်ခြင်း မရှိခဲ့ပေ။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၅ မိနစ်တွင် ဝင်းနိုင်စိုးက ရတနာပုံအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက် ရန်ကုန်က

စာမျက်နှာ ၁၂ ကော်လံ ၅ ◆

## “သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့” ပွဲတော် တတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့” ပွဲတော် တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျိုက္ကဆံအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ကချင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးခက်ထိန်နန်က “သွေးချင်းတို့ရဲ့ ပွဲတော်”ကို မြန်မာနိုင်ငံသမိုင်းမှာ ပထမဦးဆုံးကျင်းပတာဖြစ်တဲ့အတွက် အခက်အခဲတွေရှိပေမယ့် ပြည်ထောင်စုအစိုးရ၊ ရန်ကုန်

စာမျက်နှာ ၉ ကော်လံ ၁ ❍



“သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့” ပွဲတော်တွင် တိုင်းရင်းသားပေါင်းစုံ၏ မနောအက စုပေါင်းကပြမှုကို တွေ့ရစဉ်။ သတင်းစဉ်

● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ဝန်းချို၊ တွန်ဖျူတာ၊ Kids invent သော Extracurricular Activities များပါဝင်သည်၊
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်၊ (ကျောင်းကားရှိသည်၊)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်၊
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 5157988
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။